ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်၊ ကြာသပတေးနေ့၊ (22-4-2004) (၄၂၁၁)

ယနေ့ထုတ်စောင်ရေ ၁၉၇၇၈၁

တပေါ စ
တော် မင်္ဂလ မုတ္တမ်။

ခြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

ရန်ကုန် ဧပြီ ၂၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Li Jinjun အား ယနေ့ညနေ ၄နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Li Jinjun အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ် (အပေါ်ပုံ) **နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Li Jinjun အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံနှုတ်ဆက်စဉ်။** (ယာပုံ) (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၂-၄-၂၀၀၄
(ကြာသပတေးနေ့)

မြန်မာ့အားကစားတိုးတက်မြင့်မားရေး အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမိနိုင်ငံတော်ကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းတည်ဆောက်လျက်ရှိရာ ဘက်စုံ၊ ကဏ္ဍစုံတွင် တစ်မျိုးသားလုံး၏ စွမ်းအားဖြင့် ပါဝင်ဆောင်ရွက်နိုင်ရေး အစီအမံများ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်က တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံသူ၊ နိုင်ငံသားများအားလုံး ကျန်းမာကြံ့ခိုင်မှု ပြည့်စုံရှိမှုမက မြန်မာ့အားကစားကဏ္ဍ တိုးတက်မြင့်မားလာရေးအတွက် အဘက်ဘက်က အားပေးဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်အစိုးရက မြန်မာ့အားကစား ကမ္ဘာကိုလွှမ်းစေရမည်ဟူသည့် မွန်မြတ်မြင့်မားသော ရည်မှန်းချက်ထားရှိပြီး အားကစားကဏ္ဍတိုးတက်မြင့်မားရေးအတွက် ဦးဆောင်ပံ့ပိုးအားပေးကူညီလျက်ရှိသည်။ နိုင်ငံတော်အစိုးရ၏ အားပေးမှုနှင့်အတူ ပုဂ္ဂလိကအပိုင်းကဏ္ဍကလည်း အားကစားသမားများအတွက် လစဉ်ထောက်ပံ့ကြေး၊ စားစရိတ်၊ ဝတ်စုံစရိတ်နှင့်အားကစားပစ္စည်းများကို မကြုံစဖူး ထူးထူးကဲကဲ ထောက်ပံ့အားပေးလျက်ရှိသည်ကိုတွေ့ရသည်။ ထို့အတူ နည်းပြဆရာများနှင့် အုပ်ချုပ်သူများကိုပါ လစဉ်ထောက်ပံ့ကြေးနှင့် စားစရိတ်များ ထောက်ပံ့ပေးလျက်ရှိသည်။

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီအစည်းအဝေး(၁/၂၀၀၄)ကို ဧပြီလ ၂၀ ရက်နေ့က ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ) ပတ္တမြားခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ မြန်မာ့အားကစားတိုးတက်မြင့်မားရေးနှင့် စပ်လျဉ်းပြီး အမှာစကားပြောကြားခဲ့သည်။

မြန်မာနိုင်ငံ အမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် **မြန်မာ့အားကစား တိုးတက်မြင့်မားရေးအတွက် တာဝန်ရှိသူများအားလုံးက ညီညီညွတ်ညွတ် တက်တက်ကြွကြွ အားပေးဆောင်ရွက်ကြရန် လိုအပ်သကဲ့သို့ အားကစားမောင်မယ်များအပိုင်းကလည်း နိုင်ငံတကာပြိုင်ပွဲများတွင် အောင်ပန်းဆွတ်ခူးနိုင်ရေးအတွက် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ဖြစ်လာစေရအောင် အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်ကြရန်** မှာကြားခဲ့သည်။

ယနေ့ အချိန်အခါတွင် နိုင်ငံတော်အစိုးရနှင့် ပြည်သူများက အားကစားကဏ္ဍအလိုက် အောင်မြင်မှုများ ရရှိစေရေးအတွက် အဘက်ဘက်က ပံ့ပိုးထောက်ပံ့ပေးလျက်ရှိရာ အားကစားသမားများအပိုင်းက အောင်မြင်တိုးတက်မှုများ ထိုက်ထိုက်တန်တန်ရရှိရေးအတွက် ဆက်လက်ကြိုးစားကြရဦးမည်ဖြစ်သည်။

အထူးသဖြင့် အမျိုးသားအားကစားနည်းဖြစ်သည့် ဘောလုံးအားကစားအောင်မြင်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးစားကြရန် လိုအပ်သည်။ မကြာသေးမီက ပြီးစီးခဲ့သည့် ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာနှင့် ထိုင်း ငါးနိုင်ငံပါဝင်သည့် ဘင်းစတက် အသက်(၁၈)နှစ်အောက် ဘောလုံးပြိုင်ပွဲတွင် မြန်မာဘောလုံးအသင်း ရွှေတံဆိပ်ဆု ရရှိခဲ့သည်မှာ ဂုဏ်ယူဖွယ်ရာဖြစ်သည်။

မြန်မာအားကစားသမားများအနေဖြင့် ယင်းသို့ ရရှိခဲ့သည့် အောင်မြင်မှုမျိုးကို ရေရှည်တည်တံ့စေရန် ထိန်းသိမ်းထားနိုင်ရေး၊ အရှေ့တောင်အာရှနှင့် အာရှဘောလုံးပြိုင်ပွဲများတွင် အောင်မြင်မှုများ ဆက်တိုက်ရရှိစေရေးတို့အတွက်လည်း ဆက်လက်မြှင့်တင်ကြိုးစားသွားကြရမည်ဖြစ်သည်။

မြန်မာအားကစားသမားများ ပြည်ပနိုင်ငံများသို့ သွားရောက်ယှဉ်ပြိုင်ကြသည့်အခါတွင် လိုအပ်သည့်ထောက်ပံ့မှုများ ပေးလျက်ရှိရာ ၂၀၀၀ ပြည့်နှစ်မှ ယနေ့အထိ မြန်မာနိုင်ငံ အိုလံပစ်ကောင်စီ အလှူငွေတစ်ခုတည်းမှပင် ဘောလုံးအားကစားမြင့်မားရေးအတွက် ငွေကျပ်သိန်းပေါင်းသုံးထောင်ကျော် သုံးစွဲအားပေးခဲ့ကြောင်း သိရသည်။

သို့ဖြစ်ရာ မြန်မာ့အားကစား တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးက လှိုက်လှိုက်လှဲလှဲ အားပေးကူညီဖြည့်ဆည်းပေးမှုများနှင့်အညီ တာဝန်ရှိသူများ၊ အားကစားမောင်မယ်များအားလုံးက နိုင်ငံတကာပြိုင်ပွဲများတွင် အောင်ပန်းဆွတ်ခူးနိုင်ရေး မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဆဋ္ဌမအကြိမ် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အခြေခံပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၂၁

သာသနာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ညှိနှိုင်းပေါင်းစပ်ဖွင့်လှစ်သည့် နယ်စပ်နှင့် တောင်တန်းဒေသများ၌ သာသနာပြုလုပ်ငန်းတာဝန်များကို လက်တွေ့ ကွင်းဆင်းဆောင်ရွက်ကြမည့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)မှ စတုတ္ထနှစ် သင်တန်းသား ရဟန်းတော်များ၏ ဆဋ္ဌမအကြိမ် တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုအခြေခံပညာပေး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)ဘွဲ့နှင်းမဏ္ဍာရုံ၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဂုဏောသန အမှူးပြုသော ဆရာတော်များနှင့် သင်တန်းသား ရဟန်းတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ သာသနာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေး ဝန်ကြီးဌာနတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ငါးပါးသီလခံယူ

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဂုဏောသနထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော် သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော မေတ္တသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

လျှောက်ထား

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေး ဆိုင်ရာများကို လျှောက်ထားရာတွင် ကျန်းမာရေးသည် လာဘ်တစ်ပါးဟူသော ဘုရားဟောဒေသနာတော်သည် အမှန်တကယ် မကျန်းမမာဖြစ်သောအခါတွင် ပိုမိုထင်ရှားသိသာပါကြောင်း၊ ကျန်းမာရေးကောင်းမွန်ပြီး အနာရောဂါ ကင်းရှင်းခြင်းသည် လောကီ နယ်ပယ်တွင် သာမက လောကုတ္တရာနယ်ပယ်မှာပါ များစွာ အရေးကြီးသည်မှာ သိသာထင်ရှားပါကြောင်း၊ ကျန်းမာရေးသည် လောကသားအားလုံးအတွက် လွန်စွာအရေးကြီးသဖြင့် ယနေ့ နိုင်ငံတော်အကြီးအကဲက ကျန်းမာရေးနှင့်ပတ်သက်၍ ဘက်စုံထောင့်စုံက တိုးတက်ပြည့်စုံအောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်ကို ဆရာတော်များ အသိပင် ဖြစ်ပါကြောင်း။

ယနေ့ခေတ်အခါတွင် အနောက်တိုင်း ဆေးပညာများနည်းတူ အရှေ့တိုင်း ဆေးပညာခေါ် တိုင်းရင်းဆေးပညာသည် ဒေသအလိုက် အထူးပင် ကျော်ကြားလျက်ရှိပါကြောင်း၊ သင်တန်းတွင် သင်တန်းသား ရဟန်းတော်များအတွက် အလွန်ကျေးဇူးများမည့် တိုင်းရင်းဆေးပညာ အခြေခံသဘောတရား၊ ရာသီဥတုနှင့် ရာသီအလိုက် ဖြစ်တတ်သည့်ရောဂါများ၊ ဒေသပေါက် ဆေးဖက်ဝင် အပင်များအကြောင်း၊ တိုင်းရင်းဆေးသုံးစွဲနည်းများ စသည့် အခြေခံ တိုင်းရင်းဆေးပညာဘာသာရပ်များကို ပို့ချသင်ကြားပေးသွားမည်ဖြစ်ရာ ရရှိသမျှ အချိန်ကာလအတွင်း ကြိုးစားသင်ယူကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် လျှောက်ထားသည်။

သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် သာသနာတော်ထွန်းကား ပြန့်ပွားရေး ဦးစီးဌာန နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) ဘွဲ့နှင်းမဏ္ဍာရုံ၌ကျင်းပသော ဆဋ္ဌမအကြိမ် တိုင်းရင်းဆေးဖြင့် ကျန်းမာရေး စောင့်ရှောက်မှု အခြေခံပညာပေး သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဂုဏောသန အမှူးပြုသော ဆရာတော်များအား ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်တို့က လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသထံမှ အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မိုးကုတ်တရားစခန်း ပန်းတနော်မြို့၌ ဖွင့်

ရန်ကုန် ဧပြီ ၂၁

ပန်းတနော်မြို့ သာသနဟိတာရာမ ပုခန်းကျောင်းတိုက်အတွင်းရှိ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ်(၁၅၉)၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော သင်္ကြန်တွင်း အထူးတရားစခန်းဖွင့်ပွဲကို တန်ခူးလပြည့်ကျော် ၇ ရက်၊ (ဧပြီ ၁၁ ရက်) ည ၇နာရီက ကျင်းပသည်။

အခမ်းအနားတွင် သာသနဟိတာရာမ ပုခန်းကျောင်းတိုက်ကြီး၏ ပဓာနနာယက၊ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တပညာသာမိက ဩဝါဒကထာမိန့်ကြားပြီး ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် တရားစခန်းနှင့်လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်မှ ဆရာတော် ဦးကောဝိဒ(ပန်းတနော်)နှင့် အရှင်ကေသဝ(ပျော်ဘွယ်)တို့က တရားဟောကြားပြသကြသည်။

တရားစခန်းသို့ ပန်းတနော်မြို့ပေါ်နှင့် မြို့နယ်အတွင်းမှ ဒုလ္လဘရဟန်းအပါး၁၀၀နှင့် ရဟန်း၊ သာမဏေ၊ သီလရှင်၊ ယောဂီ စုစုပေါင်း ၃၅၀တို့ တရားစခန်းဝင်ကြပြီး အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲနှင့် ဖျော်ရည်များအတွက် စေတနာရှင်များက ငွေကျပ် ၁၃၂၀၀၀၀ ကို လှူဒါန်းကြသည်ဟု သိရသည်။ (က-ပ)

ထပ်မံသတင်းရရှိ

ရန်ကုန် ဧပြီ ၂၁

ဧပြီ ၂၀ရက်ထုတ် သတင်းစာများတွင် ပါရှိသည့်“ပါရမီ ရထားလမ်း ခုံးကျော်တံတား စတင်တည်ဆောက်ယာဉ်လမ်းကြောင်းများ ပြောင်းလဲပြေးဆွဲပေးမည်” သတင်းတွင် မထသ(၄၃)ယာဉ်ကြီး (အစိမ်း) ယာဉ်လိုင်းကို **“မြောက်ဥက္ကလာပ တံတားအောက်မှ ဝေဇယန္တာလမ်းနှင့် ပါရမီလမ်းဆုံမီးပွိုင့်မှ တစ်ဆင့် မူလလမ်းကြောင်းအတိုင်း အသွား၊ အပြန် ပြေးဆွဲမည်”** ဖြစ်ကြောင်း ထပ်မံသတင်းရရှိသည်။(သတင်းစဉ်)

ပြည်တွင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၁

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ကြီးမှူး၍ Jade Land Myanmar Co., Ltd က အဓိကပံ့ပိုးမည့် ၂၀၀၄ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယပွဲစဉ် Myint Kyina Open ဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၆ရက်မှ ၉ရက်အထိ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ Northern Star ဂေါက်ကလပ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် Professional Golfers ပြိုင်ပွဲနှင့် အမျိုးသား အပျော်တမ်းပြိုင်ပွဲဟူ၍ နှစ်မျိုးကျင်းပမည်ဖြစ်ရာ အမျိုးသားအပျော်တမ်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစား သမားများသည် သတ်မှတ်ရိုက်ချက်(၀-၁၂) ရှိသူများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး အသက်(၁၈)နှစ် မပြည့်သေးသောလူငယ်များ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။

Myint Kyina Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက် အားကစားသမားများသည် မေ ၄ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ မြစ်ကြီးနား Northern Star ဂေါက်ကလပ် ဖုန်း-၀၇၄-၂၂၉၀၀နှင့် Han Event Management ဖုန်း-၇၂၃၂၂၁၊ ၅၄၂၉၈၉ တို့သို့အမည်စာရင်းများ ပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲနှင့်ပတ်သက်၍လည်း စုံစမ်းနိုင်သည်။

(သတင်းစဉ်)

အီရတ်၏ ဆိုးရွားသည့် လုံခြုံရေးအခြေအနေကြောင့် ကူးသန်းရောင်းဝယ်ရေးကွန်ရက် ရပ်ဆိုင်းနေဟု ပြောကြား

ဘဂ္ဂဒက် ဧပြီ ၂၀

အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်နိုင်ငံ၏ အဓိကလမ်းမကြီးများအား ပိတ်ဆို့နေမှုနှင့် တစ်စတစ်စဆိုးရွားနေသည့် အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေကြောင့် အီရတ်နိုင်ငံ၏ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ပို့ဆောင်ရေးကွန်ရက်သည် လက်တွေ့အားဖြင့် ရပ်ဆိုင်းနေပြီဖြစ်ကြောင်းဖြင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များနှင့် ကုန်သည်များက တနင်္လာနေ့တွင် ပြောကြားသည်။



ဧပြီ ၂၀ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် လမ်းသွားလမ်းလာ သားအဖနှစ်ဦးကို အမေရိကန်တပ်ဖွဲ့ဝင်များက ရှာဖွေစစ်ဆေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ၏ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများ သိသိသာသာ ကျဆင်းသွားသည်။ အီရတ်စစ်ပွဲလွန်ခေတ်တွင် လုယက်မှုနှင့် စီးပွားရေးအရ ၁၃ နှစ်ကြာ အရေးယူကန့်သတ်ခဲ့မှုတို့ကြောင့် အီရတ်နိုင်ငံသည် သွင်းကုန်များအပေါ် မှီခိုနေခဲ့ရသည်။ သို့ရာတွင် စက်မှုအခြေခံထုတ်လုပ်ရန် စခန်းများအား ဖျက်ပစ်ခဲ့သည်။

အထီးကျန်ဖြစ်နေ

ဘဂ္ဂဒက်မြို့တော်သည် အထီးကျန်ဖြစ်နေကြောင်း ဂီဇိုင်ရီ ပို့ဆောင်ရေးအမှုဆောင်မန်နေဂျာဖြစ်သူ အယ်လ်အက်ဇာဝီက ပြောကြားသည်။

ဖွင့်လှစ်ထား

ဂျော်ဒန်နှင့် ဆီးရီးယားသွားရာ လမ်းများတွင် ကုန်တင်ကားသွားလာမှုအများအားဖြင့် ရပ်ဆိုင်းနေကြောင်း၊ ဘဂ္ဂဒက်တောင်ပိုင်းဒေသမှ ဘဂ္ဂဒက်မြို့သို့သွားရာ လမ်းပေါ်မှ တံတားတစ်စင်းသာလျှင် ဖွင့်လှစ်ထားသည်။ သို့ရာတွင် ၎င်းတံတားသည် မကြာမီရက်အတွင်း ဖျက်ဆီးခံရမှုနှင့် အီရတ်စစ်ပွဲကြောင့် ပျက်စီးမှုတို့ကြောင့် ခိုင်မာတောင့်တင်းမှု မရှိလှပေ။ ဂျော်ဒန်၊ ဆီးရီးယားနှင့် လက်ဘနွန်နိုင်ငံများသို့ ဦးတည်သွားလမ်းကြောင်းသည် အီရတ်နိုင်ငံ၏ ကုန်စည်ပို့ဆောင်မှုတစ်ခုလုံး၏ ၇၀ ရာခိုင်နှုန်းသာ ခန့်မှန်းခြေအားဖြင့် ရှိတော့သည်။

ကြုံတွေ့နေရ

ကုန်တင်ထရပ်ကားအချို့က အဆိုပါ တံတားပေါ်မှဖြတ်ရန် ကြိုးပမ်းကြသည်။ သို့ရာတွင် ခုခံတိုက်ခိုက်ရေးသမားများက အမေရိကန်စစ်ဘက်အတွက် ကုန်ပစ္စည်းများ ဖြည့်ဆည်းပေးနေသည်ဟု သံသယဖြစ်ပြီး ရပ်ခိုင်းသည့်ပြဿနာနှင့် ကြုံတွေ့နေရကြောင်းဖြင့် အက်ဇာဝီက ပြောကြားသည်။

ပြတ်တောက်

အီရတ်အရပ်သားခရီးသည်ပို့ဆောင်ရေးလုပ်ငန်းမှာလည်း ခုခံတိုက်ခိုက်မှုကြောင့် ပြတ်တောက်လျက်ရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်မှ ဟွန်ဒူးရပ်(စ်)တပ်ဖွဲ့ဝင်များ ရုပ်သိမ်းမည်

တီဂူစီဂယ်ပါ ဧပြီ ၂၀

အီရတ်နိုင်ငံတွင် တိုက်ခိုက်မှုများ တိုးမြင့်ပေါ်ပေါက်ခဲ့မှုနှင့် စပိန်နိုင်ငံက ၎င်း၏တပ်ဖွဲ့ဝင်များအား အီရတ်နိုင်ငံမှ ပြန်လည်ရုပ်သိမ်းရန် ဆုံးဖြတ်ခဲ့မှုတို့ကြောင့် ဟွန်ဒူးရပ်(စ်)နိုင်ငံကလည်း ၎င်း၏တပ်ဖွဲ့ဝင် ၃၇၀ ကို အီရတ်နိုင်ငံမှ ပြန်လည်ရုပ်သိမ်းရန် စဉ်းစားလျက်ရှိကြောင်း အစိုးရက တနင်္လာနေ့တွင် ပြောကြားသည်။

ဟွန်ဒူးရပ်(စ်)အစိုးရက ရေတိုကာလတွင် သင့်တင့်လျောက်ပတ်သည့် အစီအစဉ်များ ချမှတ်ရန် ရည်ရွယ်ချက်ဖြင့် ဖော်ပြပါကိစ္စအား အသေးစိတ် အလျင်အမြန် ပြန်လည်သုံးသပ်ရန် အမိန့်ထုတ်ပြန်ထားကြောင်း နိုင်ငံခြားရေးဝန်ကြီးရုံးဆာဘော်တစ်စတာက သတင်းထောက်များအား ပြောကြားသည်။

ဟွန်ဒူးရပ်(စ်)နိုင်ငံမှ တပ်ဖွဲ့ဝင်များကို ငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်များအဖြစ် လွှန်ခဲ့သည့် နွေရာသီက စေလွှတ်ခဲ့ခြင်းဖြစ်သည်။ အီရတ်နိုင်ငံ၏ မကြာခင်က ဆက်တိုက်ဖြစ်ပွားခဲ့သည့် ခုခံတိုက်ခိုက်မှုများကြောင့် ဟွန်ဒူးရပ်(စ်)တပ်ဖွဲ့ဝင်များ၏ လုံခြုံရေးအပေါ် စိတ်ပူပန်မှုရှိကြောင်း အောက်လွှတ်တော် အမတ်များက ထုတ်ဖော် ပြောကြားခဲ့ကြသည်။

ဌာနေသို့ပြန်မည်

အီရတ်နိုင်ငံ အလယ်ပိုင်းဒေသတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းနှင့်ဆေးဘက်ဆိုင်ရာ ဖြည့်ဆည်းပေးမှုများ ဆောင်ရွက်လျက်ရှိသည့် အဆိုပါ တပ်ဖွဲ့ဝင်များသည် ၎င်းတို့၏တာဝန် ဇူလိုင်လတွင် ကုန်ဆုံးသွားပါက ၎င်းတို့ဌာနေနိုင်ငံသို့ ပြန်လည်သွားရောက်တော့မည်ဖြစ်သည်။

အီရတ်နိုင်ငံမှ စပိန်တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန် စီစဉ်မှုက မိမိတို့တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန်အတွက် လွန်ခဲ့သည့် ရက်သတ္တပတ်ရက်အားက ဆုံးဖြတ်ချက်သည် အကြောင်းရင်းခံပြဿနာဖြစ်ကြောင်း ဘော်တစ်စတာက ပြောကြားသည်။

စပိန်နိုင်ငံက ၎င်း၏ တပ်ဖွဲ့ဝင်များ ရုပ်သိမ်းနေချိန်တွင် ဟွန်ဒူးရပ်(စ်) တပ်ဖွဲ့ဝင်များအား အဘယ်ကြောင့် အီရတ်နိုင်ငံတွင် ဆက်လက်နေထိုင်သနည်းဟူသည့် မေးခွန်းများကို ဟွန်ဒူးရပ်(စ်) ပြည်သူတို့က မေးမြန်းလျက်ရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဘဂ္ဂဒက်ရှိ ဆွီဒင်သံရုံးကို ဒုံးကျည်ထိမှန်

ဘဂ္ဂဒက် ဧပြီ ၂၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်ရှိ ဆွီဒင်နိုင်ငံသံရုံးကို တနင်္လာနေ့က ဒုံးကျည်တစ်စင်း လာရောက်ထိမှန်ကြောင်း မျက်မြင်တွေ့ရှိသူများနှင့် သတင်းပေးပို့ချက်များအရ သိရသည်။

သံရုံးဝင်း အတွင်းရှိ သစ်သားအဆောက်အအုံမှာ ပျက်စီးသွားကြောင်း သိရပြီး ပင်မအဆောက်အအုံမှာမူ အကောင်းအတိုင်း ရှိနေသည်ကို တွေ့ကြရသည်ဟု မျက်မြင်တွေ့ကြရသူများက ပြောကြားကြသည်။

ဆွီဒင်သံရုံးမှာ ၁၉၉၁ ခုနှစ်ကတည်းက ပိတ်ထားခဲ့ခြင်းဖြစ်သည်။ ယခုအခါ ထိုအဆောက်အအုံတွင် အီရတ်အစောင့်တစ်ဦးသာ တာဝန်ထမ်းဆောင်လျက်ရှိကြောင်း ဗြိတိန်အခြေစိုက် စကိုင်းရုပ်မြင်သံကြားသတင်းတွင် ထုတ်လွှင့်ပြသသွားသည်။

ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး နောက်ပိုင်းတွင် အမေရိကန် တပ်ဖွဲ့များနှင့် အီရတ်ရဲများက အခင်းဖြစ်ပွားရာ သံရုံးဝန်းကျင်ကို ပိတ်ဆို့ထားလိုက်ကြကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

ဆွီဒင်သံရုံး အဆောက်အအုံအနီးတွင် အီရတ်နိုင်ငံ စိုက်ပျိုးရေးဝန်ကြီးရုံး တည်ရှိသည်။ ယခုတိုက်ခိုက်မှုသည် မည်သည့်အဆောက်အအုံကို ရည်ရွယ်တိုက်ခိုက်ခြင်းဖြစ်သည်ကို ကွဲပြားစွာ မသိဟု ဆိုသည်။ ပြောက်ကျား တိုက်ခိုက်ရေးသမားများသည် အီရတ်ရုံးများ၊ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များရှိရာသို့ ပုံမှန်လိုလို ဒုံးကျည်များ၊ စိန်ပြောင်းများနှင့် ပစ်ခတ်တိုက်ခိုက်လေ့ရှိသည်။

ဆွီဒင်နိုင်ငံသည် အမေရိကန်ဦးဆောင်သော အီရတ်စစ်ပွဲကို ဆန့်ကျင်သောနိုင်ငံ ဖြစ်သည့်အပြင် အီရတ်သို့ တပ်ဖွဲ့များလည်း စေလွှတ်ထားခြင်းမရှိကြောင်း သိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာဏာချောမွေ့စွာ အပ်နှင်းရေး ပြင်သစ် လိုလား

မော်စကို ဧပြီ ၂၀

ကုလသမဂ္ဂ ဆုံးဖြတ်ချက်နှစ်ရပ် အပါအဝင် အမေရိကန်ဦးဆောင်သည့် အီရတ်နိုင်ငံ သိမ်းပိုက်ရေး အပေါင်းပါတပ်ဖွဲ့များက အီရတ်နိုင်ငံရှိ ပြည်တွင်းအာဏာပိုင်များထံသို့ အာဏာချောမွေ့စွာ အပ်နှင်းရေးကို ပြင်သစ်နိုင်ငံက မြင်တွေ့ရန် လိုလားသည့် အစီအစဉ်များကို ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး မိုက်ကယ်ဘာနီယာက တနင်္လာနေ့တွင် ပြောကြားသည်။

ပြင်သစ်နိုင်ငံ၏ထောက်ခံမှုရရှိစေရန် အာမခံချက် ရရေးအတွက် ဆုံးဖြတ်ချက်များတွင် လိုအပ်လျက်ရှိသည့် အချို့သော အသေးစိတ်အချက်အလက်များကို ဘာနီယာက ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့နှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ပြောကြားလိုက်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဓာတ်အားပေးစက်ရုံများ ဗီယက်နမ် တိုးချဲ့တည်ဆောက်ရန် စီစဉ်

ဟနွိုင် ဧပြီ ၂၀

နိုင်ငံတွင် လိုအပ်လာမည့် စွမ်းအင်အခြေအနေကို ဖြည့်ဆည်းနိုင်ရန် ဗီယက်နမ်နိုင်ငံ စက်မှုဝန်ကြီးဌာနသည် ၂၀၀၂-၂၀၁၀ပြည့်နှစ် စွမ်းအင်ဖွံ့ဖြိုးရေး အစီအစဉ်အရ ဓာတ်အားပေးစက်ရုံအသစ်ခုနစ်ရုံကို တိုးချဲ့တည်ဆောက်ရန် အဆိုပြုတင်ပြခဲ့သည်။ ထိုတင်ပြချက်ကို မကြာမီအချိန်က ဗီယက်နမ်အစိုးရသည် အတည်ပြုလိုက်ပြီဖြစ်သည်။

စွမ်းအင်ဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည်ဖော်သည့်အနေဖြင့် ဗီယက်နမ်လျှပ်စစ်ဌာန(အီဗီအင်)သည် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ လေးရုံကို နိုင်ငံ၏ ဝေးလံသော မြောက်ဖျားဒေသများတွင် တည်ဆောက်သွားမည်ဖြစ်သည်။ ထိုဓာတ်အားပေးစက်ရုံများ၏ လျှပ်စစ်စွမ်းအင် ထုတ်ပေးနိုင်မည့် အတိုင်းအတာမှာ ၅၄၀ မဂ္ဂါဝပ်မှ ၁၂၀၀ မဂ္ဂါဝပ်အထိ ရှိသည်ဟုဆိုသည်။

တစ်ချိန်တည်းမှာပင် ဗီယက်နမ်နိုင်ငံ ကျောက်မီးသွေး ကော်ပိုရေးရှင်းက အပူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံ သုံးရုံကို တည်ဆောက်သွားမည်ဖြစ်သည်။ ထိုစက်ရုံ သုံးရုံ၏ ဓာတ်အားထုတ်လုပ်နိုင်မှုစွမ်းအားမှာ ၃၀ မဂ္ဂါဝပ်မှ ၂၀၀ မဂ္ဂါဝပ်အထိ ရှိမည်ဟုဆိုသည်။

၁၉၉၅ ခုနှစ်မှ ၂၀၀၃ ခုနှစ်ကာလအတွင်း ဗီယက်နမ်နိုင်ငံ၏ လျှပ်စစ်ဓာတ် သုံးစွဲလိုအားသည် နှစ်စဉ် ၁၆ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်ဟု အီဗီအင်မှ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါင်ဗန်ဟန်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံ နာဂျက်ဖ်မြို့တွင် ဧပြီ ၁၇ ရက်က မသင်္ကာသူ အီရတ်တို့ကို အမေရိကန်တပ်ဖွဲ့ဝင်များက ဖမ်းဆီးထားစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နိုင်ငံတကာသတင်းများ

ဆာမာဝါမြို့တွင် ဒတ်ချ်တပ်ဖွဲ့ဝင်များနှင့် အီရတ်လက်နက်ကိုင်များ ပစ်ခတ်မှုဖြစ်ပွား

အမ်စတာဒမ် ဧပြီ ၁၉

ဂျပန်တပ်ဖွဲ့ဝင်များနှင့် ဒတ်ချ်တပ်ဖွဲ့ဝင်များ အခြေစိုက်သည့် အီရတ်နိုင်ငံတောင်ပိုင်း ဒေသရှိ ဆာမာဝါမြို့အနီးတွင် ဒတ်ချ်တပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံသားများနှင့် စနေနေ့က အပြန်အလှန်ပစ်ခတ်ကြရာတွင် အီရတ်နိုင်ငံသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားကြောင်း၊ သို့ရာတွင် ဒတ်ချ်တပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာမရရှိကြကြောင်းဖြင့် ဒတ်ချ်စစ်ဘက်က စနေနေ့တွင် ပြောကြားသည်။

အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း၊ ယင်းပစ်ခတ်မှုတွင် ဒတ်ချ်တပ်ဖွဲ့ဝင်များ ပါဝင်ခဲ့ကြောင်း၊ သို့ရာတွင် မည်သည့် ဒတ်ချ်တပ်ဖွဲ့ဝင်မျှ ထိခိုက်ဒဏ်ရာ မရရှိခဲ့ကြောင်း၊ အီရတ်နိုင်ငံသားတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ၎င်းအား ဒတ်ချ်စစ်မြေပြင်ဆေးရုံသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်းဖြင့် ဒတ်ချ်စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းဖြစ်ရပ်သည် ဆာမာဝါမြို့တစ်ဝိုက်တွင် ဖြစ်ပွားခဲ့ကြောင်း ၎င်းပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ သို့ရာတွင် အီရတ်နိုင်ငံတွင် တာဝန်ထမ်းဆောင်နေသည့် ဒတ်ချ်တပ်ဖွဲ့ဝင် ၁၂၀၀ ခန့်ရှိ အခြေစိုက်ရာ ဌာနချုပ်အနီးတွင် ဖြစ်ပွားခဲ့ခြင်း မဟုတ်သကဲ့သို့ ဂျပန်တပ်ဖွဲ့ဝင် ၅၅၀ ခန့် အခြေစိုက်ရာ စခန်းအနီးတွင်လည်းမဟုတ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားသည်။ ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ အဆိုပါ ပြောရေးဆိုခွင့်ရှိသူက အသေးစိတ်ပြောကြားခြင်း မရှိပေ။ ၎င်းကိစ္စအပေါ် ဒတ်ချ်စစ်ရဲက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

ရှီးယိုက်တို့ နေထိုင်သည့်မြို့တွင် အခြေစိုက်သည့် ဒတ်ချ်တပ်ဖွဲ့ဝင်များသည် တိုက်ခိုက်မှုများ၏ ပစ်မှတ်အဖြစ် မရောက်ရှိခဲ့ပေ။

ဒတ်ချ်နိုင်ငံသားအများစုက အီရတ်နိုင်ငံရှိ ဒတ်ချ်တပ်ဖွဲ့ဝင်များ ဖြန့်ကြက်ချထားမှုကို ယခုတိုင် ထောက်ခံနေသေးသည်။ သို့ရာတွင် ယခုလအတွင်း အီရတ်ရှိ ဂျပန်အရပ်သားများအား ပြန်ပေးဆွဲခြင်းသည် ဒုတိယ ကမ္ဘာစစ်အပြီး တပ်ဖွဲ့ဝင်အများဆုံး အီရတ်နိုင်ငံတွင် ဖြန့်ကြက်ထားမှုနှင့်စပ်လျဉ်း၍ ဒတ်ချ်ပြည်သူလူထုတွင်း နောက်ထပ်ဝေဖန်မှုအသစ်များ ပေါ်ထွက်စေခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ။**

ဧပြီ ၁၂ ရက်က အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် မီးလောင်ကျွမ်းနေသော မော်တော်ကားများမှ မီးခိုးများထွက်နေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဟားမာ့စ်ခေါင်းဆောင်သစ် လျှို့ထားသတ်မှတ်

ဂါဇာ ဧပြီ ၂၀

ပါလက်စတိုင်း အစ္စလမ္မစ်ခုခံရေးအုပ်စုဖြစ်သည့် ဟားမာ့စ်သည် အစ္စရေးတို့၏ လုပ်ကြံမှုကြောင့် စနေနေ့တွင် သေဆုံးခဲ့ရသည့် အဗ္ဗဒယ်လ်အဇစ် ရန်တီစီအား အစားထိုးရေးအတွက် ခေါင်းဆောင်သစ်တစ်ဦးကို ဂါဇာကမ်းမြောင်တွင် တနင်္ဂနွေနေ့က လျှို့ထားခဲ့ကြောင်း ဟားမာ့စ်အုပ်စု၏ တရားဝင်သတင်းရပ်ကွက်က ပြောကြားသည်။

ဟားမာ့စ်အုပ်စုသည် လုံခြုံရေး အခြေအနေများကြောင့် ၎င်း၏အမည်ကို ထုတ်ဖော်ပြောကြားခြင်းမပြုရန် ဆုံးဖြတ်ခဲ့သည်ဟုဆိုသည်။ ဟားမာ့စ် ထိပ်တန်း ခေါင်းဆောင်များဖြစ်ကြသည့် ရှိတ်အာမက်ယာဆင်နှင့် ရန်တီစီတို့ကို တစ်လအတွင်း အစ္စရေးတို့က လုပ်ကြံ သတ်ဖြတ်ခဲ့ပြီးနောက် ယင်းကဲ့သို့ ဆုံးဖြတ်ချက် ချမှတ်ခဲ့ခြင်းဖြစ်သည်။

ဟားမာ့စ် ခေါင်းဆောင်သစ်ကို ရွေးချယ်ထားကြောင်း၊ ဇီယွန်ဝါဒီတို့၏ ပစ်မှတ်ခံရမည်ကို ကာကွယ်ရေးအတွက် ထိပ်တန်းလျှို့ဝှက်ချက်အဖြစ် ထားရှိမည်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ဟားမာ့စ်ခေါင်းဆောင်ကို အစ္စရေးက လုပ်ကြံသည့်ကိစ္စ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ရှုတ်ချ

ကုလသမဂ္ဂ ဧပြီ ၁၉

စနေနေ့တွင် အစ္စရေးတို့က ပါလက်စတိုင်း ဟားမာ့စ်အဖွဲ့ခေါင်းဆောင် အဗ္ဗဒယ်လ်အဇစ်ရန်တီစီကို လုပ်ကြံသတ်ဖြတ်ခဲ့သည်။ ထိုလုပ်ရပ်ကို ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ရှုတ်ချလိုက်ပြီး ထိုလုပ်ရပ်ကြောင့် အရှေ့အလယ်ပိုင်းဒေသ၌ ဆူပူမှုများတိုး၍ ဖြစ်ပေါ်လာစေနိုင်ကြောင်းကိုပါ ပြောကြားခဲ့သည်။

အစ္စရေးနိုင်ငံက ပါလက်စတိုင်း ဟားမာ့စ်အဖွဲ့၏ ခေါင်းဆောင် ရန်တီစီကိုလုပ်ကြံသောကိစ္စကိုအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ရှုတ်ချသည်။

ထို့အပြင် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာ အာဏာပိုင်နယ်မြေကိုကျော်၍ လုပ်ဆောင်သောလုပ်ရပ်သည် အပြည်ပြည်ဆိုင်ရာဥပဒေကို ချိုးဖောက်ဆန့်ကျင်၍ ဆောင်ရွက်သည့်ကိစ္စပင်ဖြစ်ကြောင်း အာနန်က ပြောကြားသည်ဟု ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။

ယခုအခြေအနေ၌ပင်လျှင် အရှေ့အလယ်ပိုင်းဒေသ၏ အနေအထားသည် အတိမ်းအစောင်းမခံသော အဆင့်သို့ရောက်နေရာ အစ္စရေး၏ လုပ်ရပ်ကြောင့် ထိုဒေသတွင်း အခြေအနေအရပ်ရပ်မှာ ပို၍ ဆိုးရွားသွားနိုင်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်က ပြောကြားခဲ့သည်ဟု ဆိုသည်။

သေဆုံး

ဟားမာ့စ်အဖွဲ့ခေါင်းဆောင် စီးလာသောကားကို အစ္စရေး ရဟတ်ယာဉ်များက ဒုံးကျည်နှစ်စင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်အတွက် ရန်တီစီ သေဆုံးခဲ့ရခြင်းဖြစ်သည်။ ၎င်းနှင့်အတူ သက်တော်စောင့်နှစ်ဦးလည်း တစ်ပါတည်း သေဆုံးခဲ့ရကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။ ထိုလုပ်ရပ်အတွက် ဟားမာ့စ်အဖွဲ့က အစ္စရေးအပေါ် အဆတစ်ရာ ပြန်၍လက်စားချေမည်ဟု ခြိမ်းခြောက်ထားသည်။ **အမ်အင်အေ၊ရိုက်တာ။**

အီရတ်တွင် သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင် ၇၀၆ ဦးရှိပြီ

ဝါရှင်တန် ဧပြီ ၂၀

လွန်ခဲ့သောနှစ်က အီရတ်နိုင်ငံ၌ စစ်ဆင်ရေးစတင်ခဲ့သည့် အချိန်မှစ၍ ဧပြီ ၁၉ ရက်အထိ အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်း ၇၀၆ ဦး သေဆုံးခဲ့ရပြီဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာနက ကြေညာသည်။ ယင်းတို့အနက် ၅၀၉ ဦးမှာ တိုက်ပွဲများကြောင့် သေဆုံးခဲ့ခြင်း ဖြစ်ပြီး ၁၉၇ ဦးတို့မှာ အခြားသော အကြောင်းများကြောင့် သေဆုံးခဲ့ခြင်းဖြစ် သည်။

ဗြိတိသျှတပ်ဖွဲ့ဝင် သေဆုံးသူ ၅၈ ဦး ရှိပြီး အီတလီ ၁၇ ဦး၊ စပိန်ရှစ်ဦး၊ ဘူလေးရီးယားငါးဦး၊ ယူကရိန်းလေးဦး၊ အခြားတပ်ဖွဲ့ဝင်နှစ်ဦး၊ ဒိန်းမတ်၊ အယ်ဆာဗေဒို၊ အက်စတိုနီးယားနှင့် ပိုလန်နိုင်ငံတို့မှ တစ်ဦးစီ အသီးသီး သေဆုံးကြကြောင်း ဖော်ပြထားသည်။

အမေရိကန်သမ္မတဘုရှ်က အီရတ်နိုင်ငံတွင် အဓိကစစ်ဆင်ရေးလှုပ်ရှားမှုများ ပြီးဆုံးပြီဟု ကြေညာခဲ့သည့် ၂၀၀၃ ခုနှစ် မေ ၁ ရက်နောက်ပိုင်း သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၅၆၆ ဦးရှိသည်။ ယင်းတို့အနက် ၃၉၈ ဦးမှာ တိုက်ပွဲများတွင် သေဆုံးခဲ့ကြပြီး၊ ၁၆၈ ဦးမှာ အခြားသော အကြောင်းကြောင့် သေဆုံးခဲ့ခြင်းဖြစ်သည်။

အင်တာနက်။

ဧပြီ ၂၁ ရက်က အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးနေသော မော်တော်ကားတစ်စီးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်တွင်ပျောက်ဆုံးနေသောကနေဒါနိုင်ငံသား ၁၁ ရက်တိုင်အောင် သတင်းမရသေး

အော့တဝါ ဧပြီ ၂၀

ကနေဒါနိုင်ငံသားတစ်ဦးသည် အီရတ်နိုင်ငံတွင် ပျောက်ဆုံးနေသည်မှာ ၁၁ ရက်ရှိသွားပြီဖြစ်သည်။ ယခုတိုင်အောင် ၎င်းမှာ အဖမ်းခံထားရခြင်း ရှိ-မရှိ ဟူသောအချက်ကို ကွဲပြားစွာမသိရှိရသေးဟု အရာရှိ အသိုင်းအဝိုင်းမှလာသောသတင်းက ဆိုသည်။

ပျောက်ဆုံးနေသူမှာ အသက် ၄၁ နှစ်အရွယ်ရှိ မိုဟာမက်ရာဖစ်ဆိုသူဖြစ်သည်။ ၎င်းကို ဧပြီ ၈ ရက်က ဘဂ္ဂဒက်မြို့နှင့် အဘူဂါရိုက်မြို့များအကြားတွင် တွေ့ရှိခဲ့ကြရသေးသည်ဟု ဆိုသည်။

ကြိုးစားရှာဖွေ

မိုဟာမက်ရာဖစ် မည်သည့်နေရာတွင်ရောက်နေသည်ကို သိရှိနိုင်ရန် အဆက်အသွယ် လမ်းကြောင်းများမှ ကြိုးစားရှာဖွေလျက်ရှိကြောင်း အမည်မဖော်လိုသူ အရာရှိတစ်ဦးက ပြောကြားသည်။

သတင်းပေးသူအရာရှိက ပျောက်ဆုံးနေသူမှာ မည်သည့်အလုပ်အကိုင်မျိုးလုပ်သည်ကို ပြောကြားခြင်းမရှိသော်လည်း ၎င်းမှာ အဘူဂါရိုက် အကျဉ်းစခန်းနှင့် ဆက်စပ်မှုရှိခဲ့သူဖြစ်ကြောင်းကိုမူ ပြောကြားခဲ့သည်။

ပျောက်ဆုံး

ရာဖစ်ပျောက်ဆုံးသွားသောနေ့မှာပင် အခြားကနေဒါနိုင်ငံသားတစ်ဦးဖြစ်သူ ဖာဒီဖာဒယ်လ်မှာလည်း ပျောက်ဆုံးသွားခဲ့သည်။

သို့ရာတွင် လူသားချင်း စာနာသော ကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်သူ ဖာဒီဖာဒယ်လ်မှာ ပြီးခဲ့သည့် သောကြာနေ့က ပြန်လည်လွတ်မြောက်လာခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်စစ်ပွဲဆင်နွှဲရန် ဘုရှ်၏ဆုံးဖြတ်ချက် ပါဝဲလ်မသိမီ ဆော်ဒီသံအမတ် ကြိုသိခဲ့

ဝါရှင်တန် ဧပြီ ၁၉

အီရတ်တွင် စစ်ပွဲဆင်နွှဲရန် သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်၏ ဆုံးဖြတ်ချက်ကို အမေရိကန်ပြည်ထောင်စုဆိုင်ရာ ဆော်ဒီအာရေဗျ သံအမတ်ကြီးအား အသိပေးအကြောင်းကြားပြီးနောက်မှ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကောလင်း ပါဝဲလ်သိခဲ့ရကြောင်း သတင်းစာဆရာ ဘော့ဝုဒ်ဝပ်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

ဘုရှ်သည် အီရတ်ကို စစ်ဆင်နွှဲရန် ၂၀၀၃ ခုနှစ် ဇန်နဝါရီလတွင် အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ် ကွန်ဒိုလီဇာရိုက်စ်၊ ဒုတိယသမ္မတ ဒစ်ချေနီနှင့် ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်တို့ကို ကနဦးပြောကြားခဲ့ကြောင်း ဝုဒ်ဝပ်က စီဘီအက်စ်၏ 'မိနစ် ၆၀' တွေ့ဆုံမေးမြန်းခန်းအစီအစဉ်တွင် ပြောကြားသည်။

၎င်းသည် "တိုက်ခိုက်မှုအစီအစဉ်" အမည်ရှိ စာအုပ်သစ်ကို ရေးသားသူဖြစ်သည်။

ဘုရှ်သည် ရိုက်စ်နှင့် ရမ်းစဖဲလ်တို့ကိုပြောသည့် အခြေအနေက စစ်ပွဲကိုဆင်နွှဲလိုသည်ကို ဘုရှ်က သိသည်။ ထို့ပြင်သူတို့က ပါဝဲလ်က မပြောသည်ကို သဘောပေါက်နားလည်ကြကြောင်း ဝုဒ်ဝပ်က ပြောသည်။ ပါဝဲလ်သည် စစ်ပွဲကို ဆန့်ကျင်သည်ဟု ဝုဒ်ဝပ်က ရေးသားထားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်အာဏာလွှဲပြောင်းရေးကိစ္စတွင်
ကုလ၏ အခန်းကဏ္ဍအရေးပါကြောင်း ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ပြောကြား

ပါရီ ဧပြီ ၁၉

အချုပ်အခြာအာဏာကို အီရတ် ပြည်သူများ၏ လက်အတွင်းသို့ အမြန်ဆုံးပြန်လည်လွှဲအပ်ပေးရန်ကိစ္စသည် အရေးကြီးသည်ဟု ဂျာမနီနိုင်ငံခြားရေးဝန်ကြီး ဂျော့ကာ ဖစ်ရှာက တနင်္လာနေ့တွင် ပြောကြားခဲ့သည်။ ၎င်းသည် ပြင်သစ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိလျက်ရှိသည်။

အရေးကြီး

ကျူးကျော်သိမ်းပိုက်ထားသည့်လုပ်ရပ်ကို အမြန်ဆုံး အဆုံးသတ်ရန်ကိစ္စသည် အရေးကြီးလှသည်။ ထိုသို့ လွှဲပြောင်းပေးရာ၌ အီရတ်နိုင်ငံ၏ လုံခြုံရေးနယ်ပယ်တွင် ဟာကွက်ဖြစ်မသွားစေရန်ပါ လုပ်ဆောင်ရန် လိုသည်ဟု သတင်းစာရှင်းလင်းပွဲတွင် ဂျာမနီ နိုင်ငံခြားရေးဝန်ကြီးက ပြောကြားသွားသည်။ ထိုသတင်းစာရှင်းလင်းပွဲကို ကုလသမဂ္ဂ၏အီရတ်နိုင်ငံဆိုင်ရာ အထူးသံတမန် လက်ဒါဘရာဟီမီနှင့် တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ကျင်းပခြင်းဖြစ်သည်။ သတင်းစာရှင်းလင်းပွဲ ပြုလုပ်ရာ၌ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာန မစ်ချယ်လ်ဘာနီယာလည်း အတူရှိနေသည်။

ထောက်ခံပြောဆို

အီရတ်တွင် ရုတ်တရက် အာဏာလွှဲပြောင်းပေးမည်ဆိုလျှင် ထိုနိုင်ငံတွင် အခြေအနေကို မတည်မငြိမ် ဖြစ်စေနိုင်သည်။ သို့ဖြစ်၍ အီရတ်တွင် အာဏာလွှဲပြောင်းရေးကိစ္စကို ဆောင်ရွက်ရာ၌ ဂျာမနီနိုင်ငံနှင့် ပြင်သစ်နိုင်ငံတို့က ကုလသမဂ္ဂအဖွဲ့၏ ပါဝင်ဆောင်ရွက်ရေး အခန်းကဏ္ဍကို အစဉ်သဖြင့် ထောက်ခံပြောဆိုခဲ့ကြခြင်း ဖြစ်ကြောင်း ဂျာမနီ နိုင်ငံခြားရေးဝန်ကြီးက ဆက်လက်ပြောကြားသွားသည်။

ယုံကြည်

အထက်ပါ ပြောကြားချက်တွင် ပါရှိသောအချက်အလက်များကို အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂဆုံးဖြတ်ချက်အသစ်ကို ချမှတ်ရာ၌ ထည့်သွင်းဆုံးဖြတ်လိမ့်မည်ဟု မိမိအနေဖြင့် ယုံကြည်သည်။ ထိုသို့ ဆောင်ရွက်ကြရာ၌လည်း အရှေ့အလယ်ပိုင်းဒေသအတွင်း အကြမ်းဖက်မှု လုပ်ရပ်များ အမြစ်မတွယ်စေရန်နှင့် ထိုဒေသမှ အခြားဒေသများသို့ပါ ပျံ့နှံ့မသွားစေရေး အာမခံချက်ရှိနေရန်ကိုပါ စီစဉ်သွားကြရလိမ့်မည်ဟု ဖစ်ရှာက ဆိုသည်။

အကြံပြု

လာမည့်မေလတွင် အီရတ်နိုင်ငံ၏ ကြားဖြတ်အစိုးရအဖွဲ့ကို ဖွဲ့စည်းနိုင်လိမ့်မည်ဖြစ်သည်။ ထို့အပြင် အီရတ်လူမျိုးအားလုံး ကိုယ်စားပြုနိုင်မည့် ညီလာခံကြီးတစ်ရပ်ကိုလည်း ကျင်းပသွားရန် မိမိအနေဖြင့် အကြံပြုကြောင်း ကုလသမဂ္ဂကိုယ်စားလှယ် ဘရာဟီမီက ဆိုသည်။ ၎င်းက တစ်ဆက်တည်းမှာပင် ၂၀၀၅ ခုနှစ်တွင် ရွေးကောက်ပွဲတစ်ရပ်ကျင်းပသွားရေးကိစ္စကိုပါ စီစဉ်ဆောင်ရွက်သွားရန် အရေးကြီးသည်ဟု ဖြည့်စွက်ပြောကြားသွားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဧပြီ ၂၁ရက်က အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ပြီးနောက် သေဆုံးသူ ဆွေမျိုးသားချင်းများအတွက် ပူဆွေးသောက ရောက်နေသော အီရတ်အမျိုးသမီးများကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်ရုပ်သံမှ သတင်းထောက်တစ်ဦးနှင့် ယာဉ်မောင်းတို့ကို ဘဂ္ဂဒက်မြို့တော်မြောက်ပိုင်းတွင် ကန်တပ်ဖွဲ့ဝင်များက ပစ်သတ်

ဘဂ္ဂဒက် ဧပြီ ၂၀

အမေရိကန်တပ်ဖွဲ့ဝင်များက အမေရိကန် ငွေကြေးပံ့ပိုးထားသည့် အီရတ်ရုပ်မြင်သံကြားသတင်းဌာနအတွက် လုပ်ငန်းဆောင်ရွက်နေသော သတင်းထောက်တစ်ဦးနှင့် ၎င်း၏ ယာဉ်မောင်းတစ်ဦးအား ဘဂ္ဂဒက်မြောက်ပိုင်းဒေသတွင် တနင်္လာနေ့က ပစ်သတ်လိုက်ကြောင်း သေဆုံးသူများ၏ အပေါင်းအဖော်များက ပြောကြားသည်။

ဖော်ပြပါဓာတ်ပုံသတင်းထောက်သည် ဘဂ္ဂဒက်မြို့တော်မှ မိုင် ၆၀အကွာရှိ ဆမ်မာရာမြို့တွင် တိုက်ခိုက်မှုဖြစ်ပွားရာ၌ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အပေါင်းအဖော်များက ပြောကြားသည်။ အမေရိကန်စစ်ဘက်က သတင်းထောက်နှင့်၎င်း၏ယာဉ်မောင်းသေဆုံးမှုနှင့်ပတ်သက်၍ သတင်းမရရှိကြောင်း ပြောကြားသည်။

သတ်ဖြတ်ခဲ့

အမေရိကန်တပ်ဖွဲ့ဝင်များက သတင်းထောက်နှင့်ယာဉ်မောင်းတို့အား မော်တော်ကားအတွင်းရှိနေစဉ် သတ်ဖြတ်ခဲ့ကြောင်း စောစောပိုင်းသတင်းများအရ သိရကြောင်းဖြင့် ဖော်ပြပါ ရုပ်မြင်သံကြားမှ သတင်းစာဆရာဖြစ်သူ တာရက်က ပြောကြားသည်။

အီရတ်ပြည်တွင်းနှင့် နိုင်ငံတကာမီဒီယာသတင်းအဖွဲ့အစည်းက အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့များ၏ ပြုမူဆောင်ရွက်ပုံကို ဝေဖန်လျက်ရှိနေကြပြီး သတင်းစာဆရာများကာကွယ်စောင့်ရှောက်ရန်အတွက် ပိုမိုဂရုစိုက်သင့်ကြောင်းကိုလည်း ပြောကြားကြသည်။

အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံအတွင်း ဝင်ရောက်တိုက်ခိုက်ပြီးသည့်နောက် အခြားသတင်းစာဆရာ ခြောက်ဦးထက်မနည်း အမေရိကန်တပ်ဖွဲ့ဝင်များ၏ သတ်ဖြတ်မှုခံခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံတကာ သတင်းများ

ဗြိတိသျှဓနသဟာယအဖွဲ့သို့ ဇင်ဘာဘွေ ပြန်ဝင်မည်မဟုတ်ဟု မူဂါဘီ ပြောကြား

ဟာရာရေး ဧပြီ ၁၉

ဓနသဟာယအဖွဲ့သည် မကောင်းဆိုးဝါးအဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး ယင်းအဖွဲ့သို့ဇင်ဘာဘွေနိုင်ငံက ပြန်လည်ဝင်ရောက်မည် မဟုတ်ကြောင်း ၎င်းကိုထောက်ခံသူများအား သမ္မတရောဘတ်မူဂါဘီကတနင်္လာနေ့တွင် ပြောကြားသည်။

လွန်ခဲ့သောနှစ် ဒီဇင်ဘာ၌ နိုင်ဂျီးရီးယားတွင် ကျင်းပသည့်ဓနသဟာယအဖွဲ့ထိပ်သီးအစည်းအဝေးတွင် တောင်ပိုင်းအာဖရိကတိုက် နိုင်ငံတစ်ခုဖြစ်သော ဇင်ဘာဘွေအဖွဲ့ဝင်ဖြစ်ရေး ကိစ္စဆိုင်းငံ့ထားရန်ကာလကို တိုးချဲ့ရန်ဆုံးဖြတ်ခဲ့သောကြောင့် ယခင် ဗြိတိသျှကိုလိုနီနိုင်ငံ ၅၄ နိုင်ငံပါဝင်သော အဆိုပါအဖွဲ့မှ ဇင်ဘာဘွေနိုင်ငံ နုတ်ထွက်ခဲ့သည်။

၁၉၈၀ပြည့်နှစ်တွင် ဇင်ဘာဘွေနိုင်ငံ လွတ်လပ်ရေးရပြီးချိန်မှစတင်၍ သမ္မတဖြစ်လာခဲ့သော မူဂါဘီသည် ၂၀၀၂ခုနှစ် ရွေးကောက်ပွဲများတွင် နောက်သက်တမ်းအသစ်အတွက် မဲအနိုင်ရခဲ့ခြင်းအပေါ် အငြင်းပွားမှုများ ရှိခဲ့ပြီးနောက်ပိုင်း ဇင်ဘာဘွေနိုင်ငံ၏ အဖွဲ့ဝင်ဖြစ်ရေးကိစ္စဆိုင်းငံ့ ကာလကိုတိုးချဲ့ရန် ဓနသဟာယအဖွဲ့က ဆုံးဖြတ်ခဲ့သည်။

အဆိုပါ ဒီဇင်ဘာ ထိပ်သီးအစည်းအဝေး၌ ဇင်ဘာဘွေအား အဖွဲ့ဝင်ဖြစ်ရေး ဆိုင်းငံ့ထားရေးကိစ္စမှာ သိသာထင်ရှားသောကိစ္စရပ်ဖြစ်နေခဲ့ပြီး ထိုသို့ ဆိုင်းငံ့ထားခြင်းကြောင့် တောင်အာဖရိကနိုင်ငံအပါအဝင် အာဖရိကတိုက်နိုင်ငံအများအပြားတို့က ယင်းနိုင်ငံ ပြန်လည်ဝင်ခွင့်ရရေး စေ့စပ်ဆွေးနွေးမှုများအပါအဝင် ဓနသဟာယအဖွဲ့အတွင်း လူမျိုးရေး စိတ်ဝမ်းကွဲပြားမှု ဖြစ်ပေါ်စေခဲ့သည်။

အမ်အင်အေ၊ ရိုက်တာ။

ဒဏ်ရာရသူ အီရတ်တစ်ဦး

ဧပြီ ၂၁ ရက်က အီရတ်နိုင်ငံ ဘာဆာရာမြို့တွင် ပေါက်ကွဲမှုများ ဖြစ်ပွားမှုကြောင့် ဒဏ်ရာရရှိသူ အီရတ်တစ်ဦးကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်အရေးတွင်
ကုလသမဂ္ဂ ပိုမိုပါဝင်ရန် အီးယူလိုလား

ရောမ ဧပြီ ၁၉

ဥရောပသမဂ္ဂ(အီးယူ)အဖွဲ့သည် အီရတ်နိုင်ငံ၏ စစ်ပြီးကာလပြန်လည်ထူထောင်ရေးကိစ္စများကိုဆောင်ရွက်ရာတွင် ကုလသမဂ္ဂအဖွဲ့က ပိုမိုပါဝင်ဆောင်ရွက်လာသည်ကို လိုလားသည်ဟု အီးယူအဖွဲ့ဥက္ကဋ္ဌ ရိုမာနိုပရိုဒီက တနင်္လာနေ့တွင် ပြောကြားသည်။

လိုလား

ဥရောပကော်မရှင်အနေဖြင့် အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရေးကိစ္စများတွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အနေဖြင့် အရေးပါသော အခန်းကဏ္ဍမှ ပိုမိုပါဝင်လာသည်ကို လိုလားကြောင်း ပရိုဒီကဆိုသည်။ ထိုစကားများကို အီးယူဥက္ကဋ္ဌနှင့် ကုလသမဂ္ဂ၏ အီရတ်နိုင်ငံဆိုင်ရာ အထူးသံတမန်လက်ဒါးဘရာဟီမီတို့ တွေ့ဆုံဆွေးနွေးကြပြီးနောက်ပိုင်းတွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

မကြာသေးမီအချိန်က အီရတ်တွင် တိုက်ခိုက်မှုများ ပြင်းထန်စွာဖြစ်ပွားလာသည်။ ထိုအချက်က အီရတ်အရေးတွင် ကုလသမဂ္ဂအနေဖြင့် ပိုမိုပါဝင်ရန် လိုအပ်နေပြီဟူသော အခြေအနေကို ဖော်ပြလျက်ရှိကြောင်း ပရိုဒီက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဇောတနာရာမပရိယတ္တိစာသင်တိုက် အထူးတရားပွဲများ

ရန်ကုန် ဧပြီ ၂၁

အလုံမြို့နယ် သစ်တောလမ်း ဇောတနာရာမပရိယတ္တိ စာသင်တိုက်တွင် တရားပွဲများကို ဧပြီ ၂၄ ရက် နှင့် ၂၅ ရက်တွင် အရှင်သိရိန္ဒာဘိဝံသ(ယောဆရာတော်)၊ ဧပြီ ၂၆ ရက်တွင် အရှင်ပညာသီဟရွှေညဝါပညာ့ဗိမာန်ဆရာတော်၊ ဧပြီ ၂၇ရက်တွင် ဓမ္မဒူတ အရှင်ကောသလ္လ(မုဒုံ)၊ ဧပြီ ၂၈ ရက်တွင် ဓမ္မဒူတ အရှင်ဝိမလ(တောင်စွန်း)နှင့် ဧပြီ ၂၉ ရက်တွင် မကွေးအောင်ပုံတောရကျောင်း အရှင်ကုန္ဒကတို့က ညစဉ် ၇ နာရီမှစ၍ တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

ခြိုးခြံချွေတာ၊ ထိန်းပါလေလွင့်၊ ထုတ်ကုန်မြှင့်

ပညာရှာသူ တို့ဝိုင်းကူ

မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)

စာပေဝတ္ထု၊ ရတုကဗျာ
ပျို့လင်္ကာနှင့်၊ သာသည့်သီချင်း
အဲစောင်းငြင်းနှင့်၊ မကင်းမပြတ်
ဖတ်ရှုတ်လေ့ကျက်၊ တီးမှုတ်လျက်သာ
နေကောင်းစွာ။ ။

ဝန်ကြီးပဒေသရာဇာ၏ အဆိုအတိုင်း စာပေ၊ ဂီတ၊ သဘင်၊ အနုသုခုမ ပညာရပ်များသည် အဆွဲဆောင်နိုင်ဆုံး၊ အထက်မြက်ဆုံး လက်နက်ဖြစ်ခဲ့သည်။ နယ်ချဲ့လက်အောက် ဒူးမထောက်သော စာပေအဖြစ်လည်း ထွန်းပြောင်ခဲ့ဖူးသည်။ စာပေသမားတို့က ပြည်သူလူထုအတွင်းသို့ နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသား လွတ်မြောက်ရေးစိတ်ဓာတ်များကို စုစည်းဖော်ညွှန်းတင်ပြနိုင်ခဲ့သည်။

စာပေနှင့် တေးဂီတကျေးဇူးကြောင့် နိုင်ငံရေး၊ စစ်ရေး၊ စည်းရုံးရေး လှုပ်ရှားမှုများ မြင့်မားလာခဲ့သည်။ နိုင်ငံ၏ ကံကြမ္မာကို ဖန်တီးပြောင်းလဲပေးမည့် မြန်မာလူငယ်တို့၏ ပညာမျက်စိကို စာပေက ဖွင့်ပေးခဲ့သည်။ လူထုအတွင်းသို့ နီးနီးကပ်ကပ် ချဉ်းနင်းဝင်ရောက်နိုင်သော စာပေ၊ သဘင်၊ ရုပ်ရှင်၊ ပန်းချီ၊ ကာတွန်းများ ပေါ်ပေါက်လာခဲ့သည်နှင့်အမျှ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသား လွတ်မြောက်ရေးအင်အားစုများကို စုစည်း၍ ဖော်ညွှန်းနိုင်ခဲ့သည်။

ရန်ကုန်တက္ကသိုလ်များ စာကြည့်တိုက်က **ပညာရှာသူ တို့ဝိုင်းကူ** ဆောင်ပုဒ် ချမှတ်ထားကြောင်း စာရေးသူ သိရှိရသည်။

ယခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားကို ဖတ်ရှုရခြင်းဖြင့် မြန်မာစာပေ၏ သမိုင်းတန်ဖိုးကြီးမားကြောင်း သိရှိနိုင်သည်။

"အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရားမင်းမြတ်တို့ တည်ထောင်ခဲ့သည့် ထက်မြက်သော တပ်မတော်များ၏ လက်ဆင့်ကမ်းအမွေခံလျက် ပိုမိုအင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်ကာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို မူဝါဒလမ်းစဉ် (၇)ရပ်နှင့်အညီ တည်ဆောက်ကြပါစို့"

အထက်ဖော်ပြပါ ဆောင်ပုဒ်သည် အနော်ရထာမင်းမြတ်လက်ထက်မှ စတင်၍ မြန်မာတို့၏ ဇာတိသွေး၊ ဇာတိမာန်ထက်သန်သော သူရဲကောင်းတို့ဖြင့် စုစည်းတည်ထောင်ခဲ့သည့် တပ်မတော်၏ သမိုင်းကို မြန်မာစာပေဖြင့်မော်ကွန်းထိုး မှတ်တမ်းတင်လာနိုင်ခဲ့၍ ယနေ့အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို ထူထောင်နေသော တပ်မတော်တို့နှင့် ပြည်သူတို့၏ အခန်းကဏ္ဍအထိ မြန်မာစာပေသည် ထူးခြားပြောင်မြောက်လေးနက်စွာ ပါဝင်မော်ကွန်းထိုးလျက်ပင်ရှိသည်။

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနနှစ် (၆၀) ပြည့်အထိမ်းအမှတ် စာတမ်းဖတ်ပွဲနှင့် မှတ်တမ်းပြပွဲ အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က-

"အထူးသဖြင့် စာပေထွန်းကားသည့် လူမျိုးတွင် ဘာသာစကား ကြွယ်ဝမှုကြောင့် စိတ်ကူးစိတ်သန်းနှင့် အတွေးအခေါ် မြင့်မားသိမ်မွေ့ နက်ရှိုင်းမြင့်မားသည့် ယဉ်ကျေးမှုအဆင့်အတန်းကို မြင့်မားသည်ထက် မြင့်မားအောင် တက်လှမ်းနိုင်ကြတာ အထင်အရှားတွေ့ရမှာဖြစ်ကြောင်း။

မြန်မာလူမျိုးတို့သည် စာအရေးအသားကို လွန်ခဲ့သော နှစ်ပေါင်း တစ်ထောင့်ငါးရာကျော်လောက်ကတည်းက ပိုင်ပိုင်နိုင်နိုင် တတ်ကျွမ်းခဲ့ကြပြီဖြစ်တာတွေ့ရကြောင်း၊ မြန်မာစာပေအရေးအသားကို မတီထွင်ရခင်ကတည်းက အက္ခရာများကို အသုံးပြုပြီး ပါဠိစာ၊ သက္ကတ၊ ပျူစာ၊ မွန်စာများကို ရေးနိုင်ခဲ့ကြပြီဖြစ်သည်ဟု သိရကြောင်း။

မြန်မာလူမျိုးတို့၏ စူးရှထက်သန်သော အမျိုးသားရေးစိတ်ဓာတ်နှင့် ယှဉ်တွဲပေါက်ဖွားလာခဲ့သည့် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနကြီး၏ အစဉ်အလာကောင်း၊ အမွေခံကောင်းများ ဆက်လက်ဖြစ်ထွန်းပြီး မြန်မာစာပေ ပြန့်ပွားထွန်းကားရာ ဘူမိနက်သန်နေရာမှန်တစ်ခုအဖြစ် အရှည်တည်တံ့နိုင်မြဲပါစေကြောင်း" အဖွင့်အမှာစကားပြောကြားသွားပါသည်။

ပုဂံခေတ်တွင် အနော်ရထာမင်းကြီးကိုယ်တိုင် မိမိလက်တော်ဖြင့် ပြုလုပ်တော်မူ၍ ရေးထိုးထားသော အုတ်ခွက်ဘုရားများမှ စာတန်းများသည် ပထမဆုံးတွေ့ရသည့် မြန်မာအက္ခရာသုံး ပါဠိစာများဖြစ်သည်။

ပုဂံခေတ်ဦး ကျောက်စာဖြစ်သည့် ရာဇကုမာရ်ကျောက်စာတွင် ပျူ၊ မွန်၊ မြန်မာ၊ ပါဠိလေးဘာသာဖြင့် ရေးထိုးထားသည့်အတွက် ရှေးမြန်မာကြီးများ၏ ဘာသာစကားနှင့် စာအရေးအသားဆည်းပူးတတ်မြောက်မှု၏ သမိုင်းမော်ကွန်း မှတ်တိုင်တစ်တိုင်အဖြစ် သမိုင်းတန်ဖိုးအလွန်ကြီးမားစွာ ယနေ့တိုင် ရပ်တည်နေဆဲဖြစ်သည်။

ရာဇကုမာရ်ကျောက်စာတွင် မိဘကျေးဇူးကို ဖော်ကျူးသည်အထိ အတွေးအခေါ်မြင့်မားပြီး အရေးအဖွဲ့ပီပြင်ခဲ့ပါသည်။ စာအရေးအသား အခိုင်အမာဖြစ်ထွန်းနေပြီးဖြစ်သည့်အတွက် ပုဂံခေတ်ကာလတွင် မရေမတွက်နိုင်သည့် အလှူမှတ်တမ်းတင် ကျောက်စာများလည်း ပေါ်ထွန်းခဲ့သည်။ ထိုကျောက်စာများသည် မြန်မာတို့၏ အတွေးအခေါ်၊ ယုံကြည်မှု၊ မြန်မာတို့၏ သဒ္ဓါကြည်ညိုစိတ်၊ မြန်မာတို့၏အပြုအမူ၊ အပြောအဆို၊ ဓလေ့စရိုက်၊ ထုံးတမ်းအစဉ်အလာစသည့် မြန်မာ့ပုံရိပ်များကို ဖော်ပြနိုင်နေပြီဖြစ်သည်။

စာပေဆိုသည်မှာ နိုင်ငံနှင့်လူမျိုး၏ဂုဏ်ကို ဖော်ဆောင်နိုင်သော အမြိုက်ရတနာတစ်ခုဖြစ်သည်။ စာပေသည် လူမျိုး၏ယဉ်ကျေးမှုမဏ္ဍိုင်လည်းဖြစ်သည်။ စာပေမြင့်မှလူမျိုးတင့်မည်ဆိုသည့် ဆိုရိုးစကားနှင့်အညီ စာပေနှင့် ယဉ်ကျေးမှုသည် သက်ဆိုင်ရာနိုင်ငံနှင့်လူမျိုး၏ အဆင့်အတန်းကို ဖော်ညွှန်းလျက်ရှိသည်။ မိမိနိုင်ငံနှင့် မိမိလူမျိုး၏ ဂုဏ်သိက္ခာ တင့်တယ်ဝင့်ကြွားစေရေးအတွက် အမျိုးသားစာပေကို မြှင့်တင်ပေးကြရစမြဲပင်ဖြစ်သည်။

ပင်းယခေတ်တွင် ပေါ်ထွန်းခဲ့သည့် ကာချင်းကဗျာများဆိုလျှင် ပင်းယခေတ်သားများ၏ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ တိုက်ရည်ခိုက်ရည်ပြည့်ဝပြီး ကိုယ့်တိုင်းပြည်ကို ကာကွယ်ရမည်ဆိုသည့် စိတ်ဓာတ် နိုးကြားတက်ကြွလာအောင် ဖန်တီးလှုံ့ဆော်ပေးနိုင်ခဲ့ပါသည်။

နှစ်ပေါင်း ၂၀၀ မျှကြာရှည်ခဲ့သည့် အင်းဝခေတ်တွင် မြန်မာစာပေသည် အရှိန်အဟုန်ဖြင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး စကားပြေကျမ်း၊ ကဗျာကျမ်းများစွာပေါ်ထွန်းခဲ့သည်။ ပျို့၊ မော်ကွန်း၊ ဧချင်းစသည့် ဂန္ထဝင်မြောက်သော ကဗျာကြီးများသည် အင်းဝခေတ်သားများကိုသာမကဘဲ နှောင်းခေတ် မြန်မာများကိုပါ လိမ္မာယဉ်ကျေးသူများဖြစ်အောင် ဆုံးမပဲ့ပြင်ပေးနိုင်ခဲ့သည်အထိ စာပေအဆင့်အတန်းမြင့်မားခဲ့သည်။ လူတော်လူကောင်းများဖြစ်အောင်၊ စိတ်နှလုံးညွတ်နူးသိမ်မွေ့လာအောင် လမ်းညွှန်သွန်သင်ဆုံးမပေးနိုင်ခဲ့သည်။

တောင်ငူခေတ်တွင် ထွန်းကားခဲ့သည့် ရတု၊ ကဗျာများသည် မြန်မာလူမျိုးတို့၏ နူးညံ့ပျော့ပျောင်းသော စိတ်နှလုံးကို ဖော်ပြနေပါသည်။ မယ်ဘွဲ့၊ မောင်ဘွဲ့၊ အလွမ်းဘွဲ့စသည့် ရတုကဗျာများသည် မြန်မာစာပေ ပန်းပွင့်များကို မွှေးရနံ့ထုံသင်းစေသည့် ကဗျာများပင်ဖြစ်သည်။ ဇာတိသွေးကို လှုံ့ဆော်ပေးသည့် တောင်ငူခေတ် ဧချင်းကဗျာများသည် ရဲရင့်ထက်မြက်သည့် စာပေများဖြစ်ခဲ့သည်။ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုး၊ ကိုယ့်စာပေ၊ ကိုယ့်ယဉ်ကျေးမှုကို ထိပါးမခံသည့် ဇာတိမာန်စိတ်ဓာတ်များ တဖွားဖွား ပေါ်ပေါက်လာအောင် စွမ်းဆောင် မြှင့်တင်ပေးနိုင်ခဲ့သည်။

မြန်မာစာပေသမိုင်းစဉ်ကို ပြန်ကြည့်လျှင် ပုဂံခေတ်ဟောင်းမှစ၍ အင်းဝခေတ်အထိ စာပေအညွန့်အခက်များ ဝေဝေဆာဆာဖြင့် ကောင်းစွာဖွံ့ဖြိုးလာသည်ကို တွေ့ရသည်။ ကုန်းဘောင်ခေတ်တစ်လျှောက်တွင်မူကား ထိုစာပေအညွန့်အခက်တို့မှ တစ်ဆင့်တက်၍ ပျို့၊ ကဗျာ၊ လင်္ကာ၊ ရတု၊ အဲ၊ အန်၊ လူးတား စသော စာပေ၏ အဖူးအပွင့်တို့သည် ငွားငွားစွင့်စွင့် ဖူးပွင့်၍လာကြသည်ကို တွေ့ရလေသည်။

အင်းဝခေတ်အလွန် ကုန်းဘောင်ခေတ်နောက်ပိုင်းတွင် စာပေ၏ အဖူးအပွင့်တည်းဟူသော ကဗျာလင်္ကာနှင့်စပ်လျဉ်း၍ အခေါင်အဖျားအထိတိုင် တိုးတက်ခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ (၁၃)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကားပြောကြားရာတွင် **"နိုင်ငံတော်အနေဖြင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာ အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်နေသည်ကို အားလုံးမြင်တွေ့ကြရမှာ ဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံတော်အကြီးအကဲအနေဖြင့် နိုင်ငံတော်ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အလေးထား အရှိန်အဟုန်မြှင့်ဆောင်ရွက်ရမည့် အချက်များကိုလည်း လမ်းညွှန်မှာထားပြီးဖြစ်ကြောင်း။ သို့ပါ၍ မိမိတို့ဝန်ကြီးဌာန အနေဖြင့်လည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေးအတွက် မိမိတို့၏ Media များဖြင့် စည်းရုံးဆောင်ရွက်ရေး၊ မိမိတို့နှင့် သက်ဆိုင်သည့် စက်မှုနှင့် Media ဆက်သွယ်ရေးပိုင်းများတွင် ပိုမိုတိုးတက်လာအောင် တီထွင်ကြံဆဆောင်ရွက်ရေး၊ နယ်စပ်ဒေသအပါအဝင် တစ်နိုင်ငံလုံး Media Cover ဖြစ်အောင် ဆောင်ရွက်ရေး၊ ပြည်တွင်းသာမက ပြည်ပကိုပါ Media ထိုးဖောက်နိုင်အောင် ဆောင်ရွက်ရေး၊ မိမိတို့၏ Media ကို အစဉ်အမြဲ သွက်လက်ထက်မြက်ပြီး အရည်အသွေး မြင့်မားနေအောင်ဆောင်ရွက်ရေး၊ ဝင်ငွေတိုးတက်ရရှိအောင် ဆောင်ရွက်ရေးနှင့် ခြိုးခြံချွေတာရေးစသည့် လုပ်ငန်းတာဝန်ခုနစ်ရပ်ကို ၂၀၀၄ ခုနှစ်၏ လုပ်ငန်းအဖြစ်ခံယူ၍ အောင်မြင်အောင် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း"** ရှင်းလင်းမှာကြားသွားပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ခရိုင် ၆၁ ရုံး၊ မြို့နယ်ရုံး ၂၄၈ ရုံး၊ မြို့နယ်ခွဲရုံး ခုနစ်ရုံး၊ ဒေသရုံး ၄၃ ရုံးတို့၌ ပညာဘဏ်စာကြည့်တိုက်ပေါင်း ၃၆၀ ဖွင့်လှစ်ထားပါသည်။ နယ်လှည့်စာကြည့်တိုက်များ ဆောင်ရွက်ခြင်းဖြင့် စာဖတ်ရှိန်မြှင့်တင်ရေး အကောင်အထည်ဖော်လျက်ရှိသည်။ မြန်မာနိုင်ငံလူဦးရေ ၅၃ သန်းကျော်ရှိရာတွင် ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်နေပြည်သူများဖြစ်သည်။ ၎င်းတို့၏ ပညာရေးအဆင့်အတန်းမြင့်မားရေး ရည်ရွယ်ချက်၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ဒေသများဖြစ်သည့် နယ်စပ်ဒေသနှင့် တောင်ပေါ်မြေပြန့်ဒေသများပါ ပြည်သူများ အသိပညာတိုးပွားရေးအတွက် နယ်လှည့်စာကြည့်တိုက်များကို ကျယ်ကျယ်ပြန့်ပြန့် ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။ ကျေးလက်နေ ပြည်သူများ စာပေနှင့်အမြဲထိတွေ့နေစေရန်နှင့် အသိပညာ ဗဟုသုတများ တိုးပွားလာစေရန်အတွက် ထိရောက်သော နည်းလမ်းတစ်ခုပင်ဖြစ်သည်။ ဤသည်မှာ စာဖတ်သူတိုင်း စာဖတ်ရှိန်မြှင့်တင်ရေး၊ စဉ်ဆက်ပညာရေးအတွက် များစွာအထောက်အကူပြုလျက်ရှိသော နည်းလမ်းတစ်ခုလည်း ဖြစ်သည်။

မိမိဒေသအသီးသီးတွင် အချိန်အခါမရွေး စာပေများဖတ်ရှုလေ့လာနိုင်ကြရန်၊ ကိုယ်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ထူထောင်ရန် ပြန်ကြားရေးဝန်ကြီးဌာန၏ စီစဉ်ကြီးကြပ်မှု၊ ခရိုင် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများ၏ စီမံဆောင်ရွက်မှုတို့ဖြင့် ဖွင့်လှစ်ခဲ့ရာ ယခုအခါ တစ်သောင်းခန့်အထိ ရှိနေပါပြီ။ စာပေအသိပညာ ဗဟုသုတများ ကြွယ်ဝလာသည်နှင့်အမျှ ကျန်းမာရေး၊ လူမှုရေး၊ တွေးခေါ်ဆင်ခြင်မြော်မြင်မှုများပါ တစ်ဆက်တည်း ဖြစ်ထွန်းတိုးတက်လာကြပြီး နိုင်ငံတော်က ချမှတ်ထားသည့် ကျေးလက်နေ ပြည်သူများ ဖွံ့ဖြိုးတိုးတက်လာရေးကို တိုက်ရိုက်ဖော်ဆောင်ပေးနိုင်ခဲ့ပြီ ဖြစ်သည်။

မြန်မာနိုင်ငံသည် စာပေအစဉ်အလာကြီးမားသော နိုင်ငံဖြစ်သည်။ ပညာရေးသည် လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်စွမ်းအား ဖြစ်သည့်အလျောက် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားပညာရည် မြင့်မားရေးတို့ကို ယှဉ်တွဲဆက်စပ်ကာ ပညာဘဏ်တိုက်စာကြည့်တိုက်မှတစ်ဆင့် **(ပညာရှာသူ တို့ဝိုင်းကူ)**ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

တပ်မတော်မှတ်တမ်းရုံး နွေရာသီရက်တို သင်တန်းများဖွင့်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၁

တပ်မတော်မှတ်တမ်းရုံး မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ ကြီးမှူးဖွင့်လှစ်သော နွေရာသီရက်တိုသင်တန်းများဖြစ်သည့် ဗုဒ္ဓဘာသာတရားတော် (အခြေခံ)သင်တန်း၊ ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်းနှင့် ဟော်ကီသင်တန်းဖွင့်ပွဲကို ဧပြီ ၂၀ ရက် နံနက် ၉ နာရီက တပ်မတော်မှတ်တမ်းရုံး အစည်းအဝေးခန်းမ (၁)၌ ကျင်းပရာ အခမ်းအနားသို့ တပ်မတော်မှတ်တမ်းရုံး တပ်မှူး အမှတ် (၂)စစ်ဒေသမှူး ဗိုလ်မှူးချုပ်မျိုးမြင့်၊ တပ်မတော်မှတ်တမ်းရုံး မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ၊ တပ်မှူး၏ဇနီး ဒေါ်ကတော ဒေါ်သီသီအေးနှင့်အမှုဆောင်များ၊ အရာရှိ စစ်သည်မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား ၁၅၀ ဦးတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

အပူဒဏ်ကာကွယ်ရေး နှိုးဆော်ချက် (၂)

ဆေးရုံသို့ အမြန်ပြသပါ။

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်းသတိ လစ်ခြင်းနှင့် အတက်ရောဂါဖြစ်လျှင် ဆေးရုံအရောက်နောက်ကျပါက အသက်ဆုံးရှုံးနိုင်သဖြင့် ဆေးရုံသို့ အမြန်ဆုံးပြသကြရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၂-၄-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ ဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာ့ပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုးနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ ဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၂၀	၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅	၅။ မြန်မာသံစဉ်ချိုးနားဝင်
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀	၇။ မျိုးချစ်တပ်မတော်
၅:၀၀	၈။ အခြေခံပညာရေးပို့ချမှု အစီအစဉ်

Vital Statistics
(ပြည်သူ့ရေးရာ)

၅:၃၀	၉။ တိုင်းကျိုးပြည်ပြု ဒို့ရှေ့ရှု
၅:၄၅	၁၀။ သာယာသီကြွေးတော်ဆန်းတေး
၆:၀၀	၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။ နိုင်ငံတကာသတင်း
၆:၂၀	၁၃။ မိုးလေဝသသတင်း
၆:၂၅	၁၄။ မြန်မာ့ရှုခင်း
၆:၄၀	၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဉာဏ်ကျယ်လေး" (အပိုင်း-၁၂)
၈:၀၀	၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၀။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သိုင်းဇာတ်လေးနှင့်ရွှေမင်းသမီး (ဒုတိယတွဲ) (အပိုင်း-၉)
	၂၂။ သင်္ချာတွက်နည်းမြန်
	၂၃။ အပိတ်နှုတ်ဆက်စကား
	၂၄။ ပြီးပါပြီ။

မင်းကွန်းတောင်ရိုး အလှူတော်တရားပွဲ

ရန်ကုန် ဧပြီ ၂၁

မင်းကွန်းတောင်ရိုး မဟာသံဃိကဓမ္မသာရ (ရေမီး၊ဆွမ်း၊ဆေး) အလှူတော်နှင့် ဗုဒ္ဓတစ်ထောင်အလှူတော် ကုသိုလ်ကောင်းမှု အစုစုတို့အတွက် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ရာ ဧပြီ ၂၃ရက်တွင် သုဝဏ္ဏမြို့ (၂၃)ရပ်ကွက် ပျဉ်းမမြိုင်လမ်း၌ ရွှေရတု တိပိဋကရေ တိပိဋကကောဝိဒ ဆရာတော် ဦးဝံသပါလာ လင်္ကာရ(မြင်းမူဆရာတော်) နှင့် ဧပြီ ၂၄ ရက်တွင် အရှင်ဓမ္မသာရ (ဒီဃဘာဏက)တို့က ညစဉ် ၇နာရီတွင် တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

☆ **ကျောဖုံးမှ**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့အား ရှေးဟောင်းသုတေသနဦးစီးဌာန (မြောက်ဦး)မှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဦးလွင်က ကိုးသောင်းပုထိုးတော်ကြီး ဘက်စုံပြုပြင်ရေးလုပ်ငန်းစီမံချက် အဆင့်ဆင့်ကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးက ဖြည့်စွက်ရှင်းလင်း တင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

လှည့်လည်ဖူးမြော်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် ကိုးသောင်းပုထိုးတော်ကြီး လိုဏ်ပတ်လမ်းအတွင်း မြောက်ဦးခေတ် ရှေးဟောင်းယဉ်ကျေးမှု အနုလက်ရာများကို လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးတို့သည် ကိုးသောင်း ပုထိုးတော်ကြီး၌ ကိန်းဝပ်စံပယ်တော်မူသည့် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုကာ ပန်း၊ ဆီမီးနှင့် အမွှေးနံ့သာများ ကပ်လှူပူဇော်သည်။

ပါဝင်လှူဒါန်း

အဆိုပါ ကိုးသောင်းပုထိုးတော်ကြီးသည် မြောက်ဦးခေတ် မင်းဗာကြီး၏ သားတော် မင်းဒိုက္ကာ(မင်းတိက္ခာ)က ခရစ်နှစ် ၁၅၅၃ခုနှစ်တွင် တည်ထားခဲ့ခြင်းဖြစ်သည်။ ပုထိုးတော်ကြီး၏ အလယ်တည့်တည့်၌ ထူပါရုံစေတီတော်ကြီးတစ်ဆူရှိပြီး စေတီရင်ပြင်လက်ဝဲဘက်နှင့်လက်ယာဘက်၌လိုဏ်ဂူအဝင်လမ်း၊ အထွက်လမ်းများရှိသည်။ ပုထိုးတော်ကြီးတွင် ပစ္စယာအဆင့်ငါးဆင့်ရှိပြီး စေတီရံ ၁၂၄၁ ဆူနှင့် မြောက်ဦးခေတ် အနုလက်ရာ ပုထိုးတော်ကြီးတစ်ဆူဖြစ်သည်။ ပုထိုးတော်ကြီး ဘက်စုံ ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ဖြစ်ရာ စေတနာရှင်များ ပါဝင်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

ကြိုဆို

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် သျှစ်သောင်းပုထိုးတော်ကြီးသို့ ရောက်ရှိကြရာ မြောက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကပ်လှူပူဇော်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးနှင့်အဖွဲ့ဝင်များသည် သျှစ်သောင်းပုထိုးတော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်အား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ကာ ဖူးမြော်ကြည်ညိုကြသည်။

လှည့်လည်ကြည်ညို

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးနှင့်အဖွဲ့ဝင်များသည် သျှစ်သောင်းပုထိုးတော်ကြီးလိုဏ်ပတ်လမ်းအတွင်းရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား လည်းကောင်း၊ မြောက်ဦးခေတ် အနုလက်ရာ ကျောက်ဆစ်ရုပ်လုံး ရုပ်ကြွများကို လည်းကောင်း လှည့်လည်ကြည်ညိုကြသည်။

ဖြတ်သန်းကြည့်ရှု

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် ရန်ကုန်-စစ်တွေလမ်းပိုင်း၊ မြောက်ဦးမှ မင်းပြားလမ်းအပိုင်းရှိ တံတားများနှင့်လမ်းများ အခြေအနေကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ကြရာ မင်းပြားမြို့နယ် ကမ်းနီကျေးရွာအနီးရှိ ကြက်တက်ချောင်းရေလှောင်တမံလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

ကြက်တက်ချောင်းရေလှောင်တမံ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့အား ရခိုင်ပြည်နယ် ဆည်မြောင်း ဦးစီးဌာနညွှန်ကြားရေးမှူး ဦးမျိုးမြင့်က ကြက်တက်ချောင်းရေလှောင်တမံလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး လုပ်ငန်းခွင်အတွင်း လိုက်လံရှင်းလင်းပြသရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ ကြက်တက်ချောင်းရေလှောင်တမံသည် မင်းပြားမြို့နယ် ကမ်းနီကျေးရွာအရှေ့ဘက် လေးမိုင်အကွာရှိ ကြက်တက်ချောင်း၌ တည်ဆောက်ထားခြင်းဖြစ်သည်။

သောက်သုံးရေပေးဝေ

ရေဆင်းဧရိယာမှာ ဒသမ ၃ မိုင်ဧက ၁၉၀နှင့် တမံအမျိုးအစားမှာ မြေသားတမံ ဖြစ်သည်။ တမံအမြင့် ၃၈ပေ၊ တမံ အလျားပေ၄၂၀၊ ကန်ရေပြည့် ရေလှောင် ပမာဏ ၁၄၂ဧကပေ၊ ကန်ရေသေ ရေလှောင်ပမာဏဧကပေ၃၀ဖြစ်သည်။ ကမ်းနီရွာအနီးဒေသများကို သောက်သုံးရေပေးဝေနိုင်ရန်အတွက် တည်ဆောက်နေခြင်း ဖြစ်ကြောင်း သိရှိရသည်။

တွေ့ဆုံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့သည် နယ်မြေခံတပ်နယ်သို့သွားရောက်ကြပြီး နယ်မြေခံတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက မိသားစုဝင်ငွေ တိုးတက်ရေးအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ကြရေး၊ မိသားစုဝင်တိုင်း၏ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးတို့ကို ဆောင်ရွက်ပေးရေး မှာကြားသည်။

ဆက်လက်ထွက်ခွာ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် ဆက်လက်ထွက်ခွာခဲ့ကြရာ ရန်ကုန်-စစ်တွေ လမ်းအပိုင်း(၂) ယောချောင်း-မြောင်းဘွေ လမ်းအပိုင်း တည်ဆောက်ရေးစီမံကိန်းရုံးသို့ ရောက်ရှိကြသည်။

ဖြည့်စွက်မှာကြား

ယင်းနောက် စီမံကိန်းရုံးရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့အား ရန်ကုန်-စစ်တွေ လမ်းအပိုင်း(၂)ယောချောင်း-မြောင်းဘွေ လမ်းအပိုင်း အင်ဂျင်နီယာမှူး ဦးမောင်မောင်ဆယ်က လမ်းပိုင်းရှိ သစ်သားတံတားများနေရာ၌ ကွန်ကရစ်တံတားများ အစားထိုးတည်ဆောက်မှု အခြေအနေ၊ လမ်းပိုင်း၌ လမ်းပေါက်ဖာထေးခြင်း၊ လှိုင်းဖြေခြင်း၊ ရေလွှာပိတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့နှင့် စပ်လျဉ်း၍တင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် လမ်းတစ်လျှောက် တံတားများနှင့် လမ်းများ အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ညနေ ၆နာရီခွဲတွင် အမ်းမြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း မြောက်ဦးမြို့ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားပုထိုးများအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း မင်းပြားမြို့နယ် နယ်မြေခံတပ်ရင်းမိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တောင်တန်းသာသနာပြု ဆရာတော်ဘဒ္ဒန္တ ဣန္ဒာစာရ ပျံလွန်တော်မူ

ရန်ကုန် ဧပြီ ၂၁

ကချင်ပြည်နယ် ပူတာအိုမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဇဟိုကျောင်း၌ သီတင်းသုံးတော်မူခဲ့သည့် တောင်တန်းသာသနာပြုဆရာတော်ကြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဣန္ဒာစာရသည် သက်တော်(၇၂)နှစ်၊ သိက္ခာတော်(၅၂)ဝါအရ ၁၀-၄-၂၀၀၄ရက်တွင် ဘဝနတ်ထံ ပျံလွန်တော်မူ၍ ၁၂-၄-၂၀၀၄ရက်တွင် မြစ်ကြီးနားမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြုဇဟိုကျောင်း၌ အန္တိမစျာပန သာဓုကီဠနပူဇာသဘင် အခမ်းအနားကျင်းပပြီး မြစ်ကြီးနားမြို့ ရာဒါကောင်းသုသာန်၌ အန္တိမအဂ္ဂိစျာပနမှု ပြုလုပ်ပူဇော်ပြီး ဖြစ်သည်။

တောင်တန်းသာသနာပြု ဆရာတော်ကြီး ဘဒ္ဒန္တ ဣန္ဒာစာရသည် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် ကန္ဒားပြင်ကျေးရွာနေ ဦးလုံးအောင်-ဒေါ်ပြားတို့၏ သားရတနာဖြစ်ပြီး ၁၉၉၆ခုနှစ်တွင် နိုင်ငံတော်အစိုးရက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ဖြင့် ပူဇော်ခံရပြီးလျှင် ကချင်ပြည်နယ် ပူတာအိုဒေသ၌ ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းကားအောင် နှစ်ပေါင်း ၄၀ကျော် သာသနာပြုခဲ့ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးလက်ဒေသများဖွံ့ဖြိုးရေး တာဝန်ရှိသူများ အောက်ခြေအထိဆင်း၍ ဆောင်ရွက် မြို့ကို မြို့အင်္ဂါရပ်နှင့်အညီ စီမံဆောင်ရွက်ရာတွင် စီမံခန့်ခွဲရေးနည်းလမ်းကို အသုံးပြု ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ပုဏ္ဏားကျွန်းမြို့နယ်နှင့် မြောက်ဦးမြို့နယ် ဌာနဆိုင်ရာများအား မှာကြား

ရန်ကုန် ဧပြီ ၂၁

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး၊ စစ်တွေတပ်နယ်မှ ဗိုလ်မှူးကြီးသန်းထွန်းအောင်တို့ လိုက်ပါလျက် ဧပြီ ၁၈ရက် နံနက်ပိုင်းတွင် စစ်တွေမြို့မှ ရန်ကုန်-စစ်တွေလမ်းမကြီး စစ်တွေ-ပုဏ္ဏားကျွန်းလမ်းအပိုင်းရှိ လမ်း၊ တံတား အခြေအနေများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး ထွက်ခွာခဲ့ရာ နံနက် ၈နာရီခွဲတွင် ပုဏ္ဏားကျွန်းမြို့သို့ ရောက်ရှိသည်။

တွေ့ဆုံ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ပုဏ္ဏားကျွန်းမြို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဦးရာဇမင်္ဂလာ ခန်းမ၌ ပုဏ္ဏားကျွန်းမြို့ပေါ်ရှိ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖ များအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပုဏ္ဏားကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးဝေမျိုးခိုင်က မြို့နယ်၏ အသားတင်စိုက်ပျိုးနိုင်မှု နှင့် ငါး/ပုစွန်မွေးမြူနိုင်မှုအခြေအနေ၊ ရေတ်ကောင်းစိုက်ပျိုးမှုကို စီမံချက် ချမှတ်ဆောင်ရွက်နေမှု၊ မြို့နယ်၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ လမ်းတံတား အခြေအနေများနှင့် မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ မြို့နယ်၏ အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ သက်ဆိုင်ရာ ပြည်နယ်အဆင့် ဌာန ဆိုင်ရာများနှင့် တာဝန်ရှိသူများက ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက နိုင်ငံတော်က သတ်မှတ်ထားသော အဓိကသီးနှံ ၁၀မျိုးအပြင် ဒေသနှင့် ကိုက်ညီသော သီးနှံများဖြစ်သည့် ဗိုလ်ကိတ်ပဲနှင့် ဆီမုန်ညင်းများကို တိုးချဲ့စိုက်ပျိုးသွားရေး၊ နွေစပါး စိုက်ပျိုးရန် မဖြစ်နိုင်သောဒေသများ၌ စိုက်ပျိုးရန် ဖြစ်ထွန်းနိုင်သည့် ပဲ အမျိုးမျိုးနှင့် အခြားသီးနှံများ တိုးချဲ့ စိုက်ပျိုးရေး၊ မြို့နယ်၏ ရေတ်ကောင်း စိုက်ပျိုးရန် သတ်မှတ်ပေးထားသည့် အတိုင်း အောင်မြင်စွာဖြင့် ရှင်သန် ဖြစ်ထွန်းအောင် ဂရုတစိုက် ကြိုးပမ်း စိုက်ပျိုးသွားကြရေးနှင့် မြို့နယ်၏ ဖွံ့ဖြိုးတိုးတက်ရာ တိုးတက်ကြောင်း နည်းလမ်းရှာကြံပြီး ဌာနဆိုင်ရာ အချင်းချင်း ပူးပေါင်း၍ ညီညီ ညွတ်ညွတ် ဆောင်ရွက်သွားကြရေး မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

တွေ့ဆုံပွဲအပြီးတွင် ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တက်ရောက်လာကြသောဌာနဆိုင်ရာ များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦး လိုက်ပါလျက် ပုဏ္ဏားကျွန်းမြို့ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိကြပြီး နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင် များအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက တပ်ဖွဲ့ဝင်မိသားစု များ၏ ကျန်းမာရေး၊ လူမှုရေး၊ ပညာ ရေးတို့ကို တာဝန်ရှိသူအဆင့်ဆင့်က ဖြည့်ဆည်း ဆောင်ရွက်ပေးရေး၊ မိသားစုဝင်ငွေတိုးတက်ရာ တိုးတက် အောင် တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူ ရေး လုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်း များ လုပ်ကိုင်ဆောင်ရွက်သွားကြရေး အကျယ်တဝင့် မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် အရာရှိ၊ စစ်သည် များနှင့် မိသားစုဝင်များအား ရင်းရင်း နှီးနှီးနှုတ်ဆက်သည်။

စံပြခြံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် ပုဏ္ဏား ကျွန်းမြို့အထွက်ရှိ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း ရေတ်ကောင်းမျိုး ပြန့်ပွား ရေးနှင့် ပညာပေးရေး စံပြခြံသို့ ရောက်ရှိကြသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ် မန်နေဂျာ ဦးကြည်ဟန်က စံပြခြံတွင် မြေဧရိယာဖော်ထုတ်မှု၊ မျိုးစေ့များ ပျိုးထောင်ထားရှိမှုအခြေအနေ၊ စိုက် ပျိုးနည်းစနစ် အမျိုးမျိုးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးက ဖြည့်စွက်ရှင်းလင်း တင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ရခိုင်ပြည်နယ်ကို ရေတ်ကောင်း အများဆုံးစိုက်ပျိုးသော ပြည်နယ်ဖြစ်သည်အထိ အောင်မြင် ဖြစ်ထွန်းအောင် ပြန့်ပွားစိုက်ပျိုးသွား ကြရေး၊ နည်းပညာဖြင့် စနစ်တကျ ပညာပေး ဆောင်ရွက်သွားကြရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် ရေတ် ကောင်းပျိုးခင်းကို လည်းကောင်း၊ ရေတ်ကောင်းပင်များ မျိုးပွားထားရှိမှု ကိုလည်းကောင်း၊ အောင်မြင်ဖြစ်ထွန်း နေပြီဖြစ်သော ရေတ်ကောင်းပင်ငယ် များကိုလည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ပုဏ္ဏားကျွန်းရှိ ရေတ် ကောင်းမျိုးပြန့်ပွားရေးနှင့် ပညာပေး ရေး စံပြခြံသည် မြေဧရိယာ ၁၀ ဒသမ ၆၄ဧက ကျယ်ဝန်းပြီး ရေတ် ကောင်းအစေ့မျိုး နှစ်သိန်းနှင့် ကိုင်းမျိုးနှစ်သိန်း စုစုပေါင်းလေးသိန်း ပျိုးထောင်လျက်ရှိသည်။ မြေဧရိယာ ၆ ဒသမ ၀၄ ဧက၌ တွယ်ပင်စနစ် ၄၃၂၅ပင်၊ တိုင်ထောင်စနစ် အပင် ၃၂၄၀၊ အုတ်ပုံစနစ် ၁၄၄ ပင်နှင့် မြေပုံစနစ် ၁၄၄ပင်စိုက်ပျိုးပြီးကြောင်း သိရသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် ပုဏ္ဏား ကျွန်းမြို့နယ် ဘဲငါးရာတောင်ခြေရှိ လယ်ဧက ၁၀၀၀ ဖော်ထုတ်ရေး စီမံကိန်းသို့ ရောက်ရှိကြသည်။

မြေယာဖော်ထုတ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့အား စီမံကိန်း ယာယီရှင်းလင်းဆောင်၌ စစ်တွေ တပ်နယ်မှ ဗိုလ်မှူးကြီးသန်းထွန်း အောင်က ပုဏ္ဏားကျွန်းမြို့နယ်ရှိ ကွင်း ၁၁ကွင်း၌ စက်ယန္တရားများဖြင့် မြေယာဖော်ထုတ်နေမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်း အစီအမံများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက မြေယာများ ဖော် ထုတ်ရာတွင် ပိုင်ရှင်ရှိ လယ်ယာမြေ များကို မထိခိုက်စေဘဲ စနစ်တကျ ဖော်ထုတ်ရေးမှာကြားပြီး စက်ယန္တရား များဖြင့် မြေယာဖော်ထုတ်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများ က ရှင်းလင်းပြသကြသည်။

အဆိုပါ ဘဲငါးရာတောင်ခြေ လယ်မြေဧက ၁၀၀၀ ဖော်ထုတ်ရေး စီမံကိန်းကို နှစ်နှစ်အတွင်း ဖော်ထုတ် မည်ဖြစ်ရာ ယခုအခါ ၁၆၈ ဧက ဖော်ထုတ်ပြီးဖြစ်သည်။ လက်ရှိ ၁၄၈၇ ဧက ဖော်ထုတ်ရန် လျာထား ရာမှာ ဧက ၁၅၀၀ ပြည့်မီသည်အထိ ဆက်လက် ဖော်ထုတ်သွားမည်ဖြစ် ကြောင်း သိရသည်။

လမ်း၊တံတားများကြည့်ရှု

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် မော်တော် ယာဉ်များဖြင့် ပုဏ္ဏားကျွန်း- ကျောက် တော် ကားလမ်းအခြေအနေနှင့် လမ်းပိုင်းရှိ တံတားများကို ဖြတ်သန်း ကြည့်ရှုပြီး ဆက်လက်ထွက်ခွာခဲ့ရာ ညနေ ၄နာရီတွင် ကျောက်တော်မြို့ မဟာမုနိဘုရားကြီးသို့ ရောက်ရှိကြပြီး ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးတင်လှိုင်၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းအေးသာ နှင့် တာဝန်ရှိသူများက ကြိုဆိုကြ သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မဟာမုနိရုပ်ပွားတော်အား ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ကာ ဖူးမြော် ကြည်ညိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် ဂန္ဓကုဋိ ပြာသာဒ်ကျောင်းတော်အတွင်း လှည့် လည်ကြည့်ညိုကြသည်။

ဖူးမြော်ကြည်ညို

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ် ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များ ကျောက်တော်မြို့နှင့် မြောက်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရား များအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

အဆိုပါ ဂန္ဓကုဋိပြာသာဒ်ကျောင်း တော်ကို တိုင်လုံး ၂၉လုံးဖြင့် တည် ဆောက်ထားပြီး တိုင်လုံးတိုင်း၌ ဗုဒ္ဓ ၏ နိပါတ်တော်လာ ဇာတ်တော်ကြီး များကို အနုလက်ရာဖြင့် ပုံဖော်ထုလုပ် ထားသည်ကို တွေ့ရသည်။

ဘေးမဲ့လွှတ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် မဟာမုနိဘုရား ပရိဝုဏ်ရှိ ဦးတော်ဆေးကန်၌ ငါးများ အား ဘေးမဲ့လွှတ်ပေးပြီး မွေးမြူထား သောငါးများအား အစာကျွေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် မော်တော် ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ ရာ မြောက်ဦး ရှေးဟောင်းယဉ်ကျေးမှု နယ်မြေရှိ ဝေသာလီဆုတောင်းပြည့် ဘုရားကြီးသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဗုဒ္ဓရုပ်ပွားတော် မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကာ ဖူးမြော်ကြည်ညို သည်။

ဘက်စုံပြုပြင်ရေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့အား ရှေး ဟောင်း သုတေသနဦးစီးဌာန (မြောက်ဦး)မှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဦးလွင်က ဝေသာလီ ဆုတောင်းပြည့် ဘုရားသမိုင်း အကြောင်းကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဘက်စုံပြုပြင်ရေး စနစ်တကျ ဆောင် ရွက်ရန် မှာကြားသည်။ အဆိုပါ ဝေသာလီဆုတောင်းပြည့် ဘုရား သည် ဝေသာလီမြို့တော်ကို တည် ထောင်ခဲ့သည့် မဟာတိုင်းစန္ဒြားမင်း ကြီးနှင့် မိဖုရားခေါင်ကြီး သုပကာ ဒေဝီတို့က အေဒီ ၃၂၇ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့သည့် ဘုရား ဖြစ်သည်။ ကျောက်တစ်လုံးတည်းဖြင့် ဆင်းတုတော်ကို ထုလုပ်ထားခြင်း ဖြစ်သည်။ ဉာဏ်တော်အမြင့်မှာ ၁၇ပေနှင့် ၁၀လက်မရှိကြောင်းနှင့် ယခုအခါ ဂေါပကအဖွဲ့က ဦးစီး၍ ဘက်စုံပြုပြင်ထိန်းသိမ်းလျက်ရှိသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် မြောက်ဦး မြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိကြ ပြီး မြို့နယ် အစည်းအဝေးခန်းမ၌ မြောက်ဦးမြို့နယ်အတွင်းရှိ ဌာန ဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ နှင့် ရပ်မိရပ်ဖများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မြောက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးခင်သန်းက မြောက်ဦးမြို့နယ်၏ စီးပွားရေး၊ လူမှုရေး အောင်မြင်ရေးအတွက်

လမ်း(၅၀)မွှာရုံ မိုးကုတ်ဝိပဿနာတရားပွဲ

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၅)ရပ်ကွက် လမ်း(၅၀)(အောက်လမ်းသွယ်)မွှာရုံ၌ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း အင်းစိန်မြို့နယ် ညောင်ပင်သာကျောင်းတိုက် ပဓာနနာယကဆရာတော် ကမ္မဋ္ဌာနာစရိယ မိုးကုတ် ဓမ္မကထိက ဘဒ္ဒန္တ မာလာစာရ (မွှာစရိယ) အရှင်သူမြတ်က ပဋိစ္စသမုပ္ပါဒ်တရားတော်များကို ဧပြီ ၂၆ရက်မှ မေ ၃ရက်အထိ ဟောကြားပြသမည်ဖြစ်ရာ ညစဉ် တရားနာယူနိုင်ကြောင်း သိရသည်။ (က-ပ)

ယ်မြေခံအဖွဲ့အစည်းများ၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့် ပူးပေါင်းညှိနှိုင်းကာ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေတို့နှင့်စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်သစ် တည်ဆောက်ရာ၌ နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စီးပွားရေး အင်အားတောင့်တင်းခိုင်မာရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့သည် အဓိကဖြစ်ကြောင်း၊ နိုင်ငံတော်တွင် အေးချမ်းသာယာပြီး တရားဥပဒေစိုးမိုးမှု ရှိနေပြီဖြစ်သော်လည်း ရေရှည်တည်တံ့မှု ရရှိရေးတွင် ဌာနဆိုင်ရာများနှင့်အတူ ဒေသခံပြည်သူများကလည်း ပူးပေါင်းကူညီ ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း။

စီးပွားရေး အခြေခံဖြစ်သည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို တိုးတက်ဆောင်ရွက်နိုင်မှသာ နိုင်ငံတော်၏ စီးပွားရေး အင်အားတောင့်တင်းခိုင်မာမည်ဖြစ်၍ ယခုထက်တိုးတက်မှုရရှိအောင် ဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံတော်က အဓိကသီးနှံ ၁၀မျိုး သတ်မှတ်ထားရာ ဒေသနှင့် ကိုက်ညီသည့် အခြားသီးနှံများကိုလည်း စိုက်ပျိုးရန်လိုကြောင်း။

သီးထပ်စိုက်ပျိုး

ဤဒေသတွင် မိုးစပါး စိုက်ဧကများထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်သော်လည်း သီးထပ်အဖြစ် ပဲနှင့် ဆီထွက်သီးနှံများကို ယခုထက် ပိုမိုစိုက်ပျိုးရန်လိုကြောင်း၊ သီးထပ်စွမ်းအားမြှင့်တင်ရေးအတွက် စီမံချက်ရေးဆွဲတင်ပြပြီး ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ နှစ်ရှည် သီးပင်အနေဖြင့် သစ်ဆိမ့်ပင်ကိုလည်းကောင်း၊ အမယ်သစ် သီးနှံအနေဖြင့် ဒေသနှင့် သင့်လျော်သည့် ငရုတ်ကောင်းကိုလည်းကောင်း တိုးချဲ့စိုက်ပျိုးကြရန် လိုကြောင်း။

မွေးမြူရေးတွင် ဒေသကြက်တစ်ပိုင်တစ်နိုင် မွေးမြူရေးကို တွန်းအားပေးဆောင်ရွက်ရေးနှင့် ပုစွန်ကန် တူးဖော်ခြင်းကြောင့် လယ်မြေဆုံးရှုံးမှု မရှိစေရေး ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးကို တာဝန်ရှိသူများက အောက်ခြေအထိ ဆင်း၍ ဆောင်ရွက်ရေးနှင့် မြောက်ဦးမြို့ကို မြို့အင်္ဂါရပ်နှင့်အညီ စီမံဆောင်ရွက်ရာတွင် စီမံခန့်ခွဲရေး နည်းလမ်းကို အသုံးပြု၍ ဆောင်ရွက်ကြရန် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ကြရာ ညပိုင်းတွင် မြောက်ဦးမြို့ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် နယ်မြေခံတပ်ရင်း အစည်းအဝေးခန်းမ၌ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ မိသားစုအလိုက် ဝင်ငွေတိုးရေးအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ကြရေး မှာကြားသည်။

ထိုနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် နယ်မြေခံတပ်ရင်းမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးနှင့် အဖွဲ့ဝင်များသည် မြောက်ဦးမြို့သို့ ပြန်လည်ရောက်ရှိပြီး ညအိပ်ရပ်နားသည်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်စောထွန်း ရခိုင်ပြည်နယ်၌ လမ်း၊ တံတားများ စစ်ဆေး

ရန်ကုန် ဧပြီ ၂၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် ဧပြီ ၁၉ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်ဖြင့် တောင်ကုတ်-သံတွဲလမ်းကို ကြည့်ရှုစစ်ဆေးသည်။

အချိန်မီဆောင်ရွက်

ဝန်ကြီးအား ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း သံတွဲခရိုင် အင်ဂျင်နီယာမှူး ဦးဉာဏ်ထွန်းက လမ်းတိုးတက်ကောင်းမွန်ရေး ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက မိုးရာသီ ကျရောက်တော့မည် ဖြစ်သဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများကို အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် လမ်းတစ်လျှောက်ရှိ တံတားငယ်များကိုလည်း ကြည့်ရှုစစ်ဆေး ထိန်းသိမ်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် တောင်ကုတ်-မအီလမ်းကိုဆက်လက်စစ်ဆေးပြီး ဝန်ကြီးက တောင်ကုတ်-မအီလမ်းသည် ရန်ကုန်-ပြည်-တောင်ကုတ် - မအီ - ကျောက်ဖြူလမ်း၏ အဓိကကျသည့် လမ်းအပိုင်းတစ်ပိုင်းအနေဖြင့် ပါဝင်သည့် အလျောက် လမ်းမကြီးများ၏ အင်္ဂါရပ်နှင့်ကိုက်ညီသည့် လမ်းဖြစ်အောင် ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆားပြင်တံတား

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်-စစ်တွေလမ်း (တောင်ကုတ်-မအီ) အပိုင်းရှိ ဆားပြင်ရွာ ရှောင်ကွင်းလမ်းမြေကြီးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဆားပြင်တံတား တည်ဆောက်မည့်နေရာကိုလည်းကောင်း၊ လမူးတံတားတည်ဆောက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ရန်ကုန်-ကျောက်ဖြူလမ်း (မအီ-ကျောက်ဖြူအပိုင်း)ကို ကြည့်ရှုစစ်ဆေးရာ စီမံကိန်းတာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသန်းညွန့်က Geotextile နည်းအသုံးပြုပြီး လမ်းဖောက်လုပ်ထားမှု အခြေအနေ၊ မိုးရာသီ ခရီးလမ်းမပြတ်စေရေးအတွက် အမာခံကျောက်ခင်းရန် ကြိုတင်ဆောင်ရွက်ထားသည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက မအီ-ကျောက်ဖြူလမ်း ရေရှည်တည်တံ့ရေးအတွက် တာဝန်ခံအင်ဂျင်နီယာများက အနီးကပ် ကြပ်မတ်ဆောင်ရွက်ကြရန် မှာကြားသည်။

လုံးတော်ပေါက်တံတား

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် လုံးတော်ပေါက်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်နှင့် သံသမကြီးတံတားတည်ဆောက်ရေး လုပ်ငန်းခွင်တို့သို့ ရောက်ရှိပြီး တံတားတည်ဆောက်ရေး လုပ်ငန်းများကို စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးရေးအတွက် ကြိုးစားဆောင်ရွက်ကြရန် မှာကြား သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ရခိုင်ပြည်နယ်ရှိ လုံးတော်ပေါက်တံတား တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။ (ဆောက်လုပ်ရေး)

ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် အဖွဲ့ဝင်များသည် ဧပြီ ၂၀ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်များဖြင့် အမ်း-ပဒဲကြောလမ်းအပိုင်း မြေကြီးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ သစ်သားတံတားငယ်များ တည်ဆောက်သည့် လုပ်ငန်းများနှင့် အမာခံ ကျောက်ခင်းခြင်းလုပ်ငန်းများကိုလည်းကောင်း၊ အဆိုပါလမ်းပေါ်ရှိ ထန်းချောင်းတံတား တည်ဆောက်ရန်အတွက် လုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် မင်းဘူး-အမ်းလမ်းကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးက မိုးရာသီ ရောက်တော့မည် ဖြစ်သည့်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် တောင်ပေါ်လမ်းဖြစ်သည့်အတွက် ရေစီးရေလာ ကောင်းမွန်အောင် လမ်းဘေးရေမြောင်း၊ ဖြတ်မြောင်းများကို ဂရုတစိုက် ဆောင်ရွက်ကြရန် မှာကြားသည်။ (သတင်းစဉ်)

❍ **အီလက်ထရွန်နစ်မှ**
မြှင့်တင်ရန် ရည်ရွယ်၍ အီလက်ထရွန်နစ် နည်းစနစ်သုံး ပညာရေးစီမံခန့်ခွဲမှုသင်တန်းကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ အီလက်ထရွန်နစ်သင်ယူမှုဌာန (e-Education Learning Centre) **များသို့ တိုက်ရိုက်ထုတ်လွှင့်ပို့ချရန် ပညာရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိသည်။**

အဆိုပါသင်တန်းအတွက် သင်ခန်းစာ ပို့ချချက်အစီအစဉ်များကို မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ပညာရေးရုပ်မြင်သံကြား ရိုက်ကူးရေးခန်းမ၌ ရိုက်ကူးထုတ်လုပ်ပြီးဖြစ်၍ ရန်ကုန်အဝေးသင်တက္ကသိုလ် Electronic Data Broadcasting Centre က တိုက်ရိုက်ထုတ်လွှင့် ပို့ချပေးမည်ဖြစ်သည်။

ထုတ်လွှင့်

အီလက်ထရွန်နစ် နည်းစနစ်သုံး ပညာရေးစီမံခန့်ခွဲမှုသင်တန်းကို ၂၀၀၄ခုနှစ် ဧပြီ ၂၆ရက်၊ ၂၇ရက်၊ ၂၈ရက်၊ ၂၉ရက်နှင့် ၃၀ရက်တို့တွင် နေ့စဉ် နံနက် ၉နာရီမှ ၁၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ တစ်ကြိမ် ထုတ်လွှင့်ပို့ချသွားမည်ဖြစ်ရာ အဆိုပါ ထုတ်လွှင့်ပို့ချမှုအစီအစဉ်များကို မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သတ်မှတ်ထားသော အီလက်ထရွန်နစ်သင်ယူမှုဌာန (e-Education Learning Centre) **များ၌ သင်ယူကြရမည်ဖြစ်သည်။**

ထို့ပြင် အဆိုပါသင်တန်းနှင့်စပ်လျဉ်း၍ သိကောင်းစရာများကို ဧပြီ ၂၄ရက် နှင့် ၂၅ရက် မွန်းလွဲ ၁နာရီတွင် ကြိုတင်ထုတ်လွှင့်ပေးသွားမည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၆ရက် နံနက် ၈နာရီခွဲတွင် မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ပညာရေးရုပ်မြင်သံကြား ရိုက်ကူးရေးခန်းမ၌ ကျင်းပမည်ဖြစ်ပြီး သင်တန်းဖွင့်ပွဲ အခမ်းအနားအစီအစဉ်ကိုလည်း တိုက်ရိုက်ထုတ်လွှင့်ပေးမည်ဖြစ်သည်။ (သတင်းစဉ်)

စီးပွားကူးသန်း ရှေ့သို့လှမ်း

✧ **စက်မှုလုပ်ငန်းများမှ**
ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်တို့က စက်မှုဇုန်များ၏ ဘတ်စ်ကားနှင့် ကုန်တင်ကား တိုးချဲ့ထုတ်လုပ်နိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

တင်ပြဆွေးနွေး

ထို့နောက် စက်မှုဇုန်အလိုက် ကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် စက်မှုလုပ်ငန်းရှင်များ၊ ဆပ်ကော်မတီဥက္ကဋ္ဌများက စက်မှုဇုန်များ၏ မော်တော်ကား ထုတ်လုပ်မှု အခြေအနေ၊ လက်တွန်းထွန်စက် အပါအဝင် လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်မှုအခြေအနေ၊ ပိုမိုအရည်အသွေးကောင်းမွန်သော စက်ပစ္စည်းများ ထုတ်လုပ်ရာ၌ တွေ့ကြုံရသော အခြေအနေ၊ နယ်မြေဒေသ ပထဝီမြေအနေအထား မတူညီမှုများအပေါ်မှီ၍ ဈေးကွက်ကြိုက်ပစ္စည်း ထုတ်လုပ်သွားနိုင်အောင် ကြိုးပမ်းလျက်ရှိသည့် အခြေအနေများကို တင်ပြဆွေးနွေးကြသည်။

မေးမြန်းဆွေးနွေး

ထို့နောက် စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ရန်ကုန်မြို့သို့ စုစည်းရောက်ရှိစဉ် စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် စက်မှုဇုန်ကိုယ်စားလှယ်များက နိုင်ငံတော်က အလေးထားသော လယ်ယာသုံးစက်ကိရိယာထုတ်လုပ်သည့် စက်မှုလုပ်ငန်း၊ စက်မှုသုံး စက်ကိရိယာထုတ်လုပ်သည့် စက်မှုလုပ်ငန်း၊ မော်တော်ယာဉ်ထုတ်လုပ်သည့် စက်မှုလုပ်ငန်း၊ သွင်းကုန်အစားထိုးစက်မှုလုပ်ငန်းများကို စက်မှုဇုန်များ၌ တောင့်တောင့်တင်းတင်း ခိုင်မာစွာဖြစ်ပေါ်ရေး၊ ဈေးကွက်ဝင်ပြီး ကုန်ထုတ်လုပ်မှု တိုးတက်ရေးကို အထောက်အကူပြုသော စက်ပစ္စည်းများ ထုတ်လုပ်ရေးတို့နှင့် စပ်လျဉ်း၍ အဖြေရှာ ဆွေးနွေးစေလိုကြောင်း၊ နိုင်ငံတော်အပိုင်းက ကူညီနိုင်၊ ပံ့ပိုးနိုင်သည်များကို အစွမ်းကုန် ကူ... ပေးသွားမည်ဖြစ်ကြောင်း မှာ... သိလိုသည်များကို မေးမြန်းဆွေ... သည်။

အင်အားရှိရှိထူထောင်

ထို့နောက် ဝန်ကြီး ဦး... သောင်းနှင့် ဝန်ကြီး ဗိုလ်ချုပ်စော... တို့က နိုင်ငံတော်အပိုင်းနှင့် ဝ... ဌာနအပိုင်းတို့က ပုဂ္ဂလိက ... ကဏ္ဍ မြှင့်တင်ရေးအတွက် လက်... ကျကျ ပူးပေါင်းအကူအညီ... သည်မှာ အမှန်ဖြစ်ကြောင်း၊ လု... ရှင်များကလည်း စက်မှုဇုန်အ... နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအ... အမှန်လိုအပ်သည့် လယ်ယ... စက်ကိရိယာထုတ်လုပ်သော ... လုပ်ငန်းကို အင်အားရှိရှိ ထူ... နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေး... လိုကြောင်း ရှင်းလင်းဆွေးနွေး... ဒုတိယနေ့ လုပ်ငန်းညှိနှိုင်းအ... အဝေးကို ညနေပိုင်းတွင် ရပ်... လိုက်သည်။ (သတ...

သံတွဲမြို့ မဟာသင်္ကြန် စည်ကာ...

ရန်ကုန် ဧပြီ ၂၁

၁၃၆၅ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို သံတွဲမြို့၌ သံတွဲ... အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ စည်ကားသိုက်မြို... ကျင်းပခဲ့သည်။ သင်္ကြန်ရက်များတွင် ဒေသခံပြည်သူများသာမက အနယ်... အရပ်ရပ်မှ ငပလီကမ်းခြေသို့ အပန်းဖြေ လာရောက်ကြသော ပြည်သူမ... အေးချမ်းပျော်ရွှင်စွာ ရေကစားခဲ့ကြသည်။

ချီးမြှင့်

မဟာသင်္ကြန်အတက်နေ့၊ ဧပြီ ၁၆ရက် ညပိုင်းတွင် ဗဟိုမဏ္ဍပ်၌ ဆု... နှင့် မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲကိုကျင်းပရာ ရခိုင်ရိုးရာ နံ့သာသွေးပြိုင်... အသင်းများနှင့် အခြားပြိုင်ပွဲဆုရ အသင်းများအား ခရိုင် အေးချမ်းသာယာ... ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်၊ ဇနီး ဒေါ်ခင်ဆွေ... တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ဧပြီ ၁၇ရက်၊ နှစ်ဆန်းတစ်ရက်နေ့တွင် သံတွဲမြို့ သာသနာ့ဗိမာန်တော... နှင့် ရပ်ကွက်များ၊ ဌာနဆိုင်ရာများ၌ ပရိတ်တရားတော် ရွတ်ဖတ်ပွဲများ ... ခဲ့သည်။ (သတ...

မြန်မာ့ရုပ်မြင်သံကြားအစီအစ...

၂၂-၄-၂၀၀၄ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၀၀ ၆။ အဆိုပြိုင်ပွဲ
၈း၁၀ ၇။ အကပဒေသာ
၈း၂၀ ၈။ ဇိုက္ကရဲရေထိန်းတံခါး
၈း၃၀ ၉။ International News.
၈း၄၅ ၁၀။ Let's Go.
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀ ၃။ English for Everyday Use.
၄း၄၅ ၄။ တေးဂီတအစီအစဉ်
၅း၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ
-ပထမနှစ်
(သိပ္ပံအထူးပြုအားလုံး)
(ဓာတုဗေဒ)
၅း၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသူ...
၅း၃၀ ၇။ မြန်မာစာမြန်မာစကား
၅း၄၅ ၈။ တေးဂီတအစီအစဉ်
၆း၀၀ ၉။ နိုင်ငံအဝန်းသစ်တောစွမ်...
စိမ်းလန်းစေရမည်
၆း၁၅ ၁၀။ သက်တံရောင်သံစဉ်
၆း၃၀ ၁၁။ ညနေခင်းသတင်း
၇း၀၀ ၁၂။ မိုးလေဝသအခြေအနေ
၇း၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မိုးနတ်မယ်" (အပိုင်း-၁၅)**
၇း၃၀ ၁၄။ တေးဂီတအစီအစဉ်
၇း၄၅ ၁၅။ အမျိုးသမီးဘဝဖွံ့ဖြိုးဖို့... ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွ... (အပိုင်း-၂)
၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ **မြန်မာဗီဒီယိုဇာတ်လမ်း... "ကွန်" (အပိုင်း-၁) (ကျော်ဟိန်း၊နန္ဒာလှိုင်၊ချ... (ဒါရိုက်တာ-ကျော်ဇော...**
၂၀။ နောက်တစ်နေ့အစီအစဉ်
၂၁။ အစီအစဉ်ပြီး၏။

ဒါနဥပ ပါရမီ သွေးလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၁

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာ အသင်းချုပ် အကြိမ်(၇၀)မြောက် ဒါနဥပပါရမီ သွေးလှူဒါန်းပွဲကို ဧပြီ ၂၅ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ သွေးလှူရှင်များအား ဖိတ်ကြားထားသည်ဟု သိရသည်။

(၂၃)

သားငါးဖွံ့ဖြိုး ပြည်သူ့အကျိုး

နွေသီးနှံနှင့် မိုးသီးနှံများ အချိန်မီရေပေးဝေစိုက်ပျိုးနိုင်ရန် စီစဉ် တွင်းကြီးမြစ်ရေတင်စီမံကိန်း တိုင်းမှူး ဗိုလ်ချုပ်သာအေး စစ်ဆေး

ရန်ကုန် ဧပြီ ၂၁

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဧပြီ ၁၅ ရက် မွန်းလွဲပိုင်းတွင် မြောင်မြို့နယ် ပရိမ္မကျေးရွာရှိ တွင်းကြီးလျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စီမံကိန်းရှင်းလင်းဆောင်၌ တိုင်းမှူးအား တိုင်းရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှမင်းက စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် နွေသီးနှံစိုက်ပျိုးရေပေးဝေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းပေး

ထို့နောက် တိုင်းမှူးက တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြချက်များအပေါ် လုပ်ငန်း လိုအပ်ချက်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး လုပ်ငန်းခွင်အတွင်း ပင်မမြောင်း၊ လက်တံမြောင်း တစ်လျှောက် စိုက်ပျိုးရေပေးဝေမှု၊ စီမံကိန်းရေဖြင့် နွေသီးနှံစိုက်ပျိုးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဒေသခံတောင်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အကျိုးပြု

အဆိုပါ တွင်းကြီးလျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ချင်းတွင်းမြစ်မှ ရေတင်ခြင်းဖြစ်ပြီး ၂၀၀၄ခုနှစ် နွေသီးနှံနှင့် မိုးသီးနှံများ အချိန်မီ ရေပေးဝေစိုက်ပျိုးနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အားအစား ကက်တာပီလာဒီဇယ် အင်ဂျင်စက်များ တပ်ဆင်၍ စိုက်ပျိုးရေပေးဝေခြင်းဖြစ်ပြီး လျှပ်စစ်ဓာတ်အား တပ်ဆင်၍ မြစ်ရေတင်စီမံကိန်းပြီးစီးပါက အကျိုးပြုဧက ၁၀၀၀၀ စိုက်ပျိုးနိုင်မည်ဖြစ်ပြီး ယခု ဒီဇယ်အင်ဂျင်စက်တပ်ဆင်၍ ၂၀၀၄ ခုနှစ် စိုက်ပျိုးရာသီတွင် မြောင်မြို့နယ်အတွင်း နွေစပါးဧက ၅၀၀၊ မိုးစပါးဧက ၁၀၀၀၊ နွေနှမ်းဧက ၁၅၀၀၊ ချည်မျှင်ရှည်ဝါဧက ၅၀၀နှင့် ပဲတီစိမ်းဧက ၅၀၀ စုစုပေါင်းဧက ၄၀၀၀ ကို စိုက်ပျိုးရေပေးဝေစိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ကြည့်ရှုစစ်ဆေး

ဧပြီ၁၆ ရက်မွန်းလွဲပိုင်းတွင် တိုင်းမှူးသည် ရွှေဘိုမြို့နယ် ဓီးတောကွင်း မြို့ဝင်မြို့ထွက် နွေစပါးစံပြစိုက်ကွက်များသို့ ရောက်ရှိပြီး စပါးမျိုးယှဉ်ပြိုင်စမ်းသပ်ကွက်၊ မြေဩဇာယှဉ်ပြိုင်စိုက်ကွက်နှင့် စိုက်နည်းစနစ်စမ်းသပ်ကွက်များအခြေအနေများကိုလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါစိုက်နည်းစနစ်စမ်းသပ်ကွက်၌ စပါးမျိုးလေးမျိုးအား လက်ကြဲစိုက်စနစ်၊ တိုက်ရိုက်မျိုးစေ့ချ စိုက်စနစ်နှင့် ပျိုးစိုက်စနစ်စသည့် နည်းစနစ်သုံးမျိုး စမ်းသပ်စိုက်ပျိုးထားခြင်းဖြစ်ပြီး မျိုးယှဉ်ပြိုင်မှု၊ မြေဩဇာယှဉ်ပြိုင်မှုတို့ကို ရွေးချယ်စိုက်ပျိုးနိုင်ရေးအတွက် တိုင်းမှူးက ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများနှင့် ညှိနှိုင်း ဆွေးနွေး မှာကြားသည်။

ရည်မှန်းဆောင်ရွက်

ထို့နောက်တိုင်းမှူးသည် ရွှေဘိုမြို့နယ် တဂဏန်းကျေးရွာ၊ အောင်ချမ်းသာကွင်း၌ ဒေသခံတောင်သူငါးဦး စမ်းသပ်ပျိုးထောင်စိုက်ပျိုးထားသည့် ရွှေဘို(၅)နှင့် (၂) အထွက်ကောင်း စပါးမျိုး စမ်းသပ်စိုက်ကွင်းသို့ရောက်ရှိ စစ်ဆေးရာ ရွှေဘိုခရိုင်စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာဦးညွန့်ဆွေက အထွက်ကောင်းစပါးမျိုးစမ်းသပ်စိုက်ပျိုးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အဆိုပါအထွက်ကောင်းစပါးမျိုးသည် တစ်ဧကလျှင် စပါးတင်း ၁၄၀ မှ ၁၇၀ ခန့် အထိထွက်ရှိရေး ရည်မှန်းဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

ဧပြီ ၂၁ ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် ဇနီးတို့ ဗြိတိန်နိုင်ငံ ဒုတိယမြောက် အယ်လဇဘက် ဘုရင်မကြီး၏ မွေးနေ့ အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံ သံအမတ်ကြီး H.E.Ms. Vicky Bowman **က ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

ရက်ဆို: ကြိုဆိုနှုတ်ဆက်

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ မြစ်ကြီးနားမြို့ မဟာသင်္ကြန်ပွဲတော် ပိတ်ပွဲတက်ရောက်အားပေး

ရန်ကုန် ဧပြီ ၂၁

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြန်မာ့ရိုးရာ ယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် ပိတ်ပွဲအခမ်းအနားကို ဧပြီ ၁၆ ရက် ည ၇ နာရီက မြစ်ကြီးနားမြို့ မြို့မရပ်ကွက်ရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပရာ အခမ်းအနားသို့ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် စံထွန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မောင်မြို့နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဝင်များ၊ တပ်ရင်းတပ်ဖွဲ့မှူးများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာများမှ သင်္ကြန်ယိမ်းအဖွဲ့ ၃၄ ဖွဲ့နှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူးနှင့် ညှော်ပရိသတ်များအား သင်္ကြန်ယိမ်းအဖွဲ့များက အဆိုအကများဖြင့် ညှော်ခံဖျော်ဖြေကြပြီးနောက် ဆုများချီးမြှင့်ရာ မဏ္ဍပ်ဆု၊ သီချင်းဆုနှင့် ယိမ်းအကဆု ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆု ရရှိကြသည့် အဖွဲ့များအား တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများက ဆုဖလားနှင့် ဂုဏ်ပြုဆုငွေများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက်ဆုရ ယိမ်းအဖွဲ့များက ယိမ်းအကများဖြင့် စုပေါင်းဖျော်ဖြေကာ မဟာသင်္ကြန် ပွဲတော် ပိတ်ပွဲကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အာဆီယံ စီးပွားရေးဆိုင်ရာ သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီစည်းဝေး

ရန်ကုန် ဧပြီ ၂၁

အာဆီယံစီးပွားရေးဆိုင်ရာ သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ တတိယအကြိမ် အစည်းအဝေးကို ယနေ့ ညနေ ၄နာရီ မိနစ် ၅၀ တွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပဋ္ဌမထပ်ဆွေးနွေးပွဲခန်းမ၌ ကျင်းပရာ အာဆီယံစီးပွားရေးဆိုင်ရာ သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ အာဆီယံစီးပွားရေးဆိုင်ရာ သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဝင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် လုပ်ငန်းကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဒုတိယ ရှေ့နေချုပ်၊ အီလက်ထရောနစ်အမျိုးသား အဆင့်လုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဖွင့်အမှာစကား

အစည်းအဝေးတွင် ရှေးဦးစွာ အာဆီယံစီးပွားရေးဆိုင်ရာ သဘောတူစာချုပ်များ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယအကြိမ်လုပ်ငန်း ကော်မတီ အစည်းအဝေး မှတ်တမ်းကို အတည်ပြုခြင်းနှင့် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်မှု အခြေအနေများနှင့်စပ်လျဉ်း၍ အာဆီယံစီးပွားရေးဆိုင်ရာ သဘောတူ စာချုပ်များ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး(၂) ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင့်သွင်က ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ဆွေးနွေး

ထို့နောက် အာဆီယံစီးပွားရေးဆိုင်ရာ သဘောတူစာချုပ်များအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူက ဒုတိယအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များ အကောင်အထည်ဖော်မှု အခြေအနေနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပြီး အခြားစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆပ်ကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆပ်ကော်မတီ၊ ငါးလုပ်ငန်းဆိုင်ရာ ဆပ်ကော်မတီ၊ လယ်ယာအခြေခံပစ္စည်းဆိုင်ရာ ဆပ်ကော်မတီ၊ ကုန်စည်ရောင်းဝယ်ရေးဆိုင်ရာ ဆပ်ကော်မတီ၊ ဝန်ဆောင်မှုကုန်သွယ်ရေးဆိုင်ရာ ဆပ်ကော်မတီအသီးသီးတို့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဆပ်ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရုပ်သိမ်း

ယင်းနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံက နိဂုံးချုပ်စကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း ခရီးသည်တင်ယာဉ်(ဘတ်စ်ကား)များအား ထိရောက်စွာအရေးယူဆောင်ရွက်ခဲ့သဖြင့် ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများ လျော့နည်းကျဆင်းသွားသည်ကိုတွေ့ရှိရပါသည်။ ယခုအခါတွင် ဌာနဆိုင်ရာယာဉ်နှင့် TAXI အငှားယာဉ်များမှာလည်း ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းလာသည်ကို တွေ့ရှိရပါသည်။ ကိုယ်ပိုင်ယာဉ်များမှာမူ ယာဉ်တိုက်မှုများ လျော့နည်းကျဆင်းလာမှု မရှိသေးကြောင်း တွေ့ရှိရပါသဖြင့် ယာဉ်တိုက်မှုမဖြစ်အောင် ထိန်းသိမ်းမောင်းနှင်ကြရန်နှင့် ယာဉ်တိုက်မှုဖြစ်ပွားပါက ပြစ်ဒဏ်သတ်မှတ်ချက်များအား မည်သည့်နည်းနှင့်မျှ ကင်းလွတ်ခွင့်ပြုမည်မဟုတ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ပရီမီယာလိဂ်ပွဲစဉ်(၃၅) ဒုတိယအကျော့
ချယ်လ်ဆီးနှင့် မန်ယူတို့၏ စောင့်ကြည့်ရမည့်ပွဲ

ပရီမီယာလိဂ် ပွဲစဉ်(၃၀)မှ စတင်၍ အသင်းများ၏အဆင့်သည် အပြောင်းအရွှေ့ ငြိမ်သက်သွားသည်။ အထက်မရောက်၊ အောက်မရောက်အသင်းများသည်သာ အနည်းငယ် အထက်အောက်ပြောင်းကြသည်။

ပကတိအပေါ်ယံမြင်ကွင်းသည် မပြောင်းလဲသည်မှာ မှန်သော်လည်း အနည်းငယ် ပြောင်းလဲမှုရှိသည်ကို တွေ့ရသည်။ ဥပမာ ချယ်လ်ဆီးနှင့် မန်ယူအသင်းတို့၏ အနေအထားဖြစ်သည်။ မန်ယူသည် ပွဲစဉ် (၃၁)မှ လက်ကျန်ပွဲကို အနိုင်ရသောကြောင့် ၇၁ မှတ် ရလိုက်သည်။ ချယ်လ်ဆီးမှာ ၇၂ မှတ်ရထားသည်။ ချယ်လ်ဆီးနှင့် မန်ယူ တစ်မှတ်သာ ကွာတော့သည်။ ထိပ်ဆုံးမှ အာစင်နယ်နှင့် မန်ယူသည် ၁၀မှတ် ကွာနေသည်။ ချယ်လ်ဆီးနှင့် ကိုးမှတ် ပြတ်သည်။ သို့သော် အာစင်နယ် ပွဲစဉ်(၃၁)မှ လက်ကျန်ပွဲ တစ်ပွဲ ကစားရန် ရှိသေးသည်။ ထို့ကြောင့် အာစင်နယ်၏ လက်ထဲတွင် လက်ကျန်တစ်ပွဲ ရှိသေးသည်ကို သတိပြုရမည်ဖြစ်သည်။

ပွဲစဉ်(၃၅)ကို ဧပြီ ၂၄၊ ၂၅ တို့တွင် ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ဧပြီ ၂၄ ရက်
စနေနေ့
(ပွဲစဉ်အားလုံး မြန်မာစံတော်ချိန် ည ၈နာရီခွဲတွင် ကစားမည်)

အဲဗာတန်–ဘလက်ဘန်း

အဆင့်(၁၃)အဲဗာတန်နှင့် အဆင့်(၁၆)ဘလက်ဘန်းတို့ ကစားမည်။ ရမှတ်များမှာ အဲဗာတန် ၃၉ မှတ်၊ ဘလက်ဘန်း ၃၇ ဖြစ်သည်။

ပွဲစဉ်(၂၆)မှစ၍ အဲဗာတန် ခြေကောင်းလာသည်။ နောက်ဆုံးကစားခဲ့သော သုံးပွဲတွင် ရှုံးပွဲမရှိသေး။ ချယ်လ်ဆီးနှင့်ပွဲတွင် အဲဗာတန် ခုခံကစားပုံ ကောင်းသည်။ ၎င်းခြေအတိုင်း ဘလက်ဘန်းကိုကစားလျှင် နိုင်ခြေရှိသည်။ ဘလက်ဘန်း ခြေပျက်နေသည်မှာကြာပြီ။ လက်စတာနှင့်ပွဲမှ နိုင်ပွဲတစ်ပွဲရလိုက်သည်။ သို့သော် ချယ်လ်ဆီးနှင့် ကစားသော အဲဗာတန်ခြေရည်နှင့် လက်စတာနှင့် ကစားသော ဘလက်ဘန်း ခြေရည်ကို ယှဉ်ကြည့်လျှင် အဲဗာတန်က ပိုကောင်းနေသည်။ နှစ်သင်းခြေရည်မှာ မတိမ်းမယိမ်းရှိသည်။

အဲဗာတန်ကွင်းမှာ ကစားရမည်။ ပထမအကျော့၌ သရေနှင့်အနိုင် အဲဗာတန်ရမည်ဟု တွက်ကြသည်။ သို့သော် ဘလက်ဘန်းနှစ်–တစ်ဖြင့်နိုင်သည်။ ယခုပွဲမှာသရေလောက်ကစားသွားနိုင်သည်။ အဲဗာတန်က ပွဲစဉ်(၃၆)မှာ ဝုလ်ဖ်နှင့် ကစားရမည်။ ဘလက်ဘန်းက မန်ယူနှင့်ကစားရမည်။ တကယ်တစ်သင်းသင်းနိုင်မည်ဆိုလျှင် ပွတ်ကာသီကာပင်ဖြစ်ဖွယ်ရှိသည်။ ပေးဂိုး သွင်းဂိုး ကွာဟချက်များမှာ အဲဗာတန်(–၅)၊ ဘလက်ဘန်း (–၉)ဖြစ်သည်။

ဖူလ်ဟမ်–ချာလ်တန်

အဆင့် (၁၀) ဖူလ်ဟမ်နှင့် အဆင့် (၇)ချာလ်တန် ကစားရမည်။ရမှတ်များမှာ ဖူလ်ဟမ် ၄၅ မှတ်၊ ချာလ်တန် ၄၈ မှတ် ဖြစ်သည်။

နောက်ဆုံး ကစားခဲ့သော ငါးပွဲတွင် ဖူလ်ဟမ် အနည်းငယ် ပြန်ကောင်းလာသည်။ သို့သော် ဘလက်ဘန်းကို ရှုံးချက်မှာ နာစရာကောင်းသည်။ လီဗာပူးကို သရေကစားခဲ့သောခြေမှာ သင့်သည်။ ချာလ်တန်ကလည်း ဖူလ်ဟမ်ကဲ့သို့ပင် ညံ့နေရာမှ ပြန်ကောင်းစရှိသေးသည်။ နောက်ဆုံးခြောက်ပွဲတွင် ပဏာမသုံးပွဲဆက်ရှုံးပြီး ဒုတိယ

အားကစားသတင်းထောက်တစ်ဦး

သုံးပွဲမှာ နှစ်ပွဲသရေ၊ တစ်ပွဲနိုင်သည်။ လီဗာပူးကို တစ်ဂိုးဖြင့် ကပ်နိုင်သော ခြေသာအနည်းငယ် ကောင်းသည်ဟု ဆိုနိုင်သည်။ ဘာမင်ဂမ်နှင့်ပွဲတွင် ညံ့သည်။ နှစ်သင်းခြေအဆင့်ရှိကြသည်။ ခြေလည်း ညီကြသည်။

ဖူလ်ဟမ်ကွင်းမှာ ကစားရမည်။ ပထမအကျော့၌ သရေနှင့်အနိုင် ဖူလ်ဟမ်ရမည်ဟု တွက်ကြသည်။ ချာလ်တန်က သုံး–တစ်ဖြင့်နိုင်သည်။ ယခုပွဲတွင် ဖူလ်ဟမ် ရှုံးကြွေးဆပ်နိုင်ဖွယ်ရှိသည်။ ဖူလ်ဟမ်က ရှေ့ပွဲတွင် ပို့စ်မောက်နှင့်ကစားရမည်။ ချာလ်တန်က လက်စတာနှင့် ကစားရမည်။ ပေးဂိုး၊ သွင်းဂိုး ကွာဟချက်မှာ ဖူလ်ဟမ် (+၃)၊ ချာလ်တန် (+၁) ဖြစ်သည်။

လက်စတာ–မန်စီးတီး

အဆင့် (၁၉) လက်စတာနှင့် အဆင့် (၁၄) မန်စီးတီးတို့ ကစားမည်။ ရမှတ်များမှာ လက်စတာ ၂၈ မှတ်၊ မန်စီးတီး ၃၈ မှတ်ဖြစ်သည်။

လက်စတာ လေးပွဲဆက်တိုက် ရှုံးထားသည်။ သို့သော် ရှုံးခဲ့သော လိဒ်စ်၊ ဖူလ်ဟမ်၊ မန်ယူ၊ ဘလက်ဘန်း ပွဲများတွင် လက်စတာခြေသင့်သည်။ ရုပ်ပျက်ဆင်းပျက် မကစားဘဲ ထိန်းထိန်းသိမ်းသိမ်း ကစားပြသည်။ မန်စီးတီးက သရေ၊ ရှုံးပွဲများနှင့် ပတ်ချာလည်နေသည်။ ဆက်တိုက် လေးပွဲသရေကစားပြီး စိန့်ကို နောက်ဆုံးပွဲ၌ ရှုံးသည်။ မည်သို့ပင်ဖြစ်စေ မန်စီးတီးသည် ခြေအဆင့်ရှိသောအသင်းဖြစ်သည်။ မန်စီးတီးက ခြေရည်ပိုကောင်းသည်။

လက်စတာကွင်းတွင် ကစားရမည်။ ပထမအကျော့၌ မန်စီးတီးနိုင်မည်ဟု တွက်ကြသည်။ သို့သော် လက်စတာ သုံးဂိုး၊ ဂိုးမရှိဖြင့်နိုင်သည်။ ယခုပွဲတွင် မန်စီးတီးအနိုင်ရအောင် ကစားဖွယ်ရှိသည်။ ပေးဂိုး၊ သွင်းဂိုးကွာဟချက်၌ လက်စတာ (–၁၇)၊ မန်စီးတီး (–၃) ဖြစ်သည်။ ရှေ့ပွဲတွင် လက်စတာက ချာလ်တန်နှင့် ကစားရမည်။ မန်စီးတီးက နယူးကာဆယ်နှင့် ကစားရမည်။

မန်ယူ–လီဗာပူး

အဆင့် (၃)မန်ယူနှင့် အဆင့်(၅) လီဗာပူးတို့ ကစားမည်။ ရမှတ်များမှာ မန်ယူ ၇၁ မှတ်၊ လီဗာပူး အမှတ် ၅၀ ဖြစ်သည်။

ပို့စ်မောက်နှင့်ပွဲ၌ မန်ယူကစားပုံ သံသယပွားဖွယ်ရှိသည်။ ညံ့လွန်းအားကြီးသည်။ ပုံမှန်ကစားပုံ မဟုတ်သည်မှာ သေချာလှသည်။ လီဗာပူးကလည်း အာစင်နယ်၊ ချာလ်တန်တို့ကို ဆက်တိုက်ရှုံးပြီး ဖူလ်ဟမ်ကို သရေကစားခဲ့သည်။ နောက်ဆုံး သုံးပွဲခြေအရ လီဗာပူးကစားပုံညံ့သည်။ နှစ်သင်းစလုံးမှာ အသင်းကြီးများ ဖြစ်သည်။ ခြေအဆင့်လည်း ရှိကြသည်။ မန်ယူက လူအား၊ ကစားအား၊ ကစားကွက်သာသည်။ သို့သော် လီဗာပူးကလည်း အသင်းကြီးများနှင့် ယှဉ်ကစားနိုင်သော ခြေစွမ်းရှိသည်။

မန်ယူကွင်းမှာ ကစားရမည်။ ပထမအကျော့၌ သရေနှင့်အနိုင် မန်ယူရမည်ဟု တွက်သည်။ မန်ယူ နှစ်–တစ်ဖြင့်နိုင်

မန်ချက်စတာစီးတီးအသင်းမှ ရော်ဘီဖောင်လာက မန်ချက်စတာယူနိုက်တက်ဂိုးသမား တင်မ်ဟောင်းဝပ်ကို ကျော်၍ ဂိုးသွင်းနေစဉ်။

သည်။ ယခုပွဲတွင် သရေလောက် ကစားသွားဖွယ်ရှိသည်။ အကယ်၍ အနိုင်ရအောင် ကစားမည်ဆိုလျှင် မန်ယူပဲဖြစ်စ်ဖို့ များသည်။ ပေးဂိုး၊ သွင်းဂိုး ကွာဟချက်မှာ မန်ယူ(+၂၉)၊ လီဗာပူး (+၂)ဖြစ်သည်။ ရှေ့ပွဲတွင် မန်ယူက ဘလက်ဘန်းနှင့် ကစားရမည်။ လီဗာပူးက မစ်ဒယ်ဘရော့နှင့်ကစားမည်။

မစ်ဒယ်ဘရော့–အက်စတွန်ဗီလာ

အဆင့် (၁၁) ဘိုရိုနှင့် အဆင့်(၆)ဗီလာတို့ ကစားမည်။ ရမှတ်များမှာ ဘိုရို ၄၅ မှတ်၊ ဗီလာ ၄၉ မှတ် ဖြစ်သည်။

ငါးပွဲဆက်တိုက် ရှုံးပွဲမရှိ စံချိန်သည် ဝုလ်ဖ်နှင့်ပွဲ၌ ဘိုရိုပျက်တော့သည်။ ချယ်လ်ဆီး၊ စိန့်တို့နှင့် ကစားသည့်ပွဲ၌ ဘိုရိုခြေကောင်းသည်။ သို့သော် ဝုလ်ဖ်နှင့်ပွဲမှာ ရုပ်ပျက်လွန်းသည်။ ဝုလ်ဖ်အောက်မှ လိုက်ကစားနေရသည်။ ဒုတိယအကျော့ပွဲစဉ်များ ပြန်ကစားချိန်၌ ဗီလာကစားပုံငြိမ်လာခဲ့သည်။ ငါးပွဲဆက်တိုက် ရှုံးပွဲမရှိသေးဘဲ ကစားနိုင်သည်။ နှစ်သင်းခြေရည်မတိမ်းမယိမ်းရှိသည်။ လက်ရှိအနေအထားတွင် ဗီလာကစားပုံ ကောင်းသည်။ ဘိုရိုအသင်းကလည်း ကစားလျှင် ကစားသလောက်ခြေစွမ်း ထက်သည်။

ဘိုရိုကွင်းမှာ ကစားရမည်။ ပထမအကျော့၌ သရေကျမည်ဟု တွက်ကြသည်။ မစ်ဒယ်ဘရော့က နှစ်ဂိုး– ဂိုးမရှိဖြင့် နိုင်သည်။ ယခုပွဲမှာ သရေဖြင့် ပြီးသွားနိုင်လောက်သည်။ ရှေ့ပွဲတွင် ဘိုရိုက လီဗာပူးနှင့် ကစားရမည်။ ဗီလာက စပါး(စ်)နှင့်ကစားရမည်။ အကယ်၍ တစ်သင်းသင်းနိုင်မည်ဆိုလျှင် ပွတ်ကာသီကာပင်ဖြစ်မည်။ ပေးဂိုး၊ သွင်းဂိုး ကွာဟချက်မှာ မစ်ဒယ်ဘရော့ (–၂)၊ ဗီလာ(+၄) ဖြစ်သည်။

အာစင်နယ်အသင်းမှ သီယာရီအွန်နရီအား ဂိုးသွင်းပြီးနောက် ကစားဖော်များက ဂုဏ်ပြုနေကြစဉ်။

ဆောက်သမ်တန်–ဘော်လ်တန်

အဆင့် (၉) စိန့်နှင့် အဆင့် (၁၂) ဘော်လ်တန်ကစားကြမည်။ ရမှတ်များမှာ စိန့် ၄၅ မှတ်၊ ဘော်လ်တန် ၄၄ မှတ်ရသည်။

ပွဲစဉ် (၃၂) မှ လက်ကျန်ပွဲတစ်ပွဲ စိန့်ကစားရဦးမည်။ နောက်ဆုံးကစားခဲ့သော လေးပွဲစလုံး စိန့်နိုင်သည်။ ၎င်းလေးပွဲတွင် စိန့် ကစားပုံကောင်းသည်။ မန်စီးတီးပွဲတွင် စိန့်ကောင်းသည်။ ဘော်လ်တန်ကလည်း ပုံမှန်ခြေဖြင့် ကစားလာနိုင်သည်။ ကစားပုံသင့်သည်။ နှစ်သင်းခြေမတိမ်းမယိမ်းရှိသည်။ နောက်ပိုင်းပွဲများတွင် စိန့်က ဘော်လ်တန်ထက် ခြေပိုငြိမ်သည်။

စိန့်ကွင်းမှာ ကစားရမည်။ ပထမအကျော့၌ သရေပွဲဟု တွက်ကြသည်။ မှန်းသည့်အတိုင်း သရေကျခဲ့သည်။ ယခုပွဲတွင် စိန့်သရေကျအောင် ကစားသွားနိုင်သည်။ ရှေ့ပွဲတွင် စိန့်သည် ချယ်လ်ဆီးနှင့်ကစားရမည်။ ဘော်လ်တန်က လိဒ်စ်နှင့် ကစားရမည်။ အကယ်၍ အိမ်ရှင်က ကပ်နိုင်မည်ဆိုလျှင် နိုင်သွားနိုင်သည်။ ပေးဂိုး၊ သွင်းဂိုး ကွာဟချက်မှာ စိန့် (+၅)၊ ဘော်လ်တန် (–၁၁) ဖြစ်သည်။

ဧပြီ ၂၅ ရက်
တနင်္ဂနွေနေ့
(မြန်မာစံတော်ချိန် ညနေ ၅နာရီတွင်ကစားမည်)

လိဒ်စ်–ပို့စ်မောက်

အဆင့် (၁၈)လိဒ်စ်နှင့်အဆင့် (၁၇)ပို့စ်မောက်ကစားမည်။ ရမှတ်များမှာ လိဒ်စ် ၃၂ မှတ်၊ ပို့စ်မောက် ၃၇ မှတ်ဖြစ်သည်။

အာစင်နယ်ကို ရှုံးသော လိဒ်စ်၏ရှုံးချက်မှာ နာလှသည်။ ဘဏ္ဍာရေး၊ စည်းရုံးရေးကောင်းလာသော လိဒ်စ် ဤမျှမရှုံးသင့်။ တက်လာသည့်အညွှန့်ကို ဆိတ်ချိုးပစ်သလိုဖြစ်သည်။ အာစင်နယ်မှ အငှားခေါ်ယူထားသော ဂျာမိန်းပီနန်၏ သက်တမ်းတိုးစာချုပ်က လိဒ်စ်ပေးလိုက်ရသည့် ငါးဂိုးနှင့်တန်သလိုရှိသည်။ မည်သို့ပင်ဖြစ်စေ လိဒ်စ်ခြေမည့်ချေ။ ပို့စ်မောက်ကလည်း ခြောက်ပွဲဆက်တိုက် ရှုံးပွဲမရှိသေးဘဲ ကစားထားနိုင်သည်။ ဘာမင်ဂမ်၊ မန်ယူတို့ကိုနိုင်သော ရလဒ်ကြည့်လျှင် ပို့စ်မောက်ကောင်းသည်ဟု ထင်ကြမည်။ သို့သော်နှစ်သင်းယှဉ်လျှင် မတိမ်းမယိမ်းလောက် ရှိကြသည်။ လိဒ်စ်ကပင် သာဖွယ်ရှိသည်။

လိဒ်စ်ကွင်းမှာကစားရမည်။ ပထမအကျော့၌ သရေနှင့်အနိုင် ပို့စ်မောက်ရမည်ဟုတွက်ကြသည်။ အနိုင်ရလျှင် ပွတ်ကာသီကာဟု တွက်သည်။ သို့သော် ပို့စ်မောက်က ခြောက်–တစ်ဖြင့်နိုင်သည်။ ယခုပွဲတွင် သရေဖြစ်ဖွယ်ရှိသည်။ ရှေ့ပွဲတွင် လိဒ်စ်က ဘော်လ်တန်နှင့် ကစားရမည်။ ပို့စ်မောက်က ဖူလ်ဟမ်းနှင့် ကစားရမည်။ ပေးဂိုး၊ သွင်းဂိုး ကွာဟချက်မှာ လိဒ်စ် (–၃၄)၊ပို့စ်မောက် (–၁၀) ဖြစ်သည်။

ဘာမင်ဂမ်နှင့် ဝုလ်ဖ်
(မြန်မာစံတော်ချိန် ညနေ ၅နာရီခွဲတွင် ကစားမည်)

အဆင့် (၈) ဘာမင်ဂမ်နှင့် အဆင့် (၂၀) ဝုလ်ဖ်တို့ ကစားကြမည်။ ရမှတ်များမှာ ဘာမင်ဂမ် ၄၇ မှတ်၊ ဝုလ်ဖ် ၂၈ မှတ်ဖြစ်သည်။

ဘာမင်ဂမ်ကစားပုံပျက်နေသည်။ မန်ယူ၊ ပို့စ်မောက်တို့ကို ရှုံးပြီး ချာလ်တန်ကို သရေကျသည်။ ချာလ်တန်နှင့်ပွဲ၌ အနည်းငယ် ပြန်ကောင်းလာသည်။ ဝုလ်ဖ်မှာလည်း အကောင်းဆုံးခြေစွမ်းဟု ပြောဖို့ခက်သည်။ ဘိုရိုကိုနိုင်သော ခြေရည်မှာ သင့်ရုံသာရှိသည်။ သို့ဖြစ်၍ ဘာမင်ဂမ်နှင့် ဝုလ်ဖ်ခြေကို သုံးသပ်ကြည့်လျှင် ဘာမင်ဂမ်သာသည့် သဘောရှိသည်။ ပုံမှန်အရလည်း ဘာမင်ဂမ် ကစားပုံ ပိုကောင်းသည်။

ဘာမင်ဂမ်ကွင်းမှာ ကစားရမည်။ ပထမအကျော့၌ သရေနှင့်အနိုင် ဘာမင်ဂမ်ရမည်ဟု တွက်ကြသည်။ ထင်သည့်အတိုင်း တစ်ဂိုးစီသရေကျသည်။ ယခုပွဲတွင် ဘာမင်ဂမ် အနည်းဆုံး သရေရနိုင်သည်။ အနိုင်၊ အရှုံး ကွာဟချက်မှာ ပွတ်ကာသီကာ ဖြစ်ဖွယ်ရှိသည်။ ပေးဂိုး၊ သွင်းဂိုးကွာဟချက်မှာ ဘာမင်ဂမ်(–၂)၊ ဝုလ်ဖ် (–၃၈) ဖြစ်သည်။ ရှေ့ပွဲတွင် ဘာမင်ဂမ်က အာစင်နယ်နှင့်ကစားရမည်။ ဝုလ်ဖ်က အဲဗာတန်နှင့်ကစားရမည်။

နယူးကာဆယ်နှင့် ချယ်လ်ဆီး
(မြန်မာစံတော်ချိန် ည ၇နာရီခွဲ ကစားမည်)

အဆင့်(၄)နယူးကာဆယ်နှင့် အဆင့်(၂)ချယ်လ်ဆီးတို့ ကစားမည်။ ရမှတ်များမှာ နယူးကာဆယ် ၅၀ မှတ်၊ ချယ်လ်ဆီး ၇၂ မှတ် ဖြစ်သည်။

နောက်ဆုံးသုံးပွဲတွင် ချယ်လ်ဆီးက ဗီလာကိုရှုံးပြီး ဘိုရိုနှင့် အဲဗာတန်ကို သရေကျသည်။ ၎င်းခြေအရဆိုလျှင် ချယ်လ်ဆီးညံ့သည်။ ချန်ပီယံလိဂ် မိုနာကိုနှင့်ပွဲတွင်လည်း ချယ်လ်ဆီးခြေတက်လာခြင်းမရှိသည်ကို တွေ့ရသည်။ ချယ်လ်ဆီး မည်သို့ကစားမည်ဆိုသည်ကို စောင့်ကြည့်ရမည်။ နယူးကာဆယ် ကစားပုံကလည်း တစ်ချက်တစ်ချက် ညံ့နေသည်။ အာစင်နယ်၊ ဗီလာတို့ကို သရေကစားထားသည်။ နှစ်သင်းခြေမတိမ်းမယိမ်းရှိသည်။ ချယ်လ်ဆီးက လူအားတောင့်သည်။

နယူးကာဆယ်ကွင်းမှာ ကစားရမည်။ ပထမအကျော့၌ ချယ်လ်ဆီးကပ်နိုင်မည်ဟု မှန်းသလို နယူးကာဆယ်နိုင်မည်ဟုလည်း တွက်ကြသည်။ ချယ်လ်ဆီးက ငါးဂိုး၊ ဂိုးမရှိဖြင့်နိုင်သည်။ ယခုပွဲတွင် ချယ်လ်ဆီး နိုင်အောင်ကစားရမည့်ပွဲ ဖြစ်သော်လည်း သရေလည်း ဖြစ်နိုင်သည်။ ရှေ့ပွဲတွင် နှစ်သင်းစလုံးကျပ်သည်။ နယူးကာဆယ်က မန်စီးတီးနှင့်ကစားရမည်။ ချယ်လ်ဆီးက စိန့်နှင့် ကစားရမည်။ ပေးဂိုး၊ သွင်းဂိုး ကွာဟချက်မှာ နယူးကာဆယ်(+၂)၊ ချယ်လ်ဆီး(+၃၃)ဖြစ်သည်။

စပါး(စ်)နှင့် အာစင်နယ်
(မြန်မာစံတော်ချိန် ည ၉နာရီခွဲတွင် ကစားမည်)

အဆင့်(၁၅)စပါး(စ်)နှင့် အဆင့်(၁)အာစင်နယ်တို့ ကစားကြမည်။ ရမှတ်များမှာ စပါး(စ်) ၃၈ မှတ်၊ အာစင်နယ် ၈၁ မှတ်ဖြစ်သည်။

ပွဲစဉ်(၂၉)မှစပြီး စပါး(စ်) တောက်လျှောက်ရှုံးခဲ့သည်။

ပွဲစဉ်(၃၃)မှ မန်စီးတီးပွဲတွင် သရေကျသည်။ ပြိုင်ပွဲပွဲကုန်ခါနီးလေ စပါး(စ်)ညံ့လေဖြစ်သည်။ အာစင်နယ်မှာ ရှုံးပွဲမရှိ စံချိန်ကို ထိန်းရင်းပုံမှန်ခြေဖြင့် ကစားလာခဲ့သည်။ လိဒ်ပွဲတွင် အာစင်နယ် စိတ်ကြိုက် ကစားသွားသည်။ သို့သော် အထင်ကြီးစရာမရှိ။ အာစင်နယ်၏ ကစားကွက်ကို လိဒ်က များစွာ ပံ့ပိုးကစားပေးသွားသည်။ နှစ်သင်းခြေရည်ကြည့်လျှင် အာစင်နယ်က များစွာသာသည်။ စပါး(စ်) အတင်းတင်ကစားမှ မီရုံရှိမည်။

စပါး(စ်)ကွင်းတွင် ကစားရမည်။ ပထမအကျော့၌ တချို့က အာစင်နယ်ကို အရှုံးပေးကြသည်။ တချို့က အနိုင်ကစားကြသည်။ အာစင်နယ် နှစ်တစ်ဖြင့် ကပ်ကစားသွားသည်။ ယခုပွဲတွင် အာစင်နယ်က ရှုံးပွဲမရှိသေးသည့် စံချိန်ကို ဆက်ထိန်းဖွယ်ရှိသည်။ မနှစ်က ဒုတိယအကျော့မှာ စပါး(စ်)နှင့် တစ်ဂိုးစီ သရေကျခဲ့သည်။ နောက်တစ်ချက်က အာစင်နယ်လက်ထဲမှာ လက်ကျန်ပွဲ တစ်ပွဲကစားရန် ကျန်သေးသည်ကိုလည်း ထည့်စဉ်းစားရပါမည်။ ထို့ကြောင့် ယခုပွဲကို သရေလောက် မှန်းထားသင့်သည်။ ရှေ့ပွဲမှာ စပါး(စ်)က အက်စတွန်ဗီလာနှင့် ကစားရမည်။ အာစင်နယ်က ဘာမင်ဂမ်နှင့် ကစားရမည်။ အကယ်၍ အာစင်နယ်က နိုင်မည်ဆိုလျှင် ကပ်နိုင်ဖွယ်သာရှိသည်။ ပေးဂိုး၊ သွင်းဂိုး ကွာဟချက်မှာ စပါး(စ်) (–၈)၊ အာစင်နယ် (+၄၅) ဖြစ်သည်။ ။

လားရှိုးမြို့ ရန်တိုင်းအောင် မြို့ဦးစေတီ တည်ထားကိုးကွယ်ရန် အုတ်မြစ်စီမင်္ဂလာနှင့် အလှူငွေပေးအပ်ပွဲ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် တက်ရောက်

ရန်ကုန် ဧပြီ ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့အဝင်၌ ဉာဏ်တော် ၁၃၅ပေရှိ လိုဏ်စနစ်ဖြင့် တည်ထားကိုးကွယ်မည့် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော် ရတနာအုတ်မြစ်တော်စီ မင်္ဂလာနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲကို ဧပြီ ၁၈ရက် နံနက် ၇နာရီခွဲက စေတီအနီး သာသနာ့ဗိမာန်တော်၌ကျင်းပရာ အခမ်းအနားသို့ လားရှိုးမြို့ပေါ်ကျောင်းတိုက်များမှ ပင့်သံဃာ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် ဇနီး၊ သိန်းနီတပ်နယ်မှ ဗိုလ်မှူးချုပ် စိုးဦးနှင့် တပ်မတော်အရာရှိကြီးများ၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံ တိုင်းရင်းသားခေါင်းဆောင်များ၊ အလှူရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး ထူးမခြားနား သီချင်းဖြင့် ဗုဒ္ဓရောင်ခြည်တော်ဖွင့် သီကျူးပူဇော်သည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် တိုင်းမှူးနှင့် ဇနီး၊ ဧည့်ပရိသတ်များက နိုင်ငံတော် ဩဝါဒါစရိယ လားရှိုးမြို့ ကာမိုင်းကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ မုနိန္ဒထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်တို့ကို ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဇနီး မိသားစုတို့က ရတနာငွေကြုတ်တော်အား ကာမိုင်းကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ မုနိန္ဒထံ ဆက်ကပ်လှူဒါန်းပြီး ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်တို့အား ရတနာအုတ်မြစ်တော်များ၊ မော်ကွန်းတင်ကျောက်စာများနှင့် လှူဖွယ်ပစ္စည်းများကို အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

အလှူငွေပေးအပ်

ယင်းနောက် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော် တည်ထားကိုးကွယ်ရန်အတွက် ဒုတိယအကြိမ် အလှူတော်ငွေပေးအပ်ပွဲကို ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင် မိသားစုမှလှူဒါန်းသည့် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော်တွင် တင်လှူပူဇော်မည့် စိန်ဖူးတော်နှင့် အလှူငွေကျပ် တစ်သိန်း၊ ရှစ်သောင်းကို တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး မျိုးချစ်က ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံရယူသည်။

ထို့နောက်ရန်တိုင်းအောင်ဆုတောင်း ပြည့် မြို့ဦးစေတီတော်တွင် တင်လှူပူဇော်မည့် ငှက်မြတ်နားတော်အား ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့် မိသားစုကလည်းကောင်း၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့တွင် တပ်ဆင်မည့် ကျောက်မျက်ရတနာများအား အလှူရှင် ဗိုလ်မှူးကျော်စိုး မိသားစုကလည်းကောင်း ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က လက်ခံရယူသည်။

ယင်းနောက် ရထိုက်ကုမ္ပဏီမှ ဦးလောက်ထင်မိသားစုက ငွေကျပ်သိန်း ၃၀၀၊ စိုစိုပြေပြေကုမ္ပဏီမှ ဦးစိုင်းအေးမိသားစုက ငွေကျပ်သိန်း ၃၀၀၊ ဦးအိုက်ဟော့မိသားစုက ငွေကျပ်သိန်း ၃၀၀၊ ဦးသန်းဝင်းမိသားစု တန့်ယန်းမြို့က ငွေကျပ်သိန်း ၁၀၀နှင့် စေတနာရှင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဒုတိယတိုင်းမှူးက လက်ခံရယူသည်။

အဆိုပါ ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော် တည်ထားကိုးကွယ်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာတွင် ယခုထိ ကောက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၁၇၄၇၂၆၂၅၀ ဖြစ်ကြောင်း သိရှိရပြီး လှူဒါန်းမှု အစုစုတို့အတွက် ပရိသတ်များက သာဓုအနုမောဒနာ သုံးကြိမ်ရွတ်ဆိုကြသည်။

ရွတ်ပွားချီးမြှင့်

ဆက်လက်၍ ဆရာတော် သံဃာတော်များက မေတ္တသုတ်ပရိတ်တရားတော် ရွတ်ပွားချီးမြှင့်တော်မူကြပြီး ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲတို့ကို ယူဆောင်၍ စေတီတော် တည်ထားကိုးကွယ်မည့် ဝိဇယဘူမိ မဟာအောင်မြေ မင်္ဂလာကုန်းတော် ရင်ပြင်ပေါ်သို့ ပက်ဖျန်းချည်နှောင်ကြသည်။

ယင်းနောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် လားရှိုးမြို့ ရန်အောင်မြင်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဝိစိတ္တက အနုမောဒနာတရား ချီးမြှင့်တော်မူပြီး တိုင်းမှူးနှင့်ဇနီး၊ ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ပင့်ဆောင်

ထို့နောက် ရန်တိုင်းအောင် ဆုတောင်းပြည့် မြို့ဦးစေတီတော် တည်ထားကိုးကွယ်မည့် ဝိဇယမဟာအောင်မြေ မင်္ဂလာကုန်းတော်တွင် ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဥပါသကာများက သာသနာ့အောင်လံတော် ပန်းစိုက်ငွေဖလား၊ ရတနာအုတ်မြစ်တော်တို့ကို စေတီတော်ရင်ပြင်သို့ ပင့်ဆောင်ကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် သတ်မှတ်နေရာများတွင် အသီးသီးနေရာယူကြပြီး မင်္ဂလာအချိန်တွင် တိုင်းမှူးက သတ်မှတ်နေရာများ အလိုက် ရတနာအုတ်မြစ်တော်၊ ငွေကြုတ်တော်နှင့် ကမ္ပည်းမော်ကွန်းကျောက်စာတို့ကို စီပေး၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်သည်။

ယင်းနောက် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် အုတ်မြစ်တော်များ စီပေးကြပြီးနောက် ဆရာတော်များက ဇယမင်္ဂလာဗောဓိယာမူလေ အစချီ အောင်ဂါထာများ ရွတ်ပွားပူဇော်ကြသည်။

လှည့်လည်ပူဇော်

ဆက်လက်၍ တိုင်းမှူးသည် မဟာဗောဓိညောင်ပင် စိုက်ပျိုးပူဇော်မည့်နေရာတွင် ရတနာကိုးပါး ပါဝင်သည့် ကျောက်မျက်ရတနာများ ထည့်သွင်းပူဇော်၍ မဟာဗောဓိပင်ကို စိုက်ပျိုးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ပြီး မဟာဗောဓိပင်အား လက်ယာရစ် သုံးပတ်လှည့်လည်ပူဇော်သည်။

ယင်းနောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်ပြီး တိုင်းမှူးနှင့် ဇနီး၊ အလှူရှင်များက ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးပေးကြသည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဇနီး၊ အလှူရှင်များက ဆရာတော် သံဃာတော်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဖူးမြော်ကြည်ညို

ထိုမှတစ်ဆင့်တိုင်းမှူးသည် လားရှိုးမြို့ ရန်အောင်မြင်ကျောင်းတိုက်သို့ ရောက်ရှိပြီး နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ရန်အောင်မြင်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဝိစိတ္တအား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် လားရှိုးမြို့ ဘိုးဘွားရိပ်သာ အသစ်တည်ဆောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေက ဘိုးဘွားရိပ်သာအသစ် တည်ဆောက်မည့် အစီအစဉ်များ၊ လုပ်ငန်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဘိုးဘွားရိပ်သာ အသစ် တည်ဆောက်မည့် မြေနေရာကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ဆက်လက်၍ တိုင်းမှူးသည် လားရှိုးမြို့ ရန်အောင်မြင် ရေးဟောင်း ဆုတောင်းပြည့်စေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညို၍ အဆိုပါ ဆုတောင်းပြည့်စေတီတော်အား ငုံပြီး ရွှေတိဂုံစေတီတော် ပုံစံတူဉာဏ်တော် အမြင့် ၆၃ပေ၊ ပန်းတင်ခုံအမြင့် ကိုးပေ၊ မုခ်ဦးသုံးခု၊ အရံစေတီလေးဆူ တည်ထားကိုးကွယ်တည်ဆောက်မည့် အခြေအနေများကိုလှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ ထိုမှတစ်ဆင့် တိုင်းမှူးသည် လားရှိုးမြို့ ဟူးမွန်ဆည်ရေသောက် ဆင်းရွှေလီ အထူးအထွက်တိုး နွေစပါးစံပြကေ ၁၂၀ စံပြစိုက်ကွင်းသို့ လည်းကောင်း၊ အထူးအထွက်တိုး နေကြာစံပြစိုက်ခင်းသို့လည်းကောင်း၊ တိုင်းစစ်ဌာနချုပ်၏ ဆင်းရွှေလီအထူးအထွက်တိုး စပ်မျိုးစပါး မျိုးစေ့ထုတ်သုတေသနစိုက်ခင်းသို့လည်းကောင်း၊ ဆင်းရတနာ အထူးအထွက်နှုန်းကောင်းမျိုးစပါး သုတေသနစိုက်ခင်းသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းမှူးက လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

ပုသိမ်မြို့ ဧဝိတဒါန ငါးလွှတ်ပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဇနီး တက်ရောက်လွှတ်ပေး

ရန်ကုန် ဧပြီ ၂၁

ဧရာဝတီတိုင်း ပုသိမ်မြို့ ဧဝိတဒါန ဘေးမဲ့ငါးလွှတ်ပွဲကို မြန်မာနှစ်ဆန်း တစ်ရက်၊ ဧပြီ ၁၇ရက် နံနက် ၇နာရီက ပုသိမ်မြို့အဝင် ကျောက်တိုင်အနီး ငဝန်မြစ်နံဘေး မြစ်ဆိပ်ကမ်းပါးရှိ သတ်မှတ်နေရာ၌ကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက်ရောက်အားပေးကြသည်။

အစီအစဉ်အရ ရှေးဦးစွာ မင်္ဂလာဘိဒေသပညာရှင် ဦးထိန်လင်းက ဧဝိတဒါန ငါးလွှတ်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ဖတ်ကြားတင်ပြပြီးနောက် အရွယ်စုံငါးများ ထည့်သွင်းထားသော အိုးငယ်များ၊ ပလတ်စတစ်အိတ်ငယ်များကို တက်ရောက်လာကြသူများသည် မြစ်ကမ်းပါး သတ်မှတ်နေရာများမှတစ်ဆင့် မြစ်အတွင်းသို့ ငါးကောင်ရေ ခုနစ်သောင်းကျော်ကို တစ်ပြိုင်တည်း ဘေးမဲ့လွှတ်ပေးကြသည်။

ညနေ ၄နာရီတွင် တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများသည် ပုသိမ်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ကျင်းပသည့် အန္တရာယ်ကင်း ပရိတ်တရားတော်နာယူပွဲသို့ တက်ရောက်ရာ ရှေးဦးစွာ ဧည့်ပရိသတ်များက အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ညောင်ပင်သာကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိသုတထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ကြွရောက်လာကြသော ဆရာတော်များထံမှ အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူကြပြီးနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ညောင်ပင်သာကျောင်းဆရာတော်ထံမှ အနုမောဒနာတရား နာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာ-ကိုရီးယား စီးပွားကုန်သွယ်မှု ပူးပေါင်းဆောင်ရွက်ရေး တွေ့ဆုံဆွေးနွေး

ရန်ကုန် ဧပြီ ၂၁

မြန်မာနိုင်ငံသို့ ရောက်ရှိနေသော Korea-Myanmar Friendship Association ဥက္ကဋ္ဌ Mr. Kim Jung-Ho နှင့် အဖွဲ့ဝင်ခြောက်ဦးတို့သည် ယမန်နေ့နံနက်ပိုင်းတွင် ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံးသို့ လာရောက်၍ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်အား တွေ့ဆုံပြီး ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းဆိုင်ရာကိစ္စများ၊ စီးပွားကုန်သွယ်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးနှင့် အသင်းချုပ်မှ ဖွင့်လှစ်သင်ကြားနေသော သင်တန်းဆိုင်ရာကိစ္စများကို ရင်းနှီးစွာ ဆွေးနွေးကြသည်။ **(အောက်ပုံ)** (သတင်းစဉ်)

အရက်ကြောင့်ဖြစ်သည့်ရောဂါများ

အရက်ကို လွန်ကျူးစွာနှင့် စွဲလမ်းစွာ သောက်သုံးခြင်းကြောင့်ဖြစ်ပွားတတ်သော ရောဂါများမှာ–

- အသည်းရောင်ခြင်း၊
- အသည်းခြောက်ခြင်း၊
- သွေးအန်ခြင်း၊
- အစာအိမ်ရောဂါဖြစ်ခြင်း၊
- နှလုံးရောဂါဖြစ်နိုင်ခြင်း၊
- ဦးနှောက်နှင့်အာရုံကြောထိခိုက်ခြင်း၊
- စိတ်ရောဂါများဖြစ်ခြင်းစသည်တို့ဖြစ်ပါသည်။

အရက်ကြောင့်ဖြစ်တတ်သော စိတ်ရောဂါများမှာ–

၁။ ကယောင်ကတမ်းဖြစ်ခြင်း (Delirium Tremers)၊ ကြောက်လန့်ခြင်း၊ အချိန်၊ နာရီ၊ နေရာ၊ လူခန့်မှန်း နိုင်စွမ်းမရှိခြင်း၊ ကြောက်စရာ လန့်စရာများမြင်ရခြင်း၊ အသံဗလံများကြားရခြင်း၊ ပိုးမွှားများ ခန္ဓာကိုယ်ပေါ် ရွစိရွစိသွားသလို ခံစားရခြင်း၊ လက်တုန်ရောဂါဖြစ်တတ်ခြင်း။

၂။ အရက် အလွန်အကျွံသောက်သည့်အခါတွင် လူမရှိဘဲ နားထဲတွင် ခေါ်သံများ၊ ခြိမ်းခြောက်သံများ၊ စော်ကားမော်ကားသံများ ကြားနေရတတ်ခြင်း (Alcoholic Hallucinosis)။

၃။ အတက်ကြီးရောဂါဖြစ်ခြင်း (Rum Fits) (ဝက်ရူးပြန်ရောဂါကဲ့သို့တက်ခြင်း)။

၄။ စိတ်ဓာတ်ကျရောဂါဖြစ်တတ်ခြင်း (Depressive Illness)။

၅။ စိတ်ဖောက်ပြန်ခြင်း (Alcoholic Psychosis)။

၆။ ဦးနှောက်ချို့ယွင်းခြင်း။

၇။ အရက်နှင့်မတည့်သောသူများသည် အရက်အနည်းငယ်သောက်ရုံဖြင့် ရုတ်တရက် စိတ်ဖောက်ပြန်တတ်ခြင်း (Pathological Drunkenness)။

၈။ မိမိ၏ဇနီးကို အထင်အမြင်လွဲမှားခြင်းများ ဖြစ်တတ်ခြင်း (Morbid Jealousy)။

၉။ အရက်ကြောင့် ရာဇဝတ်မှုကျူးလွန်သည်အထိ ဖြစ်နိုင်ခြင်း။

အထက်ပါဆိုးကျိုးများကို မခံစားရစေရန် အရက်သောက်သုံးခြင်း၊ အထူးသဖြင့် အလွန်အကျွံသောက်သုံးခြင်း၊ အရက်ကို စွဲလန်းစွာ သောက်သုံးခြင်းတို့မှ ရှောင်ကြဉ်ရန် တိုက်တွန်းအပ်ပါသည်။ အရက်စွဲရောဂါဖြစ်ပွားပါက စိတ်ကျန်းမာရေးဆေးရုံနှင့် ကုသရေးဌာနများတွင် စနစ်တကျ ကုသမှုခံယူရန် အသိပေးနှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၁

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ မြန်မာ့ရိုးရာသက်ကြီးပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၁၇ရက် (မြန်မာနှစ်ဆန်း တစ်ရက်) နံနက် ၈နာရီက တိုင်းစစ်ဌာနချုပ် ဓမ္မာရုံ၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်ဇနီး၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးဝင်းမြင့်၊တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများနှင့် အရာရှိ၊စစ်သည်မိသားစု ဝင်များ၊ကန်တော့ခံသက်ကြီးရွယ်အိုအဘိုးအဘွား ၂၃ဦးတို့တက်ရောက်ကြသည်။

မိတ်ဆက်

အစီအစဉ်အရ တိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးသောင်းတန်က တိုင်းမှူးအမှူးပြုသော ပရိသတ်တို့အား ကန်တော့ခံ အဘိုးအဘွားတို့ဖြင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ တိုင်းစစ်ဌာနချုပ် မိသားစုများက အဘိုးအဘွားတစ်ဦး လျှင် ငွေကျပ် ၃၀၀၀နှုန်းဖြင့် လှူဒါန်းသော အလှူငွေများကို တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်ကလည်းကောင်း၊ တိုင်းမှူးနှင့်ဇနီးမိသားစုက အဘိုးအဘွား တစ်ဦးလျှင် ငွေကျပ် ၃၀၀၀နှုန်းဖြင့် လှူဒါန်းသော အလှူငွေများကို တိုင်းမှူး၏ဇနီးကလည်းကောင်း အဘိုးအဘွားများအား ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်နှင့် အလှူရှင်များက အဘိုးအဘွားများအား ကန်တော့ကြပြီး အဘိုးအဘွားများကိုယ်စား အဘိုးဦးအေးမောင်က ဆုတောင်းမေတ္တာ ပို့သပေးသည်။

ပေးအပ်လှူဒါန်း

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဘိုးအဘွားများအား အချိုရည်နှင့် မုန့်များပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းနှင့် အဆိုပါသက်ကြီးပူဇော်ကန်တော့ပွဲတွင် အသက်၇၀နှစ်မှ ၈၀နှစ်အတွင်းရှိ အဘိုးအဘွား ၁၃ဦး၊ အသက် ၈၁နှစ်မှ၉၀နှစ်အတွင်းရှိ အဘိုးအဘွားရှစ်ဦး၊ အသက် ၉၁နှစ်အထက် အဘိုးအဘွား နှစ်ဦး စုစုပေါင်း အဘိုးအဘွား ၂၃ဦးတို့အား ပူဇော်ကန်တော့ခဲ့ကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူးကျင်းပသော သတ္တမအကြိမ်မြောက် အဘိုးအဘွားများအား ပူဇော်ကန်တော့ပွဲအခမ်းအနားကို ဧပြီ၇ရက် မွန်းလွဲ ၁နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အစီအစဉ်အရ တိုင်းမှူးနှင့်ပရိသတ်တို့က အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်၍ ကန်တော့ခံ အဘိုးအဘွားများအား ရှိခိုးကန်တော့ကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ကန်တော့ခံအဘိုးအဘွားများကိုယ်စား အငြိမ်းစားမြန်မာစာဆရာကြီး ဦးစီဝိုင်းနှင့် အဘွားဒေါ်အေးမေတို့က ဆုတောင်းမေတ္တာ ပို့သပေးကြကာ ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးရဲထွန်းစိန်က သက်ကြီးပူဇော်ပွဲနှင့် ပတ်သက်၍ လှူဒါန်းမှုအစုစုတို့အတွက် ရှင်းလင်းတင်ပြသည်။

ယင်းနောက်တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တာဝန်ရှိသူများက ကန်တော့ခံသက်ကြီးအဘိုးအဘွား ၄၀၂ဦးအား တစ်ဦးချင်း အလှူငွေများ ပေးအပ်လှူဒါန်းပြီး သာဓုသုံးကြိမ်ခေါ်ဆို၍ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အဆိုပါသက်ကြီးပူဇော်ပွဲ အခမ်းအနားတွင်တောင်ကြီးမြို့ပေါ်ရှိ ရပ်ကွက် (၂၀)ရပ်ကွက်မှ အသက်၈၀နှစ်နှင့် ၁၀၆နှစ်အကြားရှိ သက်ကြီးအဘိုး ၁၅၂ဦးနှင့် အဘွား ၂၅၀ဦးစုစုပေါင်း ၄၀၂ဦး တက်ရောက်အပူဇော်ခံကြပြီး အခမ်းအနားတွင် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ငွေကျပ်၇၂၈၂၀၀၊ ပြည်နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့က ငွေကျပ် ၁၆၀၈၀၀၊ ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် ဇနီး သီဟသုဓမ္မသိင်္ဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး (လူမှုထူးချွန်ပထမဆင့်) မိသားစုက ငွေကျပ် ၁၂၀၆၀၀၀၊ သီရိသုဓမ္မဇောတဓရ ဦးနေဝင်းထွန်းနှင့် ဒေါ်နန်းအေးအေးမြင့် မိသားစုက ငွေကျပ်၇၅၀၀၀၀၊ ဧဒင်အုပ်စုကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးချစ်ခိုင် မိသားစုက ငွေကျပ် ၁၁၇၈၀၀၀၊ ရှမ်းတိုင်းရင်းသားအဖွဲ့က ငွေကျပ် ၁၀၀၀၀၀၀စုစုပေါင်း ငွေကျပ် ၅၀၂၅၀၀၀လှူဒါန်းခဲ့သည်။

(သတင်းစဉ်)

တကောင်းမြို့ ရွှေဟောင်းလေးမျက်နှာဘုရားကြီးပြန်လည်ပြုပြင် တည်ဆောက်ရာတွင်ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်



မင်္ဂလာဒုံတပ်နယ် သစ်ပင်ပျိုးပွဲတော် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေး

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်တိုင်းစစ်ဌာနချုပ်၏ စီစဉ်ဆောင်ရွက်မှုဖြင့် မင်္ဂလာဒုံတပ်နယ် သစ်ပင်ပျိုးပွဲတော်အခမ်းအနားကို ယမန်နေ့နံနက် ၇နာရီခွဲတွင် မင်္ဂလာဒုံမြို့နယ် နယ်မြေခံတပ်၌ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားသို့ မင်္ဂလာဒုံတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ အမှတ်(၁) စစ်ဒေသမှူး ဗိုလ်မှူးကြီးထွန်းကြည်၊ တပ်နယ်မှူးများ၊ မင်္ဂလာဒုံတပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့မှူးများ၊အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် ၎င်းတို့၏ မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ယခုအခါ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်းကျင် မိုင်(၃၀)ပတ်လည် တစ်နှစ်ပတ်လုံးစိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း၊တပ်ဖွဲ့များ၌ မြေလွတ်မြေလပ်များမရှိစေရေး၊ စီးပွားရေး အထောက်အကူပြုအပင်များ၊ ရတနာတန်းဝင်အပင်များကို စနစ်တကျအကွက်ချပြီး တပ်နယ်များ၏အနီးကပ်ကြီးကြပ်မှုဖြင့် တစ်အုပ်တစ်မ စိုက်ပျိုးရေး၊ စိုက်ပျိုးပြီး သစ်ပင်များရှင်သန်ဖြစ်ထွန်းစေရေးအတွက် စနစ်တကျထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများကို အလေးထားဆောင်ရွက်ရေး၊ ဒေသခံပြည်သူများပါ သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းကို စိတ်ပါဝင်စားလာစေရန် သစ်ပင်ပျိုးပွဲတော်များ၊ သစ်ပင်စိုက်ပွဲတော်များ တပ်နယ်အလိုက်ကျင်းပ ဆောင်ရွက်ကြရေးတို့ကို ရှင်းလင်းပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် မင်္ဂလာဒုံတပ်နယ်မှူး ဗိုလ်မှူးကြီးဝင်းနောင်က မင်္ဂလာဒုံတပ်နယ်အတွင်း သစ်ပင်ပျိုး ပွဲတော် ကျင်းပနိုင်ရေးဆောင်ရွက်ခဲ့မှုနှင့် တပ်ရင်း၊တပ်ဖွဲ့များအလိုက် သစ်ပင်ပျိုးထောင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်း သစ်တောဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းမြင့်က သစ်စေ့မှပျိုးထောင်နည်းအဆင့်ဆင့်နှင့် ပျိုးထောင်ပြီးအပင်များ ရှင်သန်ကြီးထွားစေရန် စနစ်တကျစိုက်ပျိုးရေးနှင့် ပြုစုထိန်းသိမ်းရေး လုပ်ငန်းများ အဆင့်ဆင့်ဆောင်ရွက်ရမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့နှင့်အဖွဲ့သည် သစ်တောဦးစီးဌာနနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းတို့၏ ပြခန်းများကို ကြည့်ရှုစစ်ဆေးပြီး ကျွန်းစေ့နှင့် ခရေစေ့များကို ပျိုးအိတ်များအတွင်း စနစ်တကျ ပျိုးထောင်ပေးပြီး ကျွန်းပင်ပေါက်နှင့် ခရေပင်ပေါက်များကို ပျိုးအိတ် များအတွင်း ပျိုးထောင်စိုက်ပျိုးပေးသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့နှင့် အဖွဲ့သည် ငရုတ်ကောင်း စိုက်ပျိုးထားရှိမှု အခြေအနေများကိုလည်းကောင်း၊ မင်္ဂလာဒုံတပ်နယ်မှအရာရှိ၊အရာခံ၊အကြပ် ၊စစ်သည်များ တပျော်တပါး သစ်ပင်ပျိုးထောင်နေမှု အခြေအနေများကို လည်းကောင်း ၊ပျိုးထောင်ပြီး ပျိုးပင်များ ထိန်းသိမ်းနေမှုအခြေအနေများကို လည်းကောင်း လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့နှင့်အဖွဲ့သည် မင်္ဂလာဒုံတပ်နယ် သစ်ပင်ပျိုးပွဲတော် အထိမ်းအမှတ်အဖြစ် ကံ့ကော်ပင်နှင့် ခရေပင်များကို အမှတ်တရ စိုက်ပျိုးပေးကြသည်။

မင်္ဂလာဒုံ တပ်နယ်အနေဖြင့် ယခုနှစ် သစ်ပင်ပျိုးပွဲတော်တွင် တမာ၊ မန်ကျည်း၊ ထန်း၊သစ်ဆိမ့်၊ ကျွန်း၊ပျဉ်းကတိုး၊ခရေ ၊ မအူ ၊ ကုက္ကို အစရှိသည့် ပျိုးပင်ပေါင်း ၆၀၄၀၅ပင် ပျိုးထောင်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

အာဆီယံကျန်းမာရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်ရန် ဝန်ကြီး ဒေါက်တာကျော်မြင့် မလေးရှားနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဧပြီ ၂၁

ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်သည် မလေးရှားနိုင်ငံ ပီနန်မြို့၌ ဧပြီ ၂၂ရက်မှ ၂၃ရက်အထိ ကျင်းပမည့် (၇)ကြိမ်မြောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများအစည်းအဝေးနှင့် ပထမအကြိမ် အာဆီယံ+၃ နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာမြဦး၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E Dato' Cheah Sam Kip၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့်အတူ အဖွဲ့ဝင်များအဖြစ် ကျန်းမာရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကြည်စိုးနှင့် ကျန်းမာရေးဝန်ကြီးဌာန နိုင်ငံခြား ဆက်သွယ်ရေးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ ဖေသက်ထွန်းတို့ လိုက်ပါသွားသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ခေါင်းဆောင်သော ကျန်းမာရေး ကိုယ်စားလှယ်အဖွဲ့ မလေးရှားနိုင်ငံ ပီနန်မြို့တွင် ကျင်းပပြုလုပ်မည့် (၇)ကြိမ်မြောက် အာဆီယံအဖွဲ့ဝင် နိုင်ငံများ၏ အဆင့်မြင့် အရာရှိများနှင့် ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားရာ လိုက်ပါ ပို့ဆောင်သူများနှင့်အတူ တွေ့ရစဉ်။

(ကျန်းမာရေး)

Silver View ငွေဆောင်ကမ်းခြေ BEACH RESORT (NGWE SAUNG) အပန်းဖြေပါ
(Silver View Package Tour)

စိန်မြား
ခန်းဆီးနှင့် လိုက်ကာ
ဘုရားလမ်း
ဖုန်း - ၅၃၉၉၉၉

Lap Top

Q.E.L.C (Language Centre)
4 Skills English (Basic) April (26)
English Skills Foundation
IELTS, TOEFL, Writing, Grammar. April (24)

INFORMATICS
THE LEADER IN IT EDUCATION & TRAINING
Prepare Ahead of Others in the Coming Tidal Wave of Wireless & Communications Technology!
Variety of Advancement Paths
Advanced Diploma Info-Comm Technology
Diploma Info-Comm Technology
NEW!
TRADITION OF EXCELLENCE
Info-Comm Technology Pathway
DICT include such subjects as:
-> Wireless & Communication Technology
-> Mathematics for Communication Systems
ADICT include such subjects as:
-> Distributed Application Development
-> The Internet & Wireless Communication Techniques
-> Broadband Communication & Networking
-> Applied Mathematics for Communication Systems
-> Network & Distributed Application Security
-> Communication Technology & Evaluation
-> Engineering Communication Systems
-> Multimedia Streaming Technology
-> Distributed Database Systems
Yangon: 525971, 296829, 558368, 501450, 200343, 706740, 203188
Mandalay:02 - 89402, 89403
Purple Path
+ Internet Access & E-Mail
+ E-Learning Support
+ Further Studies Counselling
+ FT or PT - flexible pace of studies
+ Globally Recognized Qualification
+ For Anybody with High School Education
+ Intakes in May, September & January Every
Enrolling for May Now!
Why the need to study Info-Comm Technology?
EMbrace the Digital Edge
GOod Prospects
Multiple-skills Acquisition
Exposure to the promises of the Future Networks
Career Opportunities
Be Net-savvy
Competitive Edge
Stay Innovative
Info-Comm Technology
Information Technology | Telecommunications | Media

MCC
Hardware Engineer တစ်ယောက် ဖြစ်အောင် အခြေခံမှစ၍ သင်ကြားပေးမည်။
သင်တန်းပြီးဆုံးလျှင်ပြင်ပလုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင်နိုင်မည်။
Hardware Engineering Training
(Opening Date: 28-4-2004)
Internet

ဆရာဒွေး အင်္ဂလိပ်စာသင်တန်း
သဒ္ဒါနှင့်အရေးသီးသန့်
အင်္ဂလိပ်ဝါကျတွေကို ဘယ်လိုတွေးမယ်ရေးမယ်ဆိုတာ မနိုင်နင်းရင် တစ်ချိုးစီ အဆင့်(၃)ဆင့်ခွဲပြီး လေ့ကျင့်ဖို့နည်းသစ်စာအုပ်ရှိနေပြီ။ အမှာစာနှင့်တင် စာအုပ်တန်ဖိုးကျေသည်။ မြို့တိုင်း ဆိုင်တိုင်းမှာ ရနိုင်သည်။
အလယ်တန်း၊အထက်တန်း၊တွဲ့ကြို၊တွဲ့ရ၊အလုပ်နှင့်ရောက်သူ အားလုံးအတွက် (၅ လ-မေ (၈) ရက်ဖွင့်မည်)
(၂၇၇)ပန်းဆိုးတန်းလမ်း၊ခုံတံတားထိပ်၊ရန်ကုန်မြို့၊ဖုန်း - ၂၈၆၈၇၁

Y.E.S. အင်္ဂလိပ်စကားပြော သင်တန်းများ
Basic Spoken English APR: - 24, 26
Pre-Intermediate English APR: - 3, 26
Grammar Foundation Course APR: - 24, 26
TOEFL & Intermediate English APR: - 26
IELTS, SAT(I), AE / SAT(II), VEC, AWC
No.115, Y.W.C.A Building, Bogalayzay Street, Botataung TSP, ဖုန်း - 245821

အမှတ်(၁) စက်မှုဝန်ကြီးဌာန
မြန်မာ့အထည်အလိပ်လုပ်ငန်း
ရွှေတောင် အဆင့်မြင့်ချည်မျှင်အထည်နှင့် အချောကိုင်စက်ရုံ
အဝယ်တင်ဒါ (၁/၂၀၀၄-၂၀၀၅)
ပစ္စည်းများဝယ်ယူလိုခြင်း

၁။ ဤစက်ရုံတွင် အောက်ဖော်ပြပါလုပ်ငန်းများအတွက် ပစ္စည်းများ ဝယ်ယူလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။-
(က) Renovation of Spinning Machinery ဆိုင်ရာစက်ပစ္စည်းများ
(ခ) Renovation of Finishing Machinery ဆိုင်ရာစက်ပစ္စည်းများ
(ဂ) Renovation of Electrical (S & W) ဆိုင်ရာစက်ပစ္စည်းများ
(ဃ) Renovation of Refrigeration Plant ဆိုင်ရာစက်ပစ္စည်းများ

၂။ တင်ဒါပေးသွင်းရမည့်နေရာ - ဤစက်ရုံစီမံရေးဌာန
၃။ တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၉-၄-၂၀၀၄နေ့ (၁၂:၃၀)နာရီ

မှတ်ချက်။ အသေးစိတ်အကြောင်းအရာများကို ဤစက်ရုံစီမံရေးဌာနတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပြီး တင်ဒါပုံစံတစ်စောင်လျှင် (၅၀၀၀ိ/-)နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။
ဆက်သွယ်ရန်ဖုန်းနံပါတ် -၀၅၃-၂၄၀၄၈၊ ၀၅၃-၂၄၇၀၀

(စက်ရုံမှူး)

အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတု ပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှု များပြားပါသည်။ ထိုသို့ ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ် စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှ ရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင် နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့် ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ် နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာ ကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန။

ဆိပ်ကြီးခနောင်တိုမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဧပြီ ၂၁

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် တာဝန်ရှိသူများလိုက်ပါ၍ ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ဆိပ်ကြီးခနောင်တိုမြို့နယ်သို့ ရောက်ရှိပြီး ဆိပ်ကမ်းယာဉ်အတက်အဆင်းလမ်းတည်ဆောက်ထားရှိမှု၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က ဆောင်ရွက်လျက်ရှိသော မြို့ပတ်လမ်းဖောက်လုပ်ပြီးစီးမှုနှင့် ရေဂါလန် ၁၆၀၀ဆံ့ ရေသယ်ယာဉ်ဖြင့် ရပ်ကွက်များ၌ သောက်သုံးရေ ပေးဝေနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ သောက်သုံးရေ ဖြည့်တင်းပေးဝေရာတွင် အလေအလွင့်မရှိစေအောင် ဆောင်ရွက်ရန် မှာကြားသည်။

ပံ့ပိုးဆောင်ရွက်

ဆက်လက်၍ ဒုတိယမြို့တော်ဝန်သည် ဆိပ်ကြီးခနောင်တိုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိ ရပ်ဖများနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ရေရရှိရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကိစ္စရပ်များကိုရှင်းလင်းပြောကြားပြီး ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယမြို့တော်ဝန်သည် ခနောင်တို အရှေ့ရပ်ကွက်အတွင်း သောက်သုံးရေကန်သစ် တူးဖော်မည့်မြေနေရာနှင့် သောက်သုံးရေဖြည့်တင်းပေးဝေမည့် သတ်မှတ်နေရာကိုလည်းကောင်း၊ လမ်းပန်းဆက်သွယ်မှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)

အမည်မှန်

အလက(၂)၊ ဒဂုံအင္ဂမတန်း(က)မှ ဦးသိန်းထွင်၏သားဖြစ်သူ မောင်ပြည်စိုးသိန်း၏ အမည်မှန်မှာ မောင်ပြည်စိုးသိမ်း ဖြစ်ပါကြောင်း။

ဧပြီ ၃ရက်က အမက(၁၉) ဒဂုံမြို့သစ်(တောင်ပိုင်း)ကျောင်း၏ ၂၀၀၂-၂၀၀၃ပညာသင်နှစ် မူလတန်းအဆင့် ပညာသင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ပွဲ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်လွင်က ကျောင်းသူ မခိုင်သဇင်ဝင်းအား သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။ (က-ပ)

လက်ထောက်မန်နေဂျာအဆင့် အလုပ်ဝင်သင်တန်းဖွင့်

ရန်ကုန် ဧပြီ ၂၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ လက်ထောက်မန်နေဂျာ အဆင့်လုပ်ငန်းဆိုင်ရာနှင့် အလုပ်ဝင်သင်တန်း အမှတ်စဉ်(၁/၂၀၀၄)ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၀ရက်က မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် လသာလမ်း(ရုံးချုပ်) သင်တန်းခန်းမ၌ကျင်းပရာ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ရုံးချုပ်ဌာန အသီးသီးမှ အကြီးအကဲများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက အဖွင့်အမှာစကား ပြောကြားသည်။ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၂ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ကြာမြင့်မည်ဖြစ်သည်။ (က-ပ)

မီးဘေးရှောင် မလောင်ခင်တား

ကျေးဇူးတင် နှုတ်ခွန်းဆက်သလွှာ

ဗိုလ်လပြည့်ကုမ္ပဏီမှ မဟာသင်္ကြန်ပွဲတော်ရက်အတွင်း ဖြန့်ဖြူးရောင်းချပေးသော Scorpion C Plus (2 in 1)သီးစုံအချိုရည်နှင့် C Plus Orange(လိမ္မော်) အချိုရည်တို့ကို တခဲနက်ဝယ်ယူအားပေးကြသော မိတ်လုပ်သားပြည်သူများအား ကျေးဇူးဥကာလ အထူးတင်ရှိပါကြောင်း ဝှက်ဖြူမှတ်တမ်းတင် အပ်ပါသည်။

ဗိုလ်လပြည့်ကုမ္ပဏီမှ ဆက်လက်ပြီး ပြန်လည်ကျေးဇူးတုံ့ပြန်သောအားဖြင့် အထူးထပ်မံ၍ Scorpion C Plus (2 in 1) သီးစုံအချိုရည်နှင့် C Plus Orange (လိမ္မော်)အချိုရည်တို့ကို ချိုသာသောနှုန်းထားဖြင့် အောက်ဖော်ပြပါဈေးနှုန်းအတိုင်း (၂၂. ၄. ၂၀၀၄)မှစ၍ ဆက်လက်ရောင်းချမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်လိုက်ပါသည်။





အထူးရောင်းဈေးနှုန်း

- Scorpion C Plus (2 in 1) (250 ml) တစ်ဗူး -(၃၃. ၃၅)ကျပ်နှုန်း
- Scorpion C Plus (2 in 1) (250 ml) (၁၂ဗူးပါ) တစ်ဖုံး -(၄၀၀)ကျပ်နှုန်း

အထူးရောင်းဈေးနှုန်း

- Scorpion C Plus (Orange) (500 ml) တစ်ဗူး -(၁၀၅)ကျပ်နှုန်း
- Scorpion C Plus (Orange) (500 ml) (၁၅ဗူးပါ) တစ်ဖုံး -(၁၅၇၅)ကျပ်နှုန်း

ဆက်သွယ်ရန်လိပ်စာ---

ရန်ကုန်ရုံးချုပ် - အမှတ်(၅၇/၅၉)၊ စက်မှုဇုံ(၄)လမ်း၊ (၈)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၄၇၇၇၃၅၊ ၅၇၁၃၀၀၊ ၇၀၅၂၂၅၊ ၆၃၆၀၉၂။

မန္တလေးရုံးခွဲ - အမှတ်(ဂ/၁၅)၊ ကျွဲဆည်ကန်(၂) လမ်းထိပ်၊ ရန်ကုန်-မန္တလေးကားလမ်းမကြီးဘေး၊ မန္တလေးမြို့။
ဖုန်း-၀၂-၇၀၃၄၂၊ ၇၀၇၇၈၊ ၀၉-၂၀၀-၁၃၉၀

ပြည်ရုံးခွဲ - အမှတ်(၃၀၆)၊ ပန်းဘဲတန်းလမ်း၊ ဆံတော်ရပ်၊ ပြည်မြို့။
ဖုန်း-၀၅၃-၂၁၇၄၇၊ ၂၅၇၄၀

ဓနုတ်ဘုရားပွဲတော်ဇာတ်ပွဲလေလံကြော်ငြာ

ရန်ကုန်တိုင်း၊ တွံတေးမြို့နယ်အတွင်း တည်ရှိလျက်ရှိသော ဆံတော်ရှင် ဓနုတ်စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ၁၃၆၇ခုနှစ် တန်ခူးလဆန်း (၁၁)ရက်နေ့မှ ၎င်း(၁၅)ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ ဇာတ်ပွဲလေလံဆွဲလိုသူများသည် ၁၃၆၆ခုနှစ် ကဆုန်လဆန်း(၁၅)ရက် ၃–၅–၂၀၀၄(တနင်္လာနေ့) နံနက် (၁၀) နာရီအချိန် ဓနုတ်စေတီတော်ဂေါပကရုံးသို့ ဈေးပြိုင်စနစ်ဖြင့် လေလံဆွဲယူနိုင်ကြောင်း ကြေညာအပ်ပါသည်။

ဓနုတ်စေတီတော်ဂေါပကအဖွဲ့။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ အမှတ်(၃၅)၊ လှည်းတန်းလမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေ
ဦးတင်မြင့်–ဒေါ်ခင်ထွေး(က–၁ ဗဟိုစံပြငါးဈေး)
တို့၏တစ်ဦးတည်းသောသား
မောင်ဝေမောင်ဦး (Final Year)Geology
နှင့်
တနင်္သာရီတိုင်း၊ အမှတ်(၂)၊ ပိတောက်ရွှေဝါလမ်း၊
(ဈေးအနီး)၊ ပုလောမြို့နေ ဦးထွန်းယုံ–ဒေါ်တင်လှ
တို့၏သမီးထွေး
မသီသီစိုး(B.A-History)
တို့သည် ၂၀–၄–၂၀၀၄ရက်နေ့တွင် နှစ်ဦးသဘောတူလက်ထပ်ပြီးစီးပါကြောင်း။

မောင်ဝေမောင်ဦး–မသီသီစိုး။

မွေးနေ့မင်္ဂလာဆုမွန်လွှာ

ချစ်ခင်ပွန်း **ကိုကျော်ကျော် (ကိုဖိုးဇော်)** (ပဋ္ဌာပအင်ဂျင်ဟက်)ရဲ့ ၂၂–၄–၂၀၀၄ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် အသက်ထက်ဆုံးတိုင် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် သာယာချမ်းမြေ့သော ဘဝခရီးကို အခက်အခဲမရှိ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ချစ်ဇနီး – ချိုချို B.A (Myanmar)
ချစ်သားသား – အောင်ဇေယျာကျော်ကျော်(မိုးဒီ)
စံပြမူကြို (T.T.C)

မြန်မာ့မီးရထား၏ ရန်ကုန်ဘူတာကြီးအတွင်းရှိ လိုက်ဘောက်စ်(Light Box) ကြော်ငြာများ ချိတ်ဆွဲကြော်ငြာခြင်းလုပ်ငန်း လုပ်ကိုင်လိုသူများခေါ်ယူခြင်း

မြန်မာ့မီးရထား၊ ရန်ကုန်ဘူတာကြီးအတွင်းရှိ Light Box ကြော်ငြာများ ချိတ်ဆွဲတပ်ဆင်ခြင်းလုပ်ငန်းအား ကိုယ်စားလှယ် (Agent)အဖြစ်လုပ်ကိုင်လိုသည့် ကြော်ငြာကုမ္ပဏီများ၊ မြန်မာနိုင်ငံသားပုဂ္ဂလိက ကြော်ငြာလုပ်ငန်းရှင်များသည် အမှတ်(၃၅၇/၃၆၁)၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ မြန်မာ့မီးရထား(ရုံးချုပ်)၊ စီးပွားရေးဌာနသို့ (၂၆–၄–၂၀၀၄) နေ့မှ(၁၀–၅–၂၀၀၄)နေ့အတွင်း လူကိုယ်တိုင်လာရောက် ဆက်သွယ်ပြီး သတ်မှတ်ချက်များနှင့်အညီ အဆိုပြုလွှာတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့မီးရထား(စီးပွားရေးဌာန)
ဖုန်း–၀၁–၂၉၁၃၉၆၊ ၂၀၁၅၅၅–လိုင်းခွဲ–၄၂၈။

– ခန်းဆီးပိတ်များ အသက်သာဆုံးဈေးနှုန်း ↓
– ခန်းဆီးတန်းများ အထူးလျှော့ဈေးနှုန်းသစ် ↓
– ခေါင်းအုံး၊ ကျောမှီ၊ အိပ်ရာခင်းများ ကုန်ကျန်ရှင်း၊ ငွေပေါ်ဈေး↓
– ဈေးထပ်လျှော့ဦးမည့် ယင်းလိပ်များ ↓
တနင်္ဂနွေနေ့မှလွဲ၍ နေ့စဉ်၉း၃၀မှ ၅း၀၀နာရီအထိ
ရောင်းချပေးနေပါပြီ။
Adorn ခန်းဆီးနှင့် ယင်းလိပ်ဆိုင်
၄၄၉ဘီ၊ မြေညီထပ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်လမ်း၊ ဗဟန်း၊
Tel 723181။

ရန်ကုန်စက်မှုတက္ကသိုလ် ၁၉၇၅–၈၁ မြို့ပြအင်ဂျင်နီယာ ကျောင်းသား/ ကျောင်းသူများ၏ စတုတ္ထအကြိမ် မြတ်ဆရာပူဇော်ပွဲ

သူငယ်ချင်းတို့ရေ –

ရန်ကုန်စက်မှုတက္ကသိုလ်မှာ ၁၉၇၅–၈၁ခုနှစ်အတွင်း မြို့ပြအင်ဂျင်နီယာ ဘာသာရပ်ကို တက်ရောက်သင်ကြားခဲ့သူများက သင်ကြားပေးခဲ့ကြတဲ့ ဆရာ၊ ဆရာမများကို ပူဇော်ကန်တော့ရင်း၊ ရင်းရင်းနှီးနှီး ပြန်လည်တွေ့ဆုံဖို့အတွက် မပျက်မကွက် တက်ရောက်ကြပါရန် နွေးထွေးတဲ့ စိတ်ထားနဲ့ ဖိတ်ကြားလိုက်ပါတယ်။

အစီအစဉ် – ၂၀၀၄ခုနှစ် မေလ ၁ရက် ညနေ(၅)နာရီမှ (၇)နာရီထိ (M3, Restaurant)

ဆက်သွယ်ရန် – ကျော်ဦး–၂၀၂၁၉၃၊ အောင်အောင်လှ–၆၄၂၂၄၇၊ အေးကို– ၀၉ ၅၀၀ ၈၉၇၅၊ သန်းစိုး–၅၇၉၇၀၂၊ စန်းစန်းအေး– ၂၄၆၇၁၈၊ ဝင်းသန်း– ၅၄၅၅၀၆၊ ထင်ဝင်း+နွယ်နွယ်–၅၂၅၁၅၆၊ ခင်မောင်ထွန်း+ဝင်းဝင်းမြင့် –၀၉၅၀၀၉၃၀၁။

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ကျွန်တော်
မောင်သက်လင်းဝင်း (SONNY)
[၁၂/မရက(နိုင်)၁၂၆၄၉၅] နှင့်
ကျွန်မ
မသက်ထက်ဇော်
[၁၂/ရကန(နိုင်)၀၆၉၄၀၉]

တို့သည် ၂၂–၁–၂၀၀၄ရက်တွင် ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ မရမ်းကုန်းတရားရုံး၌ ဒုတိယမြို့နယ်တရားသူကြီး ဦးမင်းသိန်း၏ရှေ့မှောက်တွင် နှစ်ဦးသဘောတူ လက်ထပ်ထိမ်းမြား လက်မှတ်ရေးထိုးပြီးစီးပါကြောင်း။

မောင်သက်လင်းဝင်း(SONNY) – မသက်ထက်ဇော်။

မိတ္ထီလာစီးပွားရေးတက္ကသိုလ် စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ (အမ်ဘီအေ)သင်တန်း ဝင်ခွင့်စာမေးပွဲအတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ မိတ္ထီလာစီးပွားရေးတက္ကသိုလ် ဝါဏိဇ္ဇဗေဒနှင့် စီမံခန့်ခွဲမှု ပညာဌာနတွင် စတင်ဖွင့်လှစ်မည့် စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုမဟာဘွဲ့ (အမ်ဘီအေ) အစီအစဉ်၏ ၂၀၀၄ခုနှစ်၊ ဇွန်လတွင်စတင်မည့် ပထမနှစ်သင်တန်းအတွက် အောက်ပါသတ်မှတ်ချက်များနှင့်ကိုက်ညီသည့်သူများသည် အမ်ဘီအေ သင်တန်းဝင်ခွင့် စာမေးပွဲဖြေဆိုခွင့် လျှောက်လွှာများကို ဝယ်ယူတင်သွင်းနိုင်ပါသည်။
(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခုတက်ရောက်သူ မဖြစ်စေရ။
(ဂ) သတ်မှတ်ထားသော သင်ရိုးအတိုင်း အချိန်ပြည့်တက်ရောက်နိုင်သူ ဖြစ်ရမည်။
(ဃ) စီမံခန့်ခွဲမှုအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

၂။ သင်တန်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကိုဝါဏိဇ္ဇဗေဒနှင့် စီမံခန့်ခွဲမှုပညာဌာန၊ Hဆောင် အပေါ်ထပ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာမြို့တွင် ၂၂–၄–၂၀၀၄ ရက်နေ့မှစ၍ ဝယ်ယူနိုင်သည်။

၃။ ဝင်ခွင့်စာမေးပွဲအတွက် လျှောက်လွှာများကို ၇–၅–၂၀၀၄ရက်နေ့ နောက်ဆုံးထား၍ မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် လာရောက်လျှောက်ထားနိုင်သည်။

၄။ ဝင်ခွင့်ရေးဖြေစာမေးပွဲကို ၂၀၀၄ခုနှစ်၊ မေလ(၁၀)ရက်နေ့ (တနင်္လာနေ့) တွင် မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် ကျင်းပပါမည်။

၅။ ဝင်ခွင့်စာမေးပွဲတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသားဦးရေ ကန့်သတ်လက်ခံပါမည်။

၆။ သင်တန်းနှင့်ပတ်သက်၍ အောက်ပါဌာနများတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။
(က) ဝါဏိဇ္ဇဗေဒနှင့်စီမံခန့်ခွဲမှုပညာဌာန၊Hဆောင်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်
(ခ) ဌာနမှူး၊ သင်တန်းရေးရာဌာန၊ ဖုန်း–၀၆၄ ၅၀၂၈၂
(ဂ) မော်ကွန်းထိန်း၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်၊ ဖုန်း–၀၆၄ ၅၀၂၈၂။

အောင်အောင်စိုး
(မော်ကွန်းထိန်း)
မိတ္ထီလာစီးပွားရေးတက္ကသိုလ်။

ဦးဝင်းလွင်နှစ်(၅၀)မြောက် ရွှေရတုမင်္ဂလာဆုမွန်လွှာ

၂၁–၄–၂၀၀၄ရက်နေ့တွင် နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာကျရောက်ပြီဖြစ်သည့်အတွက် ရန်ကုန်မြို့၊ မဟာစည် ကျောင်းတိုက်တွင် သံဃာတော်များအား ဆွမ်းကျွေးဒါနပြုလုပ်ခြင်းဖြင့် စိန်ရတု မင်္ဂလာရောက်သည့်တိုင် လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်တောင်းလျက်–

ဇနီး – **ဒေါ်ဝါဝါလွင်**
သား – **မောင်ညီညီလွင်**
သမီး – **မသီတာဆွေဇင်**

အမည်ပြောင်းခြင်း

အထက(၂) ကမာရွတ် အဋ္ဌမတန်း (F)မှ မောင်ခန့်အောင် (ဘ) ဦးလှဝေ (E/RGN–၀၁၉၆၃၀)အား ယနေ့မှစ၍ မောင်ချမ်းဟိန်းဟု အမည်ပြောင်းလဲခေါ်ပါရန်။ **မောင်ချမ်းဟိန်း။**

အမည်ပြောင်းခြင်း

ဦးဝင်းရွှေ၏သား အထက(၁) ကျောက်တန်း ဆဋ္ဌမတန်း(A)မှ မောင်ဇော်ဇော်ဝင့်အား မောင်ထွဋ်အောင်ဇေယျာဟု အမည်ပြောင်းလဲ ခေါ်ပါရန်။ **မောင်ထွဋ်အောင်ဇေယျာ။**



* တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော(မွေတော်ကက္ကူ) April 30
* မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ ရွှေလီ April 23
* စစ်တွေ၊ မြောက်ဦး၊ ကျောက်တော် April 23
* ပုဂံဘုရားစုံ၊ ပုပ္ပား၊ ရွှေစက်တော် April 23
စရိတ်ငြိမ်း-၅၅၀၀၀ိ/-(၅)ဦးအထက် 5% discount

Hotel
Restaurant
Aircon Express

အမှတ်-၁၁၃၊ သမိန်ဗရမ်းလမ်း၊ တာမွေ၊
၀၉၉၉ ၂၄၅၁၂၊ ၀၉ ၅၀ ၁၃၉၃၁၊ ၅၄၉၅၀၅

မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ မော်လမြိုင်မြို့ တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း သုံးနှစ်လုပ်ပိုင်ခွင့်လုပ်ငန်းလိုင်စင် လေလံတင်ရောင်းချရန်ကြော်ငြာ

မွန်ပြည်နယ်အတွင်းရှိ လက်ရှိတံတားအသုံးပြုခ ကောက်ခံနေသော နိုင်ငံတော်ပိုင်တံတား(၄)စင်း၏ ၂၀၀၄-၂၀၀၅ခုနှစ်မှ ၂၀၀၆-၂၀၀၇ခုနှစ်အထိ တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း သုံးနှစ်လုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(က) လေလံတင်ရောင်းချမည့်တံတားများ
(၁) ဂျိုင်း (ဇာသပြင်)တံတား (မော်လမြိုင်မြို့)
(၂) အတ္တရံတံတား (မော်လမြိုင်မြို့)
(၃) ဘီးလင်းတံတား (ဘီးလင်းမြို့)
(၄) ရေးချောင်းတံတား (ရေးမြို့)

(ခ) လေလံလျှောက်လွှာ ဝယ်ယူရရှိနိုင်သည့်နေရာ
မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ မော်လမြိုင်မြို့။
ဖုန်း-(၀၅၇-၂၄၂၄၆၊ ၀၅၇-၂၄၉၄၂၊ ၀၅၇-၂၁၁၄၄)

(ဂ) လေလံလျှောက်လွှာတင်သွင်းရမည့်နေရာ
မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ မော်လမြိုင်မြို့။

(ဃ) လေလံဆွဲဝယ်ခွင့် လျှောက်လွှာစတင်လက်ခံမည့်ရက်၊ အချိန်
၁၉-၄-၂၀၀၄ (တနင်္လာနေ့) နံနက် (၁၀း၀၀)နာရီ

(င) လေလံတင်သွင်းရန်နောက်ဆုံးအချိန်
၂၆-၄-၂၀၀၄ (တနင်္လာနေ့) ညနေ (၁၆း၀၀)နာရီ

(စ) လေလံတင်ရောင်းချမည့်နေ့ရက်
၂၉-၄-၂၀၀၄(ကြာသပတေး) နံနက် (၁၀း၀၀)နာရီ

(ဆ) လေလံတင်ရောင်းချမည့်နေရာ
မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ရာမညခန်းမ မော်လမြိုင်မြို့။

မှတ်ချက်။ လေလံဆွဲဝယ်ယူခွင့်လျှောက်လွှာနှင့်စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ်(၁၀၀၀)နှုန်းဖြင့်ဝယ်ယူ၍ ရုံးချိန်အတွင်း တင်သွင်းနိုင်ပါသည်။

ဥက္ကဋ္ဌ
မွန်ပြည်နယ်တံတားများအသုံးပြုခွင့်လိုင်စင်လေလံတင်ရောင်းချရေးကြီးကြပ်အဖွဲ့
မော်လမြိုင်မြို့။

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)၊ လားရှိုးမြို့ တံတားအသုံးပြုခကောက်ခံခြင်းလုပ်ငန်း သုံးနှစ်လုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင် လေလံတင်ရောင်းချရန်ကြော်ငြာ

ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ လက်ရှိတံတားအသုံးပြုခ ကောက်ခံနေသော နိုင်ငံတော်ပိုင်တံတား(၂)စင်း၏ (၂၀၀၄-၂၀၀၅)ခုနှစ်မှ (၂၀၀၆-၂၀၀၇)ခုနှစ်အထိ တံတားအသုံးပြုခ ကောက်ခံခြင်းလုပ်ငန်း သုံးနှစ်လုပ်ပိုင်ခွင့် လုပ်ငန်းလိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ဖော်ပြပါအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။

(က) **လေလံတင်ရောင်းချမည့်တံတားများ**
(၁) တာကော်အက်တံတား(တန့်ယန်းမြို့နယ်)
(၂) မိုးတေတံတား(သီပေါမြို့နယ်)

(ခ) **လေလံလျှောက်လွှာဝယ်ယူရရှိနိုင်သည့်နေရာ**
ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ရုံး
ဖုန်း-၀၈၂-၂၃၀၈၀

(ဂ) **လေလံလျှောက်လွှာတင်သွင်းရမည့်နေရာ**
ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ရုံး
ဖုန်း-၀၈၂-၂၃၀၈၀

(ဃ) **လေလံလျှောက်လွှာစတင်ရောင်းချမည့်နေ့၊ အချိန်**
၂၃-၄-၂၀၀၄(သောကြာနေ့)၊ နံနက်(၁၀)နာရီ

(င) **လေလံလျှောက်လွှာပိတ်မည့်နေ့၊ အချိန်**
၂၆-၄-၂၀၀၄(တနင်္လာနေ့)၊ ညနေ(၄)နာရီ

(စ) **လေလံတင်ရောင်းချမည့်နေ့၊ အချိန်**
၂၈-၄-၂၀၀၄(ဗုဒ္ဓဟူးနေ့)၊ နံနက်(၁၀)နာရီ

(ဆ) **လေလံတင်ရောင်းချမည့်နေရာ**
ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ရုံး

မှတ်ချက်။ ။လေလံဝယ်ယူခွင့်လျှောက်လွှာနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ကျပ်(၁၀၀၀ိ/-)နှုန်းဖြင့် ဝယ်ယူ၍ ရုံးချိန်အတွင်း တင်သွင်းနိုင်ပါသည်။

တံတားဖြတ်သန်းခလေလံရောင်းချရေးကော်မတီ။



ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ညွန့်ရီ(၇၈)နှစ်

(ကျေးတောရွာ၊ တောင်ငူမြို့)

ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ သင်္ဘောသားအလုပ်အကိုင်ကြီးကြပ်ရေးဌာနခွဲမှ ဦးသောင်းကြိုင်-ညွှန်ကြားရေးမှူး၏မိခင် ဒေါ်ညွန့်ရီသည် ၁၇-၄-၂၀၀၄ရက်နေ့တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့်
ရေကြောင်းဦးစီးဌာနမှဝန်ထမ်းများ။





အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် ၂၇ဘီ၊ မြေကွက်အမှတ်(၃၅)၊ မြေဧရိယာ(၀ဒသမ၀၃၆)ဧကရှိ မြေပိုင်ဝယ်ယူရေးအဖွဲ့အမည်ပေါက်ပိုင်ဆိုင်သော မြေပိုင်မြေအမျိုးအစား၊ မခွဲမစိတ်ရသေးသော မြေကွက်ကြီးအနက်မှ မြေကွက်၏ မြောက်ဘက်အခြမ်း အလျား $\frac{၂၉'}{၃၃'}$ X အနံ $\frac{၂၉'}{၃၉'၆"}$ ကျယ်ဝန်းသော မြေကွက်နှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်သူ ဒေါ်တင်[၁၂/စခန(နိုင်)၀၂၈၃၄၉]ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဗိုလ်မှူးထိန်ဝင်း၊ ဒေါ်လှလှမြင့်တို့က စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါရောင်းဝယ်မှုအပေါ် ကန့်ကွက်လိုသူ အမွေစားအမွေခံတစ်စုံတစ်ရာရှိပါက ဆိုင်ရာဆိုင်ခွင့် အထောက်အထားများတင်ပြ၍ ဤကြော်ငြာပါရှိသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဗိုလ်မှူးထိန်ဝင်း၊ ဒေါ်လှလှမြင့်တို့၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြင့်လွင်(တရားရုံးချုပ်ရှေ့နေ)
အမှတ်(၅၆၃)၊ ပထမထပ်၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

Good Second hand Note Books Computers
များ ဈေးနှုန်းချိုသာစွာဖြင့်
ရောင်းရန်ရှိသည်။
အမြန်ဆက်သွယ်ရန်၊
No.56, 6 Fl(Right), ၄ဝါလမ်း၊
အလုံ၊ ဖုန်း-၅၃၈၃၇၈။

သားအဖြစ်မှစွန့်လွှတ်ခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း

သားဖြစ်သူ မောင်မျိုးကြွယ်[၉/မထလ(နိုင်)၁၇၆၆၉၇]သည် ၁၀-၁-၉၉ရက်နေ့ထုတ် ကြေးမုံသတင်းစာမှ သားအဖြစ်မှ စွန့်လွှတ်ခြင်းအား ပြန်လည်ရုပ်သိမ်းပါသည်။
မိဘများ- ဦးစံကြွယ်၊ အရာခံဗိုလ်(လေ/ငြိမ်း)[၉/မထလ(နိုင်)၀၄၁၅၃၈] ဒေါ်သန်းဆင့်[၉/မထလ(နိုင်)၁၅၆၃၂၅]

ရောင်းချရန်ကြော်ငြာစာ

တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

၂၀၀၄ခုနှစ် တရားမဇာရီမှုအမှတ်-၁၈

မြန်မာ့စီးပွားရေးဘဏ်	**နှင့်**	၁။ ဦးအောင်သန်းစိန်
ဘဏ်ခွဲ(၂)		၂။ ဒေါ်သိန်းမြင့်
၎င်း၏မန်နေဂျာ		အမှတ်(၆၃၄)၊ (၃)ရပ်ကွက်၊
အမှတ်(၂၇)၊ ဘဏ်လမ်း၊		ချယ်ရီလမ်းနှင့်ဗိုလ်ချိန်လမ်း
ကျောက်တံတားမြို့နယ်၊		ထောင့်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)
ရန်ကုန်မြို့။		မြို့နယ်၊ ရန်ကုန်မြို့။
တရားနိုင်		**တရားရှုံးများ**

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၃၈/၀၃ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင် ဖော်ပြထားသော ပစ္စည်းကို ၂၀၀၄ခုနှစ် မေလ ၂၄ရက်နေ့ နံနက်၁၀နာရီ အချိန်တွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွဲလွဲခြင်း တစ်စုံတရာပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည် မဟုတ်ပါ။

၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံး ပေးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်း မပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း ခံရမည်။

၂၀၀၄ခုနှစ် မတ်လ ၃၁ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

ခင်မောင်(တ/၁၅၃၀)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

ပစ္စည်းစာရင်း

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် မြေကွက်အမှတ်(၃)၊ ဗိုလ်ချိန်(၁)လမ်းနှင့် ချယ်ရီလမ်းထောင့်ရှိ အိမ်အမှတ်(၆၃၄)၊ မြေအကျယ်အဝန်း (၄၂ပေ X ပေ၆၀) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော (၂၅ပေ X ပေ၅၀) သွပ်မိုး၊ မျက်နှာကျက်၊ ကျောက်ပြားကပ်၊ ပထမကြမ်း၊ သစ်သားလှေကားထိုးကြမ်းခင်း၊ အောက်ထပ်တမံတလင်းခင်း (၂)ထပ် အပါအဝင် အကျိုးခံစားခွင့်များ။

"ရွှေပန်းကန်ပြားဆု" ဆွတ်ခူးရရှိခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ခြင်း

Myanmar Times စာပတ်ပရိသတ်က ရွေးချယ်သော အကောင်းဆုံး မြန်မာထမင်းဆိုင်ဆု (ရွှေပန်းကန်ပြားဆု) ကို အောင်သုခမြန်မာထမင်းဆိုင်မှ ဒုတိယအကြိမ်မြောက် ထပ်မံဆွတ်ခူးရရှိခြင်းအတွက် "ရွှေပဲဆီသန့်" မိသားစုအနေဖြင့် အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

ရွှေပဲဆီသန့် (မိသားစု)

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

ကုမ္ပဏီနှင့်စီးပွားရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်ဖူးသည့် သင့်တင့်လျောက်ပတ်သော လုပ်သက်နှင့် အတွေ့အကြုံရှိသည့် ဝန်ထမ်းများ အလိုရှိပါသည်။

(၁)	**Admin Manager**	မ (၁) ဦး
(၂)	**Marketing Manager**	မ (၃) ဦး
(၃)	**Accountant**	မ (၂) ဦး
(၄)	**Marketing Executive**	မ (၆) ဦး
(၅)	**Marketing Staff**	မ (၈) ဦး
(၆)	**Data Collector**	ကျား (၁၀) ဦး

အမှတ်စဉ် (၁)၊ (၂)၊ (၄)အတွက် ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံရှိသူ၊ အမှတ်စဉ်(၃)အတွက် B.Com ၊ အမှတ်စဉ် (၅)၊ (၆)အတွက် (၁၀)တန်းအောင် ရမည်။

"လစာကောင်းကောင်းပေးမည်"

မှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းလက်မှတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အကျင့်စာရိတ္တကောင်းကြောင်းထောက်ခံစာ၊ လိုင်စင်ဓာတ်ပုံ(၃)ပုံတို့ ပူးတွဲလျက် C.V ကို ကြော်ငြာပါသည့်နေ့မှ တစ်ပတ်အတွင်း စာတိုက်သေတ္တာ အမှတ်(၁၀၄)သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်း-၂၀)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

၂၀၀၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၂

ဒေါ်မော်ဇော်ဖာ	**နှင့်**	၁။ ဦးမောင်သန်း
(၎င်း၏ကိုယ်စားလှယ်စာ		၂။ ဒေါ်ကျင်
ရသူ-ဦးဝင်းလွင်)		၃။ ဒေါ်ချို
		၄။ ဒေါ်ကျူး
		၅။ ကိုမောင်စိန်
		၆။ မောင်ချစ်ရင်
		၇။ မအုန်းရင်
		အမှတ်(၂၂)၊ ၁၅၆-လမ်း၊
		တာမွေကြီး(က+ဂ)ရပ်ကွက်၊
		တာမွေမြို့နယ်၊ ရန်ကုန်မြို့။
		(ယခုနေရပ်လိပ်စာမသိ)
တရားလို		**တရားပြိုင်များ**

အထက်ပါအမှုမှ တရားပြိုင် ဦးမောင်သန်း(ပါ-၇) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မော်ဇော်ဖာက အိမ်နှင့်မြေအရောင်းအဝယ် မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၄ခုနှစ် ဧပြီလ ၃၀ရက် (၁၃၆၆ခု၊ ကဆုန်လဆန်း ၁၂ရက်)နေ့ မွန်းမတည့်မီ (၁၀)နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့်စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၄ခုနှစ် ဧပြီလ ၅ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဒေါ်ပိုက်ပိုက်အေး(တ/၁၅၈၆)
ဒုတိယခရိုင်တရားသူကြီး(၅)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်မော်ဆွေ(လ/ထညွှန်မှူး၊ စီးပွား/ကူးသန်း ဝန်ကြီးဌာန၊ ငြိမ်း)၏ ခင်ပွန်း ဗိုလ်မှူးချုပ်ခင်အောင်(ရေတပ်၊ ငြိမ်း) စီမံထုးချွန်(ပထမဆင့်) ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး(ငြိမ်း) (၆၄)နှစ်သည် ၁၂-၄-၂၀၀၄ရက်နေ့တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သံအမတ်ကြီးနှင့် သံရုံးမိသားစု
မြန်မာသံရုံး၊ ဟန်နွိုင်းမြို့။

Queen' s Rose

Body Fitness Centre အား ယခင်နေရာမှယခု အမှတ်-၂၉၄၊ (ပထမထပ်)၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ထားပါသည်။ (တာမွေယာယီဈေးရှေ့)

Ph: 542613

တစ်နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

([illegible])

ဝမ်းနည်းကြေကွဲခြင်း

ဦးမောင်မောင်ကြီး

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်ရိပ်မွန်အိမ်ရာနေ ဦးမောင်မောင်လေးနှင့် ဇနီး မယဉ်မာနိုင်တို့၏ အစ်ကို ဦးမောင်မောင်ကြီးသည် ၉-၄-၂၀၀၄ရက်တွင် အလွှာအရှင်မြတ် အမိန့်တော်ခံယူသွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းပါကြောင်း။

ဟာဂျီ ဦးခင်မောင်နှင့် မိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ရှုတင်(မြိတ်မြို့)(၇၇)နှစ်

ဦးစိန်လွင်-ဒေါ်စီစီဝင်း(လမင်းစန္ဒာတီဗီ-ဗီဒီယိုရောင်းဝယ်ရေး)တို့၏မိခင် (ဒေါ်ရှုတင်)သည် ၁၁-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **Ambur Electronic.**

ကျေးဇူးတင်ရှိခြင်း

၁၁-၄-၂၀၀၄နေ့တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားသော ဒေါက်တာ ဒေါ်လှကြည်၊ အသက်(၈၁)နှစ်၊ ပါမောက္ခ/ဌာနမှူး(ငြိမ်း) သားဖွားနှင့်မီးယပ်ပညာဌာန၊ ဆေးတက္ကသိုလ်(၁)ရန်ကုန်၏ ဈာပနကိစ္စအဝဝတွင် ကူညီပံ့ပိုးပေးခဲ့ကြသော မြန်မာနိုင်ငံဆရာဝန်များအသင်း သားဖွားနှင့်မီးယပ်ပညာဌာနမှ ဌာနမှူးများ၊ ပါမောက္ခများ၊ ဆရာဝန်ကြီးများ၊ စစ်ဘက်နယ်ဘက်မှ ဆရာဝန်များ၊ ဗဟိုအမျိုးသမီးဆေးရုံကြီးမှ ဆရာဝန်၊ ဆရာမများ၊ ဝန်ထမ်းများနှင့်အရပ်ရပ်မှ သတင်းမေးအားပေးကြသူများ၊ လွမ်းသူ့ပန်းခြင်းပေးပို့ကြသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် လိုက်ပါပို့ဆောင်ပေးကြသူအားလုံးကို ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု။

ကားရောင်းမည်

၄ခ/၄၉ယောက်စီး လေအိတ်ကား NISSAN RE8 အဲယားကွန်း

639466. Ext. 365

639486 (ဦးစိုးဝင်း)

တိုက်ခန်းရောင်းမည်

လမ်းမတော်မြို့နယ်၊ နေရာကောင်း လမ်းကျယ် 18' x50' မြေညီ ရေ၊ မီး၊ ဖုန်းကိုယ်ပိုင်တိုက်သစ် အရှုပ်အရှင်းကင်း ညှိနှိုင်းဈေး။

ဖုန်း- ၀၉ ၅၀၀ ၅၃၅၉၊ ၇၀၄၂၅၈။

NISSAN CARSTAR

84 MODEL ,

LINE FAST

AIR CON ၊

ကားအမြန်ရောင်းမည်

DYNA ၅က---

CANTER ၅က---

ရောင်းမည်။

ဖုန်း-၂၁၂၃၃၂၊ ၀၉ ၉၉ ၂၆၃၄၆။

အမည်ပြောင်းခြင်း

ဦးဉာဏ်ကြင်၏သား အိမ်မဲ အထကကျောင်း နဝမတန်း(က)မှ မောင်ဇေယျာဝင်းထိုက်အား မောင်စိုးလွင်ဦးဟု ပြောင်းလဲခေါ်ပါရန်။

မောင်စိုးလွင်ဦး။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ မှတ်ပုံတင်ကတ်ပြားနှင့် ယာဉ်မောင်းလိုင်စင် ထည့်ထားသည့် ပိုက်ဆံအိတ် ၁၆-၄-၂၀၀၄ရက်နေ့တွင် ဆရာစံလမ်းပေါ်တွင် ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပေးပို့ပါရန်။ **ဦးမြတ်သူ ၀၅၆/၂၅၉၀၃။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ ALLOTMENT CARD, GP နှင့် 4 TICKETS ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပေးပို့ပါရန်။ **ကျော်သူသန်း**

ဖုန်း-၀၁-၇၀၉၅၀၄။

ရောင်းမည်/ငှားမည်

ဗိုလ်ချုပ်ဈေးအနီး၊ (၂၈)လမ်း၊ မြေညီထပ်နှင့်ပထမထပ် တွဲလျက် ဆိုင်ဖွင့်လိုသူများအား ငှားလိုသည်။ ရေကျော်တိုက်ခန်းများ ရောင်းရန်ရှိသည်။ **ဖုန်း-၂၉၇၉၈၀၊ ၂၉၇၉၄၁။**

အမြန်ရောင်းမည်

၂ခ/၈--- 97 MDL HONDA ACCORD 2.2(Two Air Bag) ပိုင်ရှင်အမည်ပေါက် အခွန်အကြေဆောင်ပြီး ညှိနှိုင်းဈေး(ပွဲစားမလို)

Ph: 720434

သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ဦးစတန်လေဟန်၏ သမီး မပြည့်ဖြိုးဝေဦး [၁၂/ဥကမ(နိုင်) ၁၅၉၄၆၅]သည် မိဘ၏ ဆိုဆုံးမစကားနားမထောင်ဘဲ မိမိသဘောဆန္ဒအလျောက် ပြုလုပ်သွားပါသဖြင့် သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သမျှ လုံးဝတာဝန်မယူပါ။

ဦးစတန်လေဟန်။

သက်ဆိုင်သူများ ကန့်ကွက်လိုက မြေပုံကူး(တစ်လ)အမည်ပြောင်း / ဂရန်(နှစ်ပတ်)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စဉ်	လျှောက်ထားသူ အမည်	မှတ်ပုံတင်	လိပ်စာ	လျှောက်ထားသည့် မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လျှောက်ထားသည့်အကြောင်းအရာ
၁။	ဦးသန်းလွင်+၁	၁၂/အစန(နိုင်)၀၁၀၃၀၇	၅၇၈၊ လှိုင်မြစ်လမ်း၊ ပေါက်တော၊ အင်းစိန်	အင်းစိန်	၂Cပေါက်တော	မောင်ဒုံ၅/စ - ၈၃၂၂	မောင်အုံးမောင်	ဂရန်သစ်
၂။	ဦးတင်စိန်+၃	၁၂/လမန(နိုင်)၁၁၀၅၇၀	၉၅/အနော်ရထာလမ်း	ပုဇွန်တောင်	၇(C)	၁	ဦးချစ်ထွန်း	ဂရန်သစ်
၃။	ဦးယန်စိန်	၁၂/ဗဟန(နိုင်)၀၂၄၈၈၁	၁၀/၁၁ဈေးပုဇွန်တောင်လမ်းဆုံကြီးအရှေ့ရပ်ကွက်ဗဟန်း	ဗဟန်း	၁၀	၁၈၉	ဦးယန်စိန်	ဂရန်သစ်
၄။	ဒေါ်မာမာကြည်	၁၂/မဂဒ(နိုင်)၀၃၂၅၆၀	၄၀၈၊ ဗိုလ်ရာညွန့်လမ်း၊ မင်္ဂလာဒုံ	မင်္ဂလာဒုံ	၄၀၈-A	၄၀၈	ဒေါ်မြင့်မြင့်လွင်	အမည်ပြောင်း
၅။	ဦးထွန်းထွန်းဦး+၅	၁၂/တမန(နိုင်)၀၁၁၂၃၇၁	၁၀၈၊ ကျောက်မြောင်း၊	တာမွေ	၄-C ၈၉	၂၈၂	ဦးတင်စိန်+၁	အမည်ပြောင်း
၆။	ဒေါ်[illegible]	၁၂/ဥကမ(နိုင်)၀၄၄၀၅၅	၆၂၄၊ ၄၂-ရပ်ကွက်၊ ဒဂုံမြောက်	ဒဂုံမြောက်	၄၂	၆၂၄	ဒေါ်လှမေ	ဂရန်သစ်
၇။	ဦးလှမြင့်+၄	၁၂/တမန(နိုင်)၀၄၁၀၅၄	၆၊ ၁၆၁ လမ်း	တာမွေ	၃၄-E	၄၆၁-A	M.M. Mariear	အမည်ပြောင်း
၈။	ဦးအေးထွန်းကျော်	၉/မရမ(နိုင်)၀၂၅၁၃၂	၅၇၄/ခမင်းရဲကျော်စွာ(၉)လမ်း(၇)ရပ်ကွက်တာ/ဥ	တောင်ဥက္ကလာပ	၇	၅၇၄(ခ)	ဒေါ်လှလှမော်	အမည်ပြောင်း
၉။	ဒေါ်အေးအေးကြွယ်	၁၂/သကတ(နိုင်)၁၁၂၅၇၇	၈၊ ၇-ဈေးလမ်း၊ ၆/န-ရပ်ကွက်၊ သာကေတ	သာကေတ	၆/အနောက်	၈	ဦးလှ	မြေပုံကူး
၁၀။	ဦးမြင့်စိန်	၁၂/ဥကမ(နိုင်)၀၀၇၀၆၉	၁၂၅၂၊ ဗိုလ်မင်းရောင်လမ်း၄၁-ရပ်ကွက်ဒဂုံမြောက်	ဒဂုံမြောက်	၄၁	၁၂၅၂	ဒေါ်တင်တင်လှ	အမည်ပြောင်း
၁၁။	ဒေါ်ခင်မြအေး	၁၂/ဥကတ(နိုင်)၀၄၇၃၁၆	၉၂၊ ဗဟိုလမ်း၊ (၃)ရပ်ကွက်၊ တ/ဥ	တောင်ဥက္ကလာပ	၃	၉၂	ဦးမောင်မောင်+၁	အမည်ပြောင်း
၁၂။	ဦးသန်းရွှေ	၁၂/တမန(နိုင်)၀၉၂၄၀၃	၅၈၊ ၁၅၇-လမ်း	တာမွေ	၃၄-E	၃၇၉-A	ဦးတင်ရွှေ	အမည်ပြောင်း
၁၃။	ဒေါ်ခင်နွဲ့ဝေ+၃	၅/ဝသန(နိုင်)၀၀၅၃၅၁	၁၅၊ သဒ္ဓါရုံလမ်း၊ ၂/မြောက်ရပ်ကွက်	သာကေတ	၂/မြောက်	၆၀၈/ခ	ဒေါ်လှရီ	မြေပုံကူး
၁၄။	ဦးကိုကိုထွေး	၁၂/စခန(နိုင်)၀၁၅၉၅၀	၃၁-A၊ မဟာမြိုင်လမ်း၊ စမ်းချောင်း၊	စမ်းချောင်း	၂၈-E	၉၂-A/၄-B	[illegible]	အမည်ပြောင်း
၁၅။	ဒေါ်မြသန်း	၁၂/သယက(နိုင်)၀၂၇၁၃၉	၄၁၊ ကျောင်းလမ်း၊ အလုံ	အလုံ	၂၃-J	၁၃၃	ဦးစိန်လှိုင်+၁	မြေပုံကူး
၁၆။	ဦးစိုးနိုင်	၁၂/သကတ(နိုင်)၀၀၇၆၁၃၄	၁၂၇၇၊အောင်သုခ(၂၆)လမ်း၆/အရှေ့သာကေတ	သာကေတ	၆	၁၂၇၇/က	ဦးချစ်လှ	ဂရန်ရှိ
၁၇။	ဦးမြတ်မင်း+၁	၁၂/မရက(နိုင်)၁၂၁၀၄၄	၄၈၊ တရုတ်ကျောင်းလမ်း(ခ)ရပ်ကွက်မရမ်းကုန်း	မြောက်ဥက္ကလာပ	ခ	၂၀၈(က)	ဦးသန်းမောင်	အမည်ပြောင်း
၁၈။	ဦးသိန်းအောင်	၁၂/သယက(နိုင်)၀၇၅၄၁၅	[illegible]	မရမ်းကုန်း	ဘုရင့်နောင်	ဆ/၄၁-A	ဦးကျော်ဝင်း	အမည်ပြောင်း
၁၉။	ဒေါ်တင်တင်ဝင်း	CG ၀၅၁၃၃၅	၂၃၊ ၁၅၆လမ်း၊ တာမွေကြီး(က+ခ)ရပ်ကွက်	တာမွေ	၃-A	၁၆	ဒေါ်မြသီ	အမည်ပြောင်း
၂၀။	ဒေါ်မြင့်မြင့်	၁၂/ဥကမ(နိုင်)၁၅၉၀၇၉	၄၂၊ ဓမ္မာသီ(၂)လမ်း၊ မ/ဥ	မြောက်ဥက္ကလာပ	ဆ	၄၂	ဒေါ်သန်းသန်း	အမည်ပြောင်း

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဒေါ်ခင်ဆွေစိုး (၅၉)နှစ်

ဦးဆောင်ညွှန်ကြားရေးမှူး
သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း
သမဝါယမဝန်ကြီးဌာန

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ အမှတ်(၃)၊ မကြီးကြီးလမ်းနေ (ဦးသန်းတင်-ဒေါ်ခင်ဆွေအေး)တို့၏သမီး၊ဦးကိုကို-(ဒေါ်မိမိခင်)တို့၏ သမီးချွေးမ၊ ဦးခင်မောင်ဝင်း(ဒုတိယဝန်ကြီး၊နိုင်ငံခြားရေးဝန်ကြီးဌာန)၏ဇနီး၊ မခင်ဆွေဝင်းကို၊ မောင်မျိုးဇင်၊ မောင်မျိုးထွေးတို့၏မိခင်၊ ဦးမြရွှေ-ဒေါ်ခင်ဆွေလှိုင်၏ညီမ၊ ဦးမောင်မောင်သန်းတင်-ဒေါ်ညွန့်ညွန့်ရီ၊ ဒေါ်ခင်ဆွေသန်း၊ ဦးမျိုးဟိန်း၊ ဒေါက်တာစောထွန်း-ဒေါက်တာခင်ဆွေဦး၊ ဗိုလ်မှူးချုပ်မျိုးလွင်-ဒေါ်ခင်ဆွေရင်နှင့် ဦးမျိုးဒင်တို့၏ အစ်မသည် ၂၀-၄-၂၀၀၄ရက် ည ၇:၄၀နာရီတွင် ရန်ကုန်မြို့၊ ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၀၄ ရက် ညနေ ၄ နာရီအချိန်တွင် ရေဝေးသုသာန်သို့ပို့ဆောင်၍ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၏ ဇနီး မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်းနာယက အဖွဲ့ဝင် ဒေါ်ခင်ဆွေစိုး (ဦးဆောင်ညွှန်ကြားရေးမှူး၊ သမဝါယမဝန်ကြီးဌာန)သည် ၂၀-၄-၂၀၀၄ ရက်တွင် ကွယ်လွန်ခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဝန်ကြီးဦးဝင်းအောင် ဇနီး ဒေါ်စံယုံ မိသားစု။

ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၏ဇနီးဖြစ်သူ ဒေါ်ခင်ဆွေစိုး(အသက်-၅၉နှစ်)၊ (ဦးဆောင်ညွှန်ကြားရေးမှူး၊ သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်း၊သမဝါယမဝန်ကြီးဌာန)သည် ၂၀၀၄ခုနှစ် ဧပြီ၂၀ရက် ည၇:၄၀ နာရီတွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် ကင်ဘာရာမြို့၊ မြန်မာသံရုံးမှ သံအမတ်ကြီး၊ သံရုံးဝန်ထမ်းများနှင့် မိသားစုများအားလုံးက ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာသံရုံး၊ ကင်ဘာရာမြို့။

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ဆွေစိုး(ဦးဆောင်ညွှန်ကြားရေးမှူး)

သမဝါယမ ပို့ကုန်သွင်းကုန်လုပ်ငန်း

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၏ဇနီးဖြစ်သူ သမဝါယမဝန်ကြီးဌာန၊ သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်ခင်ဆွေစိုး အသက်(၅၉)နှစ်သည် ၂၀-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

သမဝါယမဦးစီးဌာနမိသားစု။

ဗိုလ်ကြီးကျော်ကျော်နိုင်

အသက်(၂၆)နှစ်

D.S.A(၄၁)

လယ်ဝေးမြို့၊(၁)ရပ်ကွက်၊ နဝရတ်လမ်းနေ ဦးဆန်းမောင်(အငြိမ်းစားရဲစခန်းမှူး)-ဒေါ်ခင်ထွေး (အငြိမ်းစားကျောင်းအုပ်ဆရာမကြီး၊လယ်ဝေး) တို့၏သား၊ မဖြူပြာဝေ(အီးစီဌာနမှူး၊ တောင်ငူနည်းပညာကောလိပ်)၏အစ်ကို၊ မချိုချိုမာ၏ခင်ပွန်း၊မောင်လင်းထက်၏ဖခင်သည် ၂၀-၄-၂၀၀၄ရက် နံနက် ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၀၄ရက် မွန်းလွဲ၁နာရီတွင် မိတ္ထီလာစစ်သင်္ချိုင်းသို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမ

ဒေါ်တင်ကြည် (၇၄)နှစ်

(မြိတ်)

မြိတ်မြို့၊ ကံဖျားရပ်နေ (ဦးထွန်းခင်-ဒေါ်ရွှေမြို့)တို့၏ သမီးထွေး၊ ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နံ့သာကုန်းလမ်း၊ အမှတ်(၁၅၇)နေ (ဦးမြင့်)၏ ချစ်လှစွာသောဇနီး၊ ဒေါ်သန်းမြင့်၊ ဦးသန်းနိုင်(မီးရထား)၊ ဦးချစ်အောင်ကြီး (တွင်ခုံ)-ဒေါ်ခင်မြတ်လင်း၊ ဦးကျော်သူ (Adv;Eng: Co.,Ltd)၊ ဒေါ်ဝင်းဝင်းမြင့်တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မောင်ကျော်စိုးဟန်၊ မောင်အောင်ကောင်းမြတ်တို့၏ ချစ်လှစွာသောဘွားဘွားသည် ၂၀-၄-၂၀၀၄(အင်္ဂါနေ့) နံနက် ၁ :၅၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၄-၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများမွန်းလွဲ ၁၂:၃၀ နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး

ဒေါ်ခင်အေး

အသက် (၆၀)

အဆောက်အအုံဆောက်လုပ်ရေး
စီမံကိန်းအထူးအဖွဲ့-(၅)
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၃ ရပ်ကွက်၊ မာန်ပြေ၊ မြင်တော်သာလမ်း၊ အမှတ်(၂၉)နေ (ဦးဆင့်-ဒေါ်စောညွန့်)တို့၏ သမီး၊ (ဦးဘသွင်-ဒေါ်အေးခင်)တို့၏ သမီးချွေးမ၊ ဒေါ်သန်းမြ၊ (ဦးညိုမောင်)-ဒေါ်နွဲ့၊(ဦးတိုးမောင်)-ဒေါ်ခင်တင့်တို့၏ညီမ၊ (ဦးစန်းမောင်)၏ ချစ်လှစွာသောဇနီး၊ မခင်ဆွေဆင့်(ကျန်းမာရေးဦးစီးဌာန- ရုံးချုပ်)၊ မောင်တင်အောင်မိုး-မခင်ဆွေမြင့်(ဟိုတယ်ခရီး)၊မောင်ဆန်းကိုကို-မမူမူခင် (မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)တို့၏ မိခင်သည် ၂၀-၄-၂၀၀၄ရက်ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၂-၄-၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက် ၁၁:၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်သောင်းစိန် (၉၆)နှစ်

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် အနော်ရထာလမ်း၊ အမှတ်(၁၄၆) တတိယထပ်နေ (ဦးဖိုးမြ-ဒေါ်ကြော့)တို့၏သမီး၊ (ဦးအေးမောင်)၏ဇနီး၊ ဦးကျော်စိန်-ဒေါ်မူမူမြင့်၊ ဦးစိုးဝင်း-ဒေါ်ငွေငွေအောင်တို့၏မွေးသမိခင်၊ မြေးရှစ်ယောက်၊ မြစ်၁၀ယောက်တို့၏ အဘွားသည် ၂၀-၄-၂၀၀၄ ရက်နံနက် ၆:၂၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၂-၄-၂၀၀၄ (ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက် ၁၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးခဲစိန် (၈၁)နှစ်

(ဝမ်းဘဲခေါက်ဆွဲစက်)

မုံရွာမြို့၊သီတာလမ်း၊ လှည်းတန်းရပ်နေ ဦးရွှေတိုး-ဒေါ်ကြည်ကြည်ဝင်း (ဂျုံးဖြူ-စိန်ခြုံးခေါက်ဆွဲစက်)၊ ဦးအောင်မင်းစိန်(ကိုဖိုးရှမ်း) - ဒေါ်တင်လွှမ်း၊ မန္တလေးမြို့နေ ကိုထွန်းထွန်းအေး (ကိုမိုးတာ)-မအရှမ်း၊ ကိုထွန်းထွန်း-မသူဇာစိန်(မိကူ)၊ ကိုထွေးထွေး-မသန္တာစိန်(မိစိုး)တို့၏ ဖခင်၊ မြေး ၁၄ယောက်၊ မြစ်တစ်ယောက်၏အဘိုးသည် ၂၀-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၂-၄-၂၀၀၄ရက်ညနေ၃နာရီတွင် မုံရွာမြို့ သုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ကိုမျိုးမြင့်ထွန်း (၃၅)နှစ်

B.A(History)Q

မော်ဘီမြို့၊ အမှတ်(၂)၊ တိုးချဲ့မြို့မ အနောက်ခြမ်း၊ အမှတ်(E-1)နေ အရာခံဗိုလ်ကျော်စိုး(ငြိမ်း)-ဒေါ်အေးနွဲ့တို့၏ သား၊ မစိုးစိုးနွဲ့(ဒု-တာဝန်ခံ၊ အင်းစိန်ဈေး၊ Y.C.D.C)၏ မောင်၊ ရန်ကုန်မြို့နေ ဦးဉာဏ်ထွန်း(လ/ထ တိုင်းပညာရေးမှူး-ငြိမ်း)-ဒေါ်ခင်ဝင်း (အထပြ-ငြိမ်း)တို့၏ သားသမက်၊ မမိုးမြင့်သွင်(P.M.E Co., Ltd)၏ ခင်ပွန်း၊မမြင့်မိုရ်သိမ့်၏ ဖခင်သည် ၂၀-၄-၂၀၀၄(အင်္ဂါနေ့)တွင် ကွယ်လွန်ပါ၍ ၂၂-၄-၂၀၀၄(ကြာသပတေး နေ့) မွန်းလွဲ ၁နာရီတွင် မော်ဘီသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးကင်းညွန့် (၈၅)နှစ်

(ချောက်မြို့)

ရန်ကုန်မြို့နေ ဦးတင်ဝင်း-ဒေါ်ပိကြူး၊ အောင်လံမြို့နေ ဦးထွန်းအေး-ဒေါ်သီဂီ၊ ချောက်မြို့နေ ဦးဝင်းဇော်-မလှမြင့်၊ ရန်ကုန်မြို့နေ ဦးမောင်မောင်တင့်-(ဒေါ်သန်းငွေ)၊ ရန်ကုန်မြို့၊အောင်မင်္ဂလာအဝေးပြေးကားဝင်းနေ ဦးမောင်မောင်မြင့်-ဒေါ်သန်းသန်းငွေ၊ မခင်နု၊ မန္တလေးမြို့နေ ဦးမောင်မောင်ဆင့်-ဒေါ်တင်တင်မွှေး၊ ဦးမောင်မောင်-ဒေါ်မီမီလွင်၊ ရန်ကုန်မြို့နေ ဦးစန်းလွင်-ဒေါ်ဝါဝါတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ကွယ်လွန်သူဒေါ်မွှေး၏ ချစ်လှစွာသောခင်ပွန်း၊ မြေး၂၁ယောက်၊ မြစ်လေးယောက်တို့၏အဘိုး ဦးကင်းညွန့်သည် ရန်ကုန်မြို့ရွှေဂုံတိုင်အထူးကု ဆေးခန်း၌ ၂၀-၄-၂၀၀၄ရက် ညနေ ၆:၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၄-၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အမှတ်၂၈/၃၂၊ မြေညီထပ်၊ ရွှေဘုံသာလမ်းနေအိမ်မှကားများ နံနက်၉:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
အောင်သုခမ္မရိပ်သာယောဂီဟောင်း

ဦးခင်မောင်မြင့် အသက်(၆၀)

တာဝန်ခံအယ်ဒီတာ(မဟေသီမဂ္ဂဇင်း)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီ(၁၇)လမ်း၊ အမှတ် (၃၅၈)နေ (ဦးစန်းမောင်-ဒေါ်စန်းရီ)တို့၏ သား၊ (ဦးထွန်းခင်-ဒေါ်စောမြိုင်)တို့၏ သားသမက်၊ ဒေါ်ခင်အုန်းကြည်၏ ခင်ပွန်း၊ ဒေါက်တာဖြိုးသီဟ (အထူးကုဆေးရုံကြီး၊ဝေဘာဂီ)၊(မောင်ကျော်ဝဏ္ဏ)၊မောင်ဖြိုးပိုင်(B.E,Electronics) တို့၏ ဖခင်၊ ဦးစောလွင်(ဦးစီးအရာရှိ၊ အကောက်ခွန်ဦးစီး၊ငြိမ်း) -ဒေါ်သန်းမြင့်(အထက-၁၊ တောင်ဥက္ကလာပ၊ ငြိမ်း) တို့၏ ညီ၊ ဒေါ်ခင်စောရီ၏ အစ်ကိုသည် ၂၁-၄-၂၀၀၄(ဗုဒ္ဓဟူးနေ့)တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၂၃-၄-၂၀၀၄(သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။)(၃၃ လမ်း လက်ဖက်ရည်ဆိုင်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
အောင်သုခမ္မရိပ်သာယောဂီဟောင်း

ဦးခင်မောင်မြင့် အသက်(၆၀)

တာဝန်ခံအယ်ဒီတာ (မဟေသီမဂ္ဂဇင်း)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီ(၁၇)လမ်း၊ အမှတ် (၃၅၈)နေ (ဦးစန်းမောင်-ဒေါ်စန်းရီ)တို့၏သား၊ (ဦးထွန်းခင်-ဒေါ်စောမြိုင်)တို့၏သားသမက်၊ ဒေါ်ခင်အုန်းကြည် ၏ခင်ပွန်း၊ဒေါက်တာဖြိုးသီဟ (အထူးကုဆေးရုံကြီး၊ဝေဘာဂီ)၊(မောင်ကျော်ဝဏ္ဏ)၊ မောင်ဖြိုးပိုင်(BE.Electronics)တို့၏ ဖခင်၊ ကိုသန်းနိုင်-မဆွေဆွေဦး၊ ကိုဇော်မင်းကျော်(လက်ထောက် မန်နေဂျာ၊ စီးပွားရေးဦးပိုင်လီမိတက်)-မသီတာလှိုင်(ရိုးမဘဏ်)၊ မတင်တင်ကျော် (လဝက၊ ရုံးချုပ်)၊ (ကိုသန်းထိုက်၊ မဟေသီမဂ္ဂဇင်း)၊ ကိုကျော်ခိုင်(Graphic Designer)-မသက်ထားကျော် (မြဝတီဘဏ်)၊ ကိုရဲမင်းကျော်(B.E,E.P)-မငွေငွေဝင်း(M.Sc Chem)၊ ကိုမျိုး ထိုက်(B.E-E.Pဌာနခွဲမှူး။ စက်မှု(၁)၊ ကိုကျော်နေလွင်(B.E,E.C)၊ မခိုင်ဇာလွင် (M.Sc Engineering Physics)၊ မောင်ကိုဦး(B.E,E.C)တို့၏ ဦးလေးသည် ၂၁-၄-၂၀၀၄(ဗုဒ္ဓဟူးနေ့)တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၃-၄-၂၀၀၄(သောကြာနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူ တူ၊တူမများ။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်ဘီရီ(စ်) (၈၂)နှစ်

(သူနာပြုဆရာမ၊
ဗဟိုအမျိုးသမီးဆေးရုံကြီး)
ပုသိမ်(ရှမ်းကွင်း)

ပုသိမ်ရှမ်းကွင်းနေဦးစောမဲ-နော်လေးသာတို့၏သမီး၊ ရန်ကုန်မြို့၊ တိုက်(၄)၊ အခန်း(၆)ဦးဝိစာရအိမ်ရာ၊ဒဂုံမြို့နယ်နေ ဦးချစ်ခိုင် (ကုန်သွယ်/လယ်ယာ၊ငြိမ်း)၏ဇနီး၊ ဦးနွယ်နီအုန်း၊ဒေါ်ရီရီခိုင်၊ Rev. ရော်ဘင်ခိုင်၊ဒေါ်သဇင်ကျော်(သူနာပြု၊ကင်ဆာဌာန Y.G.H)၊ ဒေါက်တာပက်ထရစ်ရော်ဂျာခိုင်၊ ဗိုလ်မှူးညီဝင်းခိုင်(လှိုင်ကော်)-ဒေါ်ချိုမာခိုင်(မြန်မာ့အသံ)၊ ဒေါ်မီမီခိုင်တို့၏ မိခင်၊နော်ဒီဘိုရာခိုင်၏ အဘွားဆရာမကြီး ဒေါ်ဘီရီ(စ်)သည် ၂၀-၄-၂၀၀၄ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂၃-၄-၂၀၀၄ရက်နံနက်၁၀ နာရီတွင် ဂိုဏ်းပေါင်းစုံရေဝေး ခရစ်ယာန်ခန်းမ၌ ဝတ်ပြုကိုးကွယ်ပြီး မြေသို့မြှုပ်နှံ သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ဒါယကာကြီး

ဦးထွန်းအုန်း (၆၁)နှစ်

သံပန်း၊ သံတံခါး

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ် (၆)စကြာလမ်း၊ ကျောက်မြောင်း၊ မြေညီထပ်နေ(ဦးခင်မောင်-ဒေါ်သိန်းရွှေ)တို့၏ သား၊ ဒေါ်ညွန့်ညွန့်သန်း၏ ခင်ပွန်း၊ မောင်မြင့်ဆွေ-မစန်းယုထွန်း၊ မအေးဖြူခိုင်တို့၏ ဖခင်၊ ဒေါ်ခင်ရွှေ၊ ဒေါ်ရွှေရွှေ၊ ဒေါ်ငွေငွေ၊ ဒေါ်ရီရီသိန်း-ဦးကြည်ဝင်း၊ မောင်ခင်စိုးတို့၏အစ်ကို၊ မလှသူဇာမြင့်၏ အဘိုးသည် ၂၁-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၃-၄-၂၀၀၄ရက် ညနေ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပျဉ်းမနားမြို့နယ်အသင်း

ဒေါ်ခင်ဆွေစိုး(၅၉)နှစ်

ဦးဆောင်ညွှန်ကြားရေးမှူး
သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း
သမဝါယမဝန်ကြီးဌာန

ပျဉ်းမနားမြို့နယ်အသင်း နာယကကြီး ဦးခင်မောင်ဝင်း(ဒုတိယဝန်ကြီး-နိုင်ငံခြားရေးဌာန)၏ဇနီး ဒေါ်ခင်ဆွေစိုးသည်၂၀-၄-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၂-၄-၂၀၀၄ရက် ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်၍ အသင်းသူ၊ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်နဲလေ(ခ)ဖီးနဲလေ

အသက်(၈၈)နှစ်

(ဟသ်ာတ)

အင်းစိန်မြို့သစ်၊အမှတ်(၂၂၉)၊ က/၄လမ်းနေ (ဦးထွန်းလှ-ဒေါ်မကြီး)တို့၏ သမီး၊ (ဆရာဦးစောဘာဟု)၏ ဇနီး၊ ဦးစောအဒေး (ခရိုင်ဦးစီးမှူး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ မြောင်းမြ)-ဒေါ်ဂရေ့စ်ညွန့်၊ ဒေါ်သန်းသန်းမေ (အမက-၁၄၊အင်းစိန်)-ဦးသောင်းလွင်၊ ဦးစောစိုးညွန့်(MICT)-ဆရာမနော်ထီးခူ (MICT)တို့၏ မိခင်၊ နော်မေရီညွန့်-စကျော်ကျော်ဦး၊ စောဖိုးအယ်(အယ်ဖိုး-ဂစ်တာသင်တန်း၊ အင်းစိန်)-နော်အယ်ဝါး၊ နော်ခူဝါး (မြန်မာ့အသံနှင့်ရုပ်မြင်သံကြား)စောရန်နောင်စိုး၊ နော်ထူးဂေဖော(အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လှိုင်သာယာ)၊ နော်နှင်းမိုးအေး (ကယ်ဆယ်ရေးဦးစီးဌာန)၊ နော်အေးမိုးကြည်သန့်၊ စောရဲဝင့်ကြည်သန့်တို့၏ ချစ်လှစွာသောအဘွား၊ မြစ်နှစ်ယောက်၏ ဖီးဖီးကြီးသည် ၂၀-၄-၂၀၀၄ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၂၂-၄-၂၀၀၄(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်၌ ဝတ်ပြုကိုးကွယ်ပြီး မွန်းလွဲ၁နာရီတွင် ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးကျော်ခိုင်(ခ) ဦးရွှေစိန်

အသက် (၆၈)နှစ်

(သုံးဆယ်မြို့)
(အငြိမ်းစား၊ကျောင်းဆရာ)
(သုံးဆယ်မြို့နယ်အသင်း)

သုံးဆယ်မြို့နေ(ဦးကက်ယု-ဒေါ်အုန်းရှင်)တို့၏သား၊ အမှတ် (၄၁၃)၊ရွှက်လှလမ်း၊အနောက်ကြို့ကုန်းရပ်ကွက်၊အင်းစိန်မြို့နယ်နေ ဒေါ်ညွန့်ယဉ်၏ ခင်ပွန်း၊ ဦးမျိုးသိန်း-ဒေါ်ခင်မာဦး (MIDB)၊ ဦးဝင်းဇော်ဦး၊ ဦးခင်မောင်သန်း-ဒေါ်ခင်ဆွေဦး(အမက-၂၇၊ လှိုင်)၊ ဦးအောင်ဇော်မိုး-ဒေါ်စန်းမာလာအောင်တို့၏ ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၁-၄-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၃-၄-၂၀၀၄(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစိုးမောင် (၇၈)နှစ်

(သီတာငံပြာရည်)

ဦးဖိုးချစ်-ဒေါ်ပိုးမျှင်တို့၏ သား၊ ဦးထွန်းကြွယ်-ဒေါ်ငွေမျှင်တို့၏ သားသမက်၊ (၉၈/ဘ) ဘောဂဗလလမ်း၊ စက်မှုဇုန်မ/ဥက္ကလာပနေ ဒေါ်မြင့်မြင့်(သီတာငံပြာရည်)၏ ခင်ပွန်း၊ ဦးကျော်အောင်(လ/ထမန်နေဂျာ၊ကပရုံးချုပ်)-ဒေါ်ခင်မာစမ်း၊ ဒေါ်လှလှစန်း၊ ဦးအောင်နိုင်၊ဒေါ်လှလှသန်း၊ ဦးသန့်ဇင်ဝင်း-ဒေါ်နီနီဝင်းတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏ အဘိုးဦးစိုးမောင်သည် ၂၁-၄-၂၀၀၄(ဗုဒ္ဓဟူးနေ့)တွင် ကွယ်လွန်ပါ၍ ၂၃-၄-၂၀၀၄(သောကြာနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ကျောင်းဒါယကာကြီး

ဦးအောင်ကြည် (၇၇)နှစ်

(ပဲခူးတိုင်း၊ သက္ကလ)

သက္ကလစံပြကျေးရွာနေ (ဦးအုံးရှင်-ဒေါ်သိန်း)တို့၏ သား၊ (ဦးထွန်းတင်-ဒေါ်ကြည်)(ဦးပြား-ဒေါ်ရီ)တို့၏ မောင်၊ (ဦးလှရွှေ)-ဒေါ်ရင်မြ၊ (ဦးထွန်းစိန်)-ဒေါ်ရင်နု၊ (ဦးမြသန်း)-ဒေါ်ကြင်ဥ၊ (ဦးတိုး)-ဒေါ်တင်မြင့်တို့၏ အစ်ကို၊ အမှတ်(၂၂)၊ (၄)လွှာ၊ အင်္ဂပူလမ်း၊ စမ်းချောင်းမြို့နယ်နေ (ဒေါ်ညွန့်စိန်)၏ ခင်ပွန်း၊ ဦးမြင့်ဆွေ-ဒေါ်မူမူ၊ ဒေါ်သန်းလှ (ပုဇွန်တောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)၊ ဦးထိန်လင်း-ဒေါ်ချိုချိုဝင်း (ဘဏ်ခွဲ-၆)တို့၏ မွေးသဖခင်၊ မချိုဇင်သက်၊ မလဲ့ရည်လင်းတို့၏ အဘိုးသည် ၂၁-၄-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၃-၄-၂၀၀၄(သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါ နေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစောထွန်းအောင်

(Ronnic)

အသက်(၇၅)နှစ်

(ဦးစိန်ထွန်းအောင် - ဒေါ်စံမြသူ)တို့၏သားကြီး၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၇/က)၊ သီရိလမ်း၊ ကျောက်ကုန်းနေ ဒေါ်ခိုင်ခိုင်(ညွှန်ကြားရေးမှူးချုပ်၊ငြိမ်း၊စီမံကိန်းရေးဆွဲရေးဌာနနှင့် ယခင်တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်) ၏ ခင်ပွန်း၊ ဒေါက်တာသန္တာအောင်-ဦးအောင်ခင်ဇံ၊ ဒေါ်မြမူအောင်- Mr. Pisit Sae Jiam ၊ဒေါ်သိန်းသိန်းအောင်၊ ဦးမိုးကျော်အောင်-ဒေါ်ဝေဝေသန်းတို့၏ ဖခင်၊ဇခိုင်ဇံ၊Jeffneyတို့၏ အဘိုးသည် ၂၀-၄-၂၀၀၄ရက်တွင် အကယ်ဒမီအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပြီဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်မြင့်မြင့် (၇၂)နှစ်

သထုံမြို့၊မင်းလမ်းနေ(ဦးသိန်းမောင်-ဒေါ်သင်းရွှေ)တို့၏ သမီး၊ ရန်ကုန်မြို့၊ တိုက်(၉)၊ အခန်း(၀၁၆)၊ နှင်းဆီလမ်း (ယုဇနပလာဇာအနီး)၊သာယာကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ(ဦးဘသင်-ဒေါ်အုံးကြည်)၊ (ဆမားဒူးဝါဆင်ဝါးနောင်)-ဒေါ်အုံးရီ၊ ဒေါ်အေးသီတို့၏ညီမ၊ ဦးလှအောင် (အငြိမ်းစားသုတေသန၊ ရန်ကင်း)၏ဇနီး၊ ဦးချိုမြင့်၊ ဦးမြင့်စိုး၊ (ဦးစိုးလွင်)၊ဦးခွန်ဂျီ-မအေးအေး သန်း၊ မအေးအေးခိုင်၊ ဦးဝင်းမြင့် (ဆင်မလိုက်သင်္ဘောကျင်း)-မမျိုးပပအောင်တို့၏ မိခင်သည်၂၁-၄-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၃-၄-၂၀၀၄ရက် နံနက်၉:၄၅ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးမျိုးမြင့်အောင်(၆၁)နှစ်

B.Sc, R.L

လက်ထောက်တိုင်းတရားသူကြီး(ငြိမ်း)
တရားရုံးချုပ်ရှေ့နေ
ရန်ကုန်မြို့တော်ဘဏ်ရှေ့နေ

မုံရွာမြို့နေ (ဦးဘဟိန်-ဒေါ်ညွန့်ညွန့်)တို့၏သားကြီး၊ ရန်ကုန်မြို့နေ (ဦးအောင်မြင့်-ဒေါ်ငွေညွန့်)တို့၏ သားသမက်၊ ရန်ကုန်တိုင်း အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ စက်တွင်းလမ်း၊ တိုက်(၃၇)ခြောက်လွှာ(ဝဲ)နေ ဒေါ်နွဲ့နွဲ့(ခ)ဒေါ်မြနွဲ့၏ခင်ပွန်း၊ဒေါ်လေးယဉ် (မြန်မာ့စီးပွားရေးဘဏ်၊ငြိမ်း)၏ မောင်၊ မန္တလေးမြို့နေ ဒေါက်တာကျော်သန်းထွန်း-ဒေါ်အေးအေးကြင်တို့၏ အစ်ကိုကြီး၊ ကိုကျော်ဇေယျာ-မမြတ်မွန်သွင်၊ ကိုမြတ်သာနိုင်-မသန်းသန်းငွေ၊ကိုသူရ-မသင်းနွယ်အေး၊ ကိုဇေယျာမင်းတို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၀-၄-၂၀၀၄ ရက်တွင်အကယ်ဒမီအထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၂၂-၄-၂၀၀၄ရက်တွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက် ၁၁နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်သင်း(ပဲခူး)

အသက်(၈၃)နှစ်

ပဲခူးမြို့၊ပန်းလှိုင်ရပ်နေ (ဦးစံအေး-ဒေါ်စိန်ဖေါ့)တို့၏သား၊ ရန်ကင်းမြို့နယ်၊ ၁၃ရပ်ကွက်၊ဓမ္မာရုံလမ်းသွယ်၊အမှတ်(၃၇) နေ ဒေါ်ယဉ်နု၏ခင်ပွန်း၊ ဦးမြသွေး၊ဒေါ်ခင်အေးချို(အထက-၄၊ကမာရွတ်)၊ ဒေါ်ခင်သန်းနွဲ့(အထက-၅၊ကမာရွတ်)၊ ဦးထင်ဝင်း(လ/ထညွှန်ကြားရေးမှူး၊ဘားအံခရိုင်မြေစာရင်းဦးစီးရုံး)-ဒေါ်ခင်သန်းနု (ဦးစီးအရာရှိ၊စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဝန်ကြီးများရုံး)၊ ဦးသိန်းသန်းထွန်း (United Cargo Service)-ဒေါ်တင်တင်မြတ်၊ ဦးခင်မောင်ကျော်၊ ဦးထင်အောင်ကျော်၊ ဦးအေးလွင်(Uniteam Marine Co,) - ဒေါ်ယဉ်ဇာနည်ကျော်(ရုပ်သံကျွမ်းကျင်-၂၊ MRTV-3)တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေးသုံးယောက်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၂၁-၄-၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၂နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂၃-၄-၂၀၀၄(သောကြာနေ့) နံနက်၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၉နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး

ဦးဘရီ(၇၈)နှစ်

လက်သမားဆရာကြီး၊ သုံးခွမြို့၊ အိသျှရွာ

ရန်ကုန်တိုင်း၊ သုံးခွမြို့နယ်နေ(ဦးသန်း-ဒေါ်စောရင်)တို့၏သား၊ (ဦးမောင်အေး-ဒေါ်လှမယ်)တို့၏သားသမက်၊(ဦးကျော်ညွန့်-ဒေါ်မြသန်း)တို့၏ ညီ/မောင်၊ (ဦးတင်အေး)-ဒေါ်ဝိုင်းရှင်တို့၏အစ်ကို၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ မေယုလမ်း၊ အမှတ်(၃၅၈/က)နေ ဒေါ်ခင်စိန်၏ခင်ပွန်း၊ (ဦးစိုးဝင်း-ဒေါ်ကျင်လှိုင်)၊ ဒေါ်ဝင်းရီ(ပြည်ပပို့ကုန်လုပ်ငန်းဌာန၊ ကုန်သွယ်လယ်ယာရုံးချုပ်)၊ ဦးခင်မောင်တိုး(မထသဌာနခွဲ ၅)-ဒေါ်အေးအေးပြုံးတို့၏ဖခင်၊ မဥမ္မာ-မောင်ကျော်နိုင်၊ မစန္ဒာ၊ မောင်ကျော်မင်းအေး၊ မောင်ဇော်မင်း၊ မောင်နိုင်လင်းဦး(အထက-၃၊ သာကေတ)၊ မောင်လှမျိုးဟန်တို့၏အဘိုး၊ ဒေါ်သက်သက်မာ၏ဦးလေး ရဟန်းဒါယကာကြီး ဦးဘရီသည် ၂၀-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၂-၄-၂၀၀၄ (ကြာသပတေးနေ့) မွန်းတည့် ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မြင့်(၇၉)နှစ်

ရန်ကုန်တိုင်း၊ သန်လျင်မြို့နယ်၊ ညောင်လေးပင်ကျေးရွာနေ (ဦးသာဖေ-ဒေါ်စောရင်)တို့၏ သမီး၊ ရန်ကုန်တိုင်း၊ ပုဇွန်တောင်မြို့နယ်၊ (၆)ရပ်ကွက်၊ ဂန္ဓမာလမ်း၊ အမှတ်(၂၀)နေ (ဦးပါ)၏ ဇနီး၊ ဦးညွန့်မောင်-ဒေါ်တင်အုန်း၊ ဗိုလ်ကြီးစိန်လွင်(ငြိမ်း) - ဒေါ်တင်မြင့်တို့၏ မိခင်၊ မြေးခြောက်ယောက်၊ မြစ်လေးယောက်တို့၏ အဘွားသည် ၂၀-၄-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၂-၄-၂၀၀၄ရက် ညနေ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ၃:၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း၊ရဟန်းဒါယကာကြီး

ဦးသန်းထွန်း (၇၇)နှစ်

(ရခိုင်ရိုးကြီးရွာ)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းလှိုင်ဘူတာရပ်၊ ပန်းလှိုင်(၄)လမ်း၊ အမှတ်(၁၃၈)နေ(ဦးဘသော်-ဒေါ်ရွှေချစ်)တို့၏သား၊ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အုန်းပင်လမ်းနေ ဒေါ်လှမြိုင်၏တူ၊ (ဒေါ်အေးမြင့်၊မင်းတုန်း)၏ ချစ်လှစွာသောခင်ပွန်း၊ သမိုင်းနေ (ဦးစိန်ထွန်းအောင်)-ဒေါ်တင်နုတို့၏ညီ၊ သမိုင်းနေ ဦးအုန်းဟန်-(ဒေါ်လှရှိန်)၊ ဦးဖိုးစိန်လမ်းနေ (ဦးအောင်ကြွယ်)-ဒေါ်ခင်လှိုင်၊ ကြည့်မြင်တိုင်နေ ဦးစံမြ-ဒေါ်သန်းမြင့်၊ ဦးစိန်မြို့-ဒေါ်တင်ရီ၊ ဗိုလ်မှူးချုပ်စိုးမြင့် - ဒေါက်တာဒေါ်ညွန့်ညွန့်၊ (ဦးဝင်းမောင်)-ဒေါ်မြစိုးတို့၏အစ်ကိုသည် ၂၀-၄-၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ၁၂:၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၄-၂၀၀၄ (ကြာသပတေးနေ့)မွန်းလွဲ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ၁နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူညီအစ်ကိုမောင်နှမတစ်စု။

ဘုရား၊ကျောင်း၊ရဟန်းဒါယကာကြီး

ဦးသန်းထွန်း(၇၇)နှစ်

(ရခိုင်ရိုးကြီးကျေးရွာ)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ပန်းလှိုင်ဘူတာရပ်၊ ပန်းလှိုင်(၄)လမ်း၊ အမှတ်(၁၃၈)နေ (ဦးဘသော်-ဒေါ်ရွှေချစ်)တို့၏ သား၊ (ဒေါ်အေးမြင့်၊မင်းတုန်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးငွေဝင်း (Petronas Carigali Myanmar Limited)-ဒေါ်ခင်ဝင်းမြင့်၊ ဦးဇော်ဝင်းအောင်၊ ဦးဇော်လင်းအောင်၊ (ဦးဇော်ဒိုင်း)-ဒေါ်ခင်ဝင်းတင့်၊ ဦးဇော်မိုးအောင်၊ ဦးမြတ်သူ-ဒေါ်ငွေငွေတင့်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မဇမြတ်မွန်၊ မောင်ဗာဟုဇော်ဒိုင်း၊ မောင်ဘုန်းမြတ်သူ၊မောင်ဟန်သူရတို့၏ ချစ်လှစွာသော အဘိုးသည် ၂၀-၄-၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ၁၂:၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၄-၂၀၀၄(ကြာသပတေးနေ့) မွန်းလွဲ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ချူကြုံးတေး(ခ)ဒေါ်ငယ်

အသက် (၁၀၃)နှစ်

(ရေတာရှည်မြို့)

ပဲခူးတိုင်း၊တောင်ငူမြို့နေ(ချူဦးစန်း-ဒေါ်ပူဝါး) တို့၏သမီး [တော်ကီကျွမ်း(ခ) ဦးကြည်ရွက်]၏ ဇနီး၊ ဦးဟံကွန်း-ဒေါ်ညွန့်ညွန့်၊ ဦးကိန်လွန်း-ဒေါ်ဝေသန်း၊ (ဦးစိုးလှိုင်)၊ ဦးအေးမင်း-ဒေါ်ခင်ခင်မြတ်၊ [ဦးဘေယား(ခ) ဦးကျော်ဝင်း]၊ ဒေါ်မြမြလွင်၊ ဦးကိန်းဝင်း-ဒေါ်ခင်ထားထားတို့၏မိခင်၊ မြေး ၂၅ယောက်၊ မြစ် ၂၆ ယောက်တို့၏ အဘွားသည် အမှတ် ၅၆၊ကျွန်းတောလမ်း၊ စမ်းချောင်းမြို့နယ်နေအိမ်တွင် ၂၀-၄-၂၀၀၄ရက် နံနက် ၁:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၄-၂၀၀၄ ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများနံနက် ၉နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒု-အရာခံဗိုလ်အုန်းသွင်

အသက်(၇၇)နှစ်

တပ်မတော်မှတ်တမ်းရုံး(ငြိမ်း)

ဧရာဝတီတိုင်း၊ ဘိုကလေးမြို့နယ်၊ စိန်ဟိုင်းကျေးရွာနေ(ဦးသာလွင်-ဒေါ်မယ်ကြိုင်)တို့၏သား၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကမ်းနားလမ်း၊ အမှတ်(၂၄၉)နေ (ဦးမြင့်-ဒေါ်သိန်း)တို့၏ သားသမက်၊ (ဒေါ်ခင်သန်း)၏ခင်ပွန်း၊(ဦးတင်အောင်)၊ ဦးအောင်နိုင်-ဒေါ်သန်းသန်းရီ၊ (ဦးသန်းထွန်း)၊ ဦးစိုးလွင်-ဒေါ်ဝင်းဝင်းမာ၊ ဦးကျော်ဝင်း-ဒေါ်အေးအေးမိုး၊ ဒုရဲအုပ်ဇော်လင်း-(ဒေါ်ခင်မြတ်သူ)၊ ဦးသန်းစိုး-ဒေါ်တင်တင်နွယ်၊ ဦးထွန်းထွန်းနိုင်-ဒေါ်ဆွေဆွေမာ၊ (ဦးကျော်တင်)၊ ဦးအောင်ကျော်ထွေး - ဒေါ်ခင်ဝင်းမာတို့၏ ဖခင်၊ မြေး၁၈ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၁-၄-၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၃-၄-၂၀၀၄(သောကြာနေ့) မွန်းလွဲ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သန်းသန်းအေး(ခ)မာလွင်

အသက်(၇၆)နှစ်

B.A,B.L,C.P.A

ဘင်တန်ကျောင်းသူဟောင်း
ဒု-လက်ထောက်ညွှန်မှူး(ငြိမ်း)
(ယခင်ကြွေထည်မြေထည်ကော်ပိုရေးရှင်း)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ပါရမီ၊ မဉ္ဇူလမ်းသွယ်နေ (ဦးလွင်-ဒေါ်မာရီ)တို့၏ သမီးကြီး၊ မုံရွာမြို့၊ ရှမ်းတောရပ်နေ (ဦးအောင်-ဒေါ်ယဉ်)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၉၅)၊ ကုန်းမြင့်ရိပ်သာနေ ဦးမော်သန်း(ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ ပါမောက္ခချုပ်-ငြိမ်း)၏ ချစ်လှစွာသောဇနီး၊မနန်းခမ်းနုမော်(တက္ကသိုလ်ဝင်တန်း၊ အထက-၂၊ကမာရွတ်)၏မိခင် ဒေါ်သန်းသန်းအေးသည် မဟာမြိုင်ဆေးခန်း၌ ၂၀-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၂-၄-၂၀၀၄(ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (ကုန်းမြင့်ရိပ်သာနေအိမ်မှကားများ နံနက် ၁၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၀၄)ဒုတိယနေ့တွင် စက်မှုဇုန်ကြီးကြပ်မှုကော်မတီဝင်များ၊ စက်မှုလုပ်ငန်းရှင်များအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

စက်မှုလုပ်ငန်းများ စက်မှုဇုန်များ၌ တောင့်တင်းခိုင်မာစွာ ဖြစ်ပေါ်ရေး ကုန်ထုတ်လုပ်မှု အထောက်အကူပြု စက်ပစ္စည်းများ ထုတ်လုပ်ရေး ဆွေးနွေး

နိုင်ငံတော် အစိုးရက ကူညီပံ့ပိုးနိုင်သည်များကို အစွမ်းကုန် ကူညီပံ့ပိုးပေးမည်

ရန်ကုန် ဧပြီ ၂၁

မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၀၄)ဒုတိယနေ့အစီအစဉ်များကို ယနေ့မွန်းလွဲ၂နာရီ၄၅မိနစ်တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန သင်တန်းခန်းမ၌ ဆက်လက်ကျင်းပရာ စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းတက်ရောက်၍ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ စက်မှုဇုန်ကြီးကြပ်မှုကော်မတီဝင်များ၊ စက်မှုလုပ်ငန်းရှင်များအား ရင်းနှီးစွာ တွေ့ဆုံမှာကြားသည်။

အဆိုပါ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ အမှတ်(၁)စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဒုတိယဝန်ကြီးများ၊ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ရခိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ စက်မှုဇုန် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစက်မှုလက်မှုကုန်ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စက်မှုလက်မှု လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဝင်းနှင့် တွဲဖက်အတွင်းရေးမှူး အမှတ်(၂)စက်မှုဝန်ကြီးဌာန

စာမျက်နှာ ၉ ကော်လံ ၅ သို့ ✧

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များ မင်းပြားမြို့နယ် ကမ်းနီကျေးရွာအနီးရှိ ကြက်တက်ချောင်း ရေလှောင်တမံလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း မြောက်ဦး–အမ်းလမ်းပိုင်း လမ်း၊ တံတားများနှင့် မင်းပြားမြို့နယ် ကြက်တက်ချောင်း ရေလှောင်တမံ တည်ဆောက်မှုလုပ်ငန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၁

ရခိုင်ပြည်နယ် မြောက်ဦးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧပြီ ၁၉ ရက် နံနက် ၈နာရီတွင် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ဦးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စေတီ၊ ဘုရားပုထိုးများ၏ ဘက်စုံပြုပြင်ရေးလုပ်ငန်းများကို စစ်ဆေးမှာကြားသည်။

ကြိုဆို

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့်အဖွဲ့သည် ကိုးသောင်းပုထိုးတော်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးတင်လှိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

အီလက်ထရွန်နစ်နည်းစနစ်သုံး ပညာရေးစီမံခန့်ခွဲမှုသင်တန်း တိုက်ရိုက်ထုတ်လွှင့်ပို့ချမည်

ရန်ကုန် ဧပြီ ၂၁

မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ ပြည်နယ်နှင့်တိုင်း ပညာရေးမှူးများ၊ လက်ထောက် ပြည်နယ်/တိုင်း ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ လက်ထောက်မြို့နယ် ပညာရေးမှူးများ၊ အခြေခံပညာ ကျောင်းအုပ်ကြီးများ၊ အခြေခံပညာ ဦးစီးဌာန ရုံးချုပ်များရှိ စီမံခန့်ခွဲရေး ဆိုင်ရာ အရာထမ်း၊ အမှုထမ်းများ၊ ပညာရေးကောလိပ်များမှ ကျောင်းအုပ်ကြီးများနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရန်နှင့် ပညာရေးဆိုင်ရာ လုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်နိုင်မှုစွမ်းရည်

စာမျက်နှာ ၉ ကော်လံ ၃ သို့ ❍